MYANMAR
# ICT JOURNAL
WEEKLY JOURNAL OF INFORMATION AND COMMUNICATIONS TECHNO
အိုင်စီတီ ဂျာနယ်| VOLUME 2, ISSUE 4 THE WEEK OF JAN 28 - F
WWW.MYANMARICT.COM






## LINCOLN MKX
2013

မြန်မာပြည်ကို နည်းနည်းလေး အာရုံစိုက်လာတဲ့ Google

..........................................



## Firefox OS
မိုဘိုင်းလ် စစ်ပွဲမှာ အဆင်ပြေပါ့မလား

ကမ္ဘာ့အပါးဆုံး မော်နီတာ ထုတ်တဲ့ AOC ရဲ့ ၂၀၁၃ အတွက် ပြင်ဆင်မှုများ

..........................................



## Car accessories for iPhone

မြန်မာ့ ဆက်သွယ်ရေးနှင့် မလေးရှားနိုင်ငံ ဆက်သွယ်ရေး နှိုင်းယှဉ်ချက်

..........................................

အိုင်စီတီခေတ်ကြီးအတွက် "မြန်မာစာသည် ဒို့စာ . . ." ပြန်ဖြစ်ဖို့ အချိန်တန်ပြီ

..........................................

Canada နိုင်ငံ Memorial University နှင့် ချိတ်ဆက်မည့် ပြည်တွင်း University Foundation Programme

IMPROVED
**SHOP**
WEEKLY
INCLUDED






Model: ရတနာဖြူဖြူအောင်, Makeup: မေစံပယ်ညို, Photography: သိန်းဇော်ဝင်း (Photo Magic)


ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ်
အထူးလျှော့ဈေး
MATRIX
ကွန်ပျူတာ နှင့် ဆက်စပ်ပစ္စည်းများကို သက်သာသောဈေးနှုန်း၊ မြင့်မားသောနည်းပညာ၊
စိတ်ချရသောယုံကြည်မှု၊ အကောင်းဆုံးဝန်ဆောင်မှုများဖြင့် . . .
Matrix.
COMPUTER & MOBILE
SALES & SERVICE CENTRE
e-mail: matrixcomp@gmail.com, www.matrixcomputermyanmar.com
Touch
U 8825 GSM 108000/-Ks
U 8950 GSM 155000/-Ks
U 8825 CDMA 105000/-Ks
HUAWEI
U 8951 GSM 120000/-Ks
U 8833 GSM 100000/-Ks
U 9500 235000/-Ks
U 8818 GSM 105000/-Ks
U 8815 GSM 105000/-Ks
U 8655 CDMA 105000/-Ks
U 8812 CDMA 99000/-Ks
Key Pad
T 3061 27000/-Ks
C 5736 45000/-Ks
G 3511 22000/-Ks
T 5050 27000/-Ks
U 28000 20000/-Ks
T 158 15380/-Ks
Apacer
4GB Memory Stick အား
Technology and Aesthetics
၃၀၀၀ ကျပ် ဖြင့်ပထမဦးဆုံးဝယ်ယူသူ
(၁၀၀)ဦး အားရောင်းချပေးပါမည်။
ဝယ် ဝယ်၊ မဝယ်ဝယ်
လာရောက်ကြည့်ရှုရုံဖြင့်
ဆိုင်သစ်ဖွင့်ပွဲအထိမ်းအမှတ်အဖြစ်
လက်ဆောင်ပစ္စည်းများ ပေးနေပါသည်။
ဆိုင်သစ်ဖွင့်ပွဲ (၂၄၊၁၊၁၃) မှ (၃၁၊၁၊၁၃) ရက် အထိသာ
Computer, Mobile Handset နှင့် it ပစ္စည်းမျိုးစုံအားလည်း
အထူး Discount များပေး၍ရောင်းချပေးနေပါသည်။
အမှတ် ၁၉၅၊ ၂၆(ဘီ) လမ်း၊ ၈၀ × ၈၁ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း - ၀၂ - ၆၈၁၀၂၊ ၃၃၉၃၉၊ ၀၉ - ၈၇၆၂၇၈၅
အမှတ် ၃၂၅/အေ၊ ဗိုလ်အောင်ကျော်လမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း - ၀၁ - ၂၄၅၅၈၀၊ ၀၉ ၇၃၀ ၅၁၆၇၉၊ ၀၉ - ၅၂၁ ၂၇၆၅
ရန်ကုန် - (၂)အမှတ် ၁၁၆၊ ဆိပ်ကမ်းသာလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်။
ဖုန်း - ၀၁ - ၂၅၀၀၈၄၊ ၀၉ ၅၃ ၄၀၈၅၀


Type
Automation Systems
Sliding Gate Opener
428
LYNEX
Flashing Lamp with built-in Siren
New!
Infra-Red Photo Cell
New!
switch control panel
New!
Remote transmitter
Distributed by Sky World Co.,Ltd.
#011A, Shwemyayar Complex, Myayargone Street, Mingalartaungnyunt Tsp., Yangon, Myanmar.
Tel: 01 8619168, 09 420108694, 09 43099000, 09 73164857, 09 5113005, 09 5081714


Dr.Use
Computer Sales & Service
DeskTop Use To LapTop New
LapTop Use To DeskTop New
အဟောင်းပေး
အသစ်ယူအစီစဉ်
intel
acer
lenovo
ASUS
hp
DELL
msi
No.124 .39 St.(Low Block) Kyauktada Tsp Yangon
Ph.01.391114 ,0973037333. OpenDaily(9:00AM To 6:00PM

# Regent Business Academy

Creating Business Leaders

## Your First Choice For Business Education

University of Wales (UK) မှ တိုက်ရိုက်ချီးမြှင့်သော စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့ကို ရယူလိုသော ကျောင်းသူ၊ ကျောင်းသားများအတွက် မြန်မာပြည်တွင် ပထမဦးဆုံး Regent Business Academy တွင် စတင်တက်ရောက်ခြင်းဖြင့် ဂုဏ်ယူနိုင်ပါသည်။

- တက္ကသိုလ်ဝင်တန်း (သို့) iGCSE အောင်မြင်ပြီး ပြည်တွင်းတွင် UK မှပေးအပ်သော Diploma နှင့် Bachelor Honous Degree ရယူလိုသူများအတွက်

☆ BSc(Hons) in Business Administration(Marketing)(UK)

☆ International Advanced Diploma in Business(UK)

☆ International Diploma in Business(UK)




- မြန်မာပြည်မှ စီးပွားရေးဘွဲ့ (သို့) ABE, Thames, ICM, CIM, NCC Advanced Diploma in Business(UK) အောင်မြင်ပြီးသူများ ပြည်တွင်းတွင် University of Wales (UK) မှတိုက်ရိုက်ချီးမြှင့်သော BSc(Hons) Business Administration (Marketing) ဘွဲ့ကို ဆက်လက်တက်ရောက်ရယူနိုင်ပါသည်။

ENROLL NOW

အမှတ် B (42)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - (၀၁) ၅၀၄၃၆၉၊ ၀၉-၅၀၄၁၅၁၅၊ ၀၉-၇၃၀၀၇၈၈၈



# Golden Dragon

## GOLDEN DRAGON TRADING, LLC

WE SPECIALIZE IN BRAND NEW CARS Only From USA, UK & UAE

Hotline 09-7325-4355




HIRE PURCHASE Available

ကားကုမ္ပဏီများအတွက်

USA (CANADA), UK & DUBAI (UAE) နိုင်ငံမှ
BRAND NEW 'O' MILEAGE ကားများကို
CIF ရန်ကုန်ဈေးဖြင့် တင်သွင်းရောင်းချပေးနေပါသည်။
2012, 2013 MODEL BRAND NEW ကားများကို
WHOLESALES (လက္ကား) မှာယူတင်သွင်းရောင်းချပေးနေပါသည်။

BRAND NEW ဆိုသည်မှာ 'O' to '100' ကားများကို ဆိုလိုခြင်းဖြစ်ပြီး
MILEAGE '100' ကျော်ပါက BRAND NEW ကားဟု သတ်မှတ်၍ မရနိုင်ပါ။


2012 Cadillac SRX


2012 Range Rover Evoque


2013 Lexus LX570


2013 BMW X6M


2013 Toyota GT86

**U.S.A. Office**
2005 ORANGE STREET, UNIT-E, ALHAMBRA, CA 91803, U.S.A.
Tel: 1(626)379-7566 Fax: 1(626)289-0308
www.goldendragontrading.com

**Yangon Office**
GAME CITY, ZOOLOGICAL GARDEN, BO MIN GAUNG STREET,
YANGON, MYANMAR. Tel: 95 (09) 732 54355
sales@goldendragontrading.com

**Yangon Showroom (KSTM Showroom)**
NO.9 (E/2), KABAR AYE PAGODA ROAD,
MAYANGONE TSP, YANGON, MYANMAR.
www.facebook.com/GoldenDragonTradingLLC

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL


# WHO WE ARE

## MYANMAR ICT JOURNAL

| | |
|---|---|
| Telephone | (01) 430-897, (01) 553-918 |
| Email (Ad) | advertising@myanmarict.com |
| Email (News) | newsroom@myanmarict.com |
| Email (Classified) | classified@myanmarict.com |
| SubscribeICT | circulation@myanmarict.com |
| Website | www.ict.com.mm |
| | www.facebook.com/myanmarict |
| Head Office | 58B, Myanma Gon Yaung Housing, Than Thu Mar Road, Tamwe Township, 11211, Yangon, Myanmar. |

## EDITORIAL TEAM

| | |
|---|---|
| CEO | Phyo Min Min |
| Editor in Chief | |
| Editor | XOXO |
| Feature Editor | Win-win, Dr. PTS, Ma Ma Zee Kwet, Ma Naw Phyu Lay |
| | APT, TZO, Nay Aung Latt, Awng Li Maran |
| | Jet Sin, Myo Zin, iGeek, Key |
| Proof Editor | Shwe Lann Ngwe Lann, Thandar Su Htwe |
| | Kyawt Kyawt Paing |
| Editorial Assistant | Wai Wai Tun |
| Illustration | Ko Ko Aung |
| Photographer | Thein Zaw Win (Photo Magic) |
| Art Director | Media Lane, The Creative Agency |
| Film | Eagle Press Colour Separation |
| Printing | Seik Ku Cho Cho |

## ADVERTISING

| | |
|---|---|
| Snr. Marketing | Thwe Thwe Aye, |
| Coordinator | May Thu Kyaw, Thwe Thwe Phyo, Hnin Wai Aung |

## CIRCULATION/DISTRIBUTION

| | |
|---|---|
| Manager | U Aung Than Htun |
| Coordinator | Thein Linn, Thein Kyaw Moe |

မြန်မာအိုင်စီတီဂျာနယ်ကို ယာယီမှတ်ပုံတင်အမှတ် ၁၅၂၁ ဖြင့် ထုတ်ဝေပါသည်။





# အခွင့်ကြုံဖွယ်ရာ ချိုသာသော ဈေးနှုန်းများနှင့် အကောင်းဆုံးဝန်ဆောင်မှုများပေးမည့် Matirx II ဆိုင်သစ်ဖွင့်လှစ်ခြင်း






၂၀၁၃ ခုနှစ် ဇန်နဝါရီလ (၂၄) ရက်နေ့တွင် စတင်ဖွင့်လှစ်သော Matirx II ဆိုင်သစ်ဖွင့်ပွဲ အထိမ်းအမှတ် Promotion အနေဖြင့် ပထမဦးဆုံး လာရောက်ဝယ်ယူသူ အယောက်(၁၀၀) အား ၅၀၀၀ ကျပ်တန် Memory 4G များကို ၃၀၀၀ ကျပ်ဖြင့် အရှုံးခံရောင်းချပေးမည်။ မည်သည့် Hawei ဟန်းဆက်များကိုမဆို ဇန်နဝါရီလ (၂၄)ရက်နေ့မှ (၃၁)ရက်နေ့အထိ အမြတ်မယူဘဲ အရင်းအတိုင်း ရောင်းချပေးသွားမည်ဖြစ်ပြီး Software များ၊ Application များအား အခမဲ့ထည့်သွင်းပေးမည်ဖြစ်သည်။ အထူး Promotion အနေဖြင့် ဆိုင်သို့ဝင်ရောက်ကြည့်ရှုသူများ၊ ဝယ်ယူသူများအားလုံးကို LCD Screen Protectior/ Dust Cover တစ်ခုစီ လက်ဆောင်ပေးအပ်သွားမည်ဖြစ်သည်။ ထို့အပြင် ဆိုင်ဝန်ဆောင်မှုများအနေဖြင့် ဟန်းဆက်ပြုပြင်ခြင်း၊ ကွန်ပျူတာပိုင်းဆိုင်ရာ Software, Hardware, Printer များ ပြုပြင်ခြင်း စသည်တို့ကို သက်ဆိုင်ရာ တက်ကျွမ်းနားလည်သူများနှင့် နေ့ချင်းအပြီး အကောင်းဆုံးဝန်ဆောင်မှု ပေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။ ဝယ်ယူအားပေးလိုသူများအနေဖြင့် Matirx II Computer Mobile Show Room၊ အမှတ် (၁၁၆)၊ ဆိပ်ကမ်းသာလမ်း၊ (အောက်ဘလောက်) ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁-၂၅၀-၀၈၄/ ၀၉-၅၃၄-၀၈၅-၀ သို့ ဝယ်ယူအားပေးနိုင်ပြီဖြစ်ကြောင်း သတင်းရရှိပါသည်။

# New Lenovo Experiences Store ဖွင့်လှစ်ခြင်း




Lenovo Notebook, Desktop နှင့် Lenovo PC ဆက်စပ်ပစ္စည်းများကို ရောင်းချသည့် KMD Company Ltd ၏ New Lenovo Experiences Store ဖွင့်လှစ်သည့် အခမ်းအနားကို ရန်ကုန်မြို့၊ ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ရှိ New Lenovo Experiences Store တွင် ဇန်နဝါရီလ၊(၁၇)ရက်နေ့၊ နံနက်(၉:၃၀) တွင် ကျင်းပပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

Lenovo Experiences Store အား KMD Company Ltd ၏ President ဒေါ်တင်တင်အေးနှင့် Lenovo Country Manager Mr.Roland Chew & and Lenovo 4P Manager Mr. Wen Chuan Liu တို့မှ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပါသည်။

အသစ်ဖွင့်လှစ်သည့် Lenovo Experiences Store (ပန်းဆိုးတန်း) တွင် Customer များLenovoProdycts များနှင့်ပတ်သက်၍ အသေးစိတ်လေ့လာ နိုင်ရန်နှင့် သိလိုသောအချက်အလက်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ၎င်းနေ့တွင် လာရောက်ဝယ်ယူအားပေးခဲ့ကြသော Customer များအား Laptop Carry Case, Mouse Pad, USB Mouse, Keyboad Cover, Cleaning Kit, McAfee Internet Security (3 years) License, ဗလာမပါ Lucky Draw နှင့်အတူ ပထမဦးဆုံး ဝယ်ယူသူအယောက်(၃၀)အတွက် Cash Back $ 50 အား ပြန်လည်ပေးအပ်ခဲ့သည်။ အသစ်ဖွင့်လှစ်သည့် LES တွင် Customer များအတွက် အဆင်ပြေချောမွေ့သော ဒီဇိုင်းအသွင်အပြင်နှင့် စုံလင်သော Lenovo Products မျိုးစုံကို တွေ့မြင် ထိတွေ့ခံစားနိုင်သော အတွေ့အကြုံကို ရရှိနိုင်မည်ဖြစ်သည်။ ထို့အပြင် LES တွင် Customer များ Experiences Sales ကို ပျော်ရွှင်နှစ်ခြိုက်စွာ ရရှိနိုင်ပြီး Promotion ပစ္စည်းများဖြစ်သည့် Lenovo Computer ဆက်စပ်ပစ္စည်းမျိုးစုံကို ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။ Customer များ Lenovo Products များနှင့်ပတ်သက်၍ နောက်ဆုံးပေါ် ပစ္စည်းများကို ဝယ်ယူနိုင်ပြီး နောက်ဆုံးပေါ် Idea Center Desktop နှင့် ideapad Laptop များဖြစ်သည့် YOGA, Y580 တို့ကို ပြသထားမည်။ Lenovo Product များနှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက အမှတ် (၁၇၄-၁၈၂) ပန်းဆိုးတန်းလမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ်။ ဖုန်း-၀၁-၂၄၅၁၈၀၊ ၃၈၅၁၇၇၊ ၃၇၃၀၂၆ သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။


Giving Shape to Ideas
KONICA MINOLTA
the new wave of color
Find us on Facebook
www.facebook.com/gandamar.mm
Gandamar Facebook Promotion
Deadline - 28th Feb
www.facebook.com/gandamar.mm တွင် Like လုပ်ရုံဖြင့် ရရှိနိုင်မည့် အခွင့်အရေး
www.facebook.com/gandamar.mm မှ Customer Appreciation Form ကို Download ရယူပြီး gandamar.mm@gmail.com သို့ ပေးပို့ရုံဖြင့် ရရှိနိုင်မည့် အခွင့်အရေး
1. 10 Lucky Winners - Give us your Photos & we will make Photobook for you
2. 10 Lucky Winners - 50 Visiting Card (We design for you)
3. 4 Lucky Winners - PagePro 1390MF (All-in-one Laser Printer)
- PagePro 1380MF (All-in-one Laser Printer)
- Magicolor 1600W (Color Laser Printer)
- PagePro 1350W (Laser Printer)
1. 20 Lucky Winners - Give us your Photos & we will make Photobook for you
2. 4 Lucky Winners - PagePro 1390MF (All-in-one Laser Printer)
- PagePro 1380MF (All-in-one Laser Printer)
- Magicolor 1600W (Color Laser Printer)
- PagePro 1350W (Laser Printer)
3. Special Discount on any items at Gandamar (5-15% off)
Lucky Draw Prices
Page Pro 1390W
All-in-One Laser
Print/Copy/Scan/Fax
Page Pro 1380W
All-in-One Laser
Print/Copy/Scan
Page Pro 1350W
Laser Printer
magicolor 1600W
Color Laser Printer
Visiting Card
(with your name)
Photobook
(with your photos)
bizhub
MULTIFUNCTION COPIER
bizhub 164
A3 B/W Copier
A3 Copier/Printer/Scanner
Myanmar's Favourite A3 Copier
magicolor
COLOR LASER PRINTER & ALL-IN-ONE
Myanmar's Most Popular Color Laser Printer
magicolor 1690MF
All-In-One Color Laser
Print/Copy/Scan/Fax/Network/ADF
YGN Authorized Dealers
Technoland: 73024327, 73024328
Unique: 391789, 398436
Idea Link: 376212, 73026840
King Power: 385824, 398008
King Empire: 398129
I.C.E: 214808, 216484, 215353
INNWA: 385183
Golden Rain: 383659
KSW: 398037, 246837
TPP: 385501, 73048948
WAI YAN: 400775, 400776
Chan Mon: 243133, 09-73177334
Lin Thuzar: 377373, 389395
T-LAND: 382868, 398343
Asia Tech Computer Sale & Service: 374410
Mandalay Authorized Dealers
Technoland: 95-9-910 24812, 95-9-2016125
INNWA: 02-71108
Printer City: 02-23255, 09-2014418
Moneywar Authorized Dealer
NG Link Computer: 09-400401984
Mawlamyaing Authorized Dealer
ကွင်ထဝ် ကွန်ပျူတာ၊ မိတ္ထူ: 057 24167
Magway Authorized Dealer
မင်းနွယ်: 09-5342716, 09-6560281 063-26704, 063-27366
Loikaw Authorized Dealer
Nice Computer & Mobile: 09-41007631
J & K: 09-5601215,09-458000143,083-21302
Taunggyi Authorized Dealer
ရှမ်းညီနောင်: 09-431060000,0949357657
TEQ: 09-5215759
မြင့်မိုရ်: 095213125
Authorized Distributor: GANDAMAR O.A. & Business System
Hot Line : 383932, 383934
YGN : No. 18-24, Kun Gyan Road, Aung San Stadium Bldg. (S)
Tel : (95-1) 383932, 383934 Email : mandalarstar@gmail.com
NPT : No.(166),Thiri Yadanar Shopping Complex Tel : 067-421212


NK DO DO KO KO
Computer & Electronics Sales Centre
ဈေးနှုန်းအချိုဆုံးအသစ်စက်စက်
အထူးလျှော့ဈေး P4 Desktop + 17" LCDအစုံ
Present { Japan Keyboard +Mouse }
- Celeron 2.66GHz
- 512 MB
- 40 GB
- CD Rom
With 17"LCD
85,000/-Ks
Samsung
335E4X-A02
315,000/-KS
* AMD Fusion E1-1200 with Radeon (tm) HD Graphics (2CPUs), ~1.4GHz
* 2 GB DDR3 RAM
* 320GB HDD
* 994MB Graphic
* DVD RW, Wifi, Bluetooth HDMI, Cardreader
* Gift - Bag (original)
BRAND NEW
- နေရာယူမှုသက်သာပြီး မီးစားအလွန်သက်သာသော
- အဆင့်မြင့်မြင့်သုံးလိုသူများအတွက် Dual core All in One (Pc Attach Desktop)
All In One PC
FUJITSU
* Celeron 2.7 GHz
* 512MB DDR
* 80 GB
* 128 VGA
* DVD RW
* SD Card, AV
* 17" Crystal bright
125000/-
FUJITSU / NEC
* Celeron Dual Core 3.06GHz
* 1GB DDR II
* 250 GB
* DVD RW
* SD Card, AV
* 17" Crystal bright
165000/-
Present ( Keyboard + Mouse )
LCD TV & Monitor များကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးနေပါပြီ။
DELL, HP, IBM
* 15" LCD - 30000/-
* 17" LCD - 40000/-
20" LCD TV - 70000/-
- ဈေးနှုန်းအချိုဆုံး (Core 2duo & Core Solo) Made In Japan စက်များ
NEC VY17T/XF-3
* Celeron M 1.73GHz
* 1 GB DDR
* HDD 40GB
* 128MB VGA
* CD Rom
* 15.1" TFT
85,000/-
TOSHIBA Satellite J60
* Core Solo 1.8GHz
* 512GB DDRII
* HDD 40GB
* 256MB VGA
* DVD Combo
* LAN
* 15.1" TFT
129,000/-
hp nc 6400
* Core2Duo-1.6GHz
* 1 GB DDRII
* 80 GB SATA
* 256MB VGA
* DVD Combo
* Wifi
* 14" TFT
195,000/-
* ရန်ကုန်(ကျောက်တံတား) အမှတ်(၂၄၄)၊ ဆိပ်ကမ်းသာလမ်း(အပေါ်)၊ ဖုန်း- ၃၈၈၆၅၄၊ ၃၈၉၀၆၇၊ ၀၉-၅၁၃၈၉၃၂၊ ၀၉-၅၁၃၇၈၄၀
* ရန်ကုန်(တောင်ဥက္ကလာ) အမှတ်(၈၅၀)၊ သံသုမာလမ်း (၁၀)ရပ်ကွက် (မိုးဆွေ ကားမှတ်တိုင်အနီး) ဖုန်း- ၀၉-၇၃၁၆၁၂၀၇၊ ၅၇၉၇၈၁
* ရန်ကုန်(မြောက်ဥက္ကလာ) အမှတ်(၉၂၂)၊ သုခမာလမ်း၊ (ဈ)ရပ်ကွက်(၆-ကွေ့ ကားမှတ်တိုင်အနီး)၊ ဖုန်း- ၉၆၉၀၁၇၅၊ ၀၉-၅၁၂၄၁၄၁
* မန္တလေး အမှတ်(၂၁၀)၊ (၃၁)လမ်း၊ ၈၃× ၈၄ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း- ၀၂-၇၁၇၆၈
* ပဲခူး အမှတ် (၁)၊ မင်းလမ်း ဇိုင်းဂနိုင်းမြောက်ပိုင်း၊ ပဲခူးမြို့။ ဖုန်း-၀၉-၇၃၁၁၈၃၅၀၊ ၀၉-၄၉၅၇၁၁၄၂

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

# ကမ္ဘာ့အပါးဆုံး မော်နီတာ ထုတ်တဲ့ AOC ရဲ့ ၂၀၁၃ အတွက် ပြင်ဆင်မှုများ









ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ကျင်းပခဲ့တဲ့ REACH 2013, AOC Disty Conference သို့ ကမ္ဘာတစ်ဝှမ်းမှ AOC Display ကို တရားဝင် ဖြန့်ဖြူးရောင်းချသူများ တက်ရောက်ခဲ့သည့်အပြင် ထိုင်းနိုင်ငံရှိ ကွန်ပျူတာ အရောင်းဆိုင်ကြီး အချို့လည်း တက်ရောက်ခဲ့သည်ဟု သတင်းရရှိပါသည်။ ထိုကွန်ဖရင့်စ်သို့ မြန်မာနိုင်ငံမှ AOC တင်သွင်းဖြန့်ချိသော တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်သည့် Star Universe, Authorised IT Distributor မှ တာဝန်ရှိသူများလည်း တက်ရောက်ခဲ့သည်ဟု ဆိုသည်။

AOC Monitorသည် ကမ္ဘာပေါ်ရှိ မော်နီတာများထဲတွင် အပါးလွှာဆုံး မော်နီတာ ဖြစ်သည့်အပြင် IPS Display Panel ကို အသုံးပြုထားသည့်အတွက်ကြောင့် အာရှပစိဖိတ်မှာ နံပါတ် (၁) အရောင်းရဆုံး မော်နီတာအဖြစ် ဈေးကွက်ထဲမှာ နေရာယူလျက်ရှိသည်။

ကွန်ဖရန့်စ်သို့ တက်ရောက်ခဲ့သည့် ပြည်တွင်းမှ ကိုယ်စားလှယ်များ၏ အဆိုအရ AOC ဆိုတာ အမေရိကမှ အစပြုခဲ့သည့် အမေရိကန် ဘရန်းဖြစ်သည့်အတွက်ကြောင့် အခြား အပေါစား တရုတ် မော်နီတာများလို မဟုတ်ဘဲ သူတို့ရဲ့ Product များကို ဒီဇိုင်းပိုင်းတင်မကဘဲ အသုံးပြုထားသည့် Component များကိုပါ ကမ္ဘာ့အဆင့်မီ ထုတ်လုပ်ထားသည် ဟု ဆိုသည်။

၂၀၁၃ အတွက်လည်း လက်ရှိ အောင်မြင် နေတဲ့ Monitor များနှင့်တင် ရပ်သွားမည် မဟုတ်ဘဲ AOC Tablet နှင့် Smart Display များကို Google Android System အသုံးပြုပြီး ထုတ်လုပ်ဖို့ အစီအစဉ်ရှိကြောင်းနှင့် ကွန်ဖရန့်စ်၌ ၂၀၁၃ မှာ ဆက်လက် ထွက်ရှိလာမည့် မည်သည့် မော်နီတာမျိုးမှာပါ မတွေ့နိုင်တဲ့ Porche မှ ဒီဇိုင်းထွင်ပေးထားတဲ့ 29 လက်မ အရွယ်အစားရှိ မော်နီတာနှင့်အတူ

အခြား ရှုမငြီးဖွယ် ဒီဇိုင်းအသစ်များဖြင့် ထုဆစ်ထားသည့် AOC Monitor အသစ်များကို ပြသခဲ့သည်ဟု သိရသည်။

Star Universe မှလည်း Next Generation AOC မော်နီတာများကို ပြည်တွင်းရှိ အိုင်စီတီ ချစ်သူများထံသို့ အရောက်ပို့ဖို့အတွက် အမြန်ဆုံး ဖြစ်အောင် ကြိုးစားနေကြောင်း သတင်းရရှိသည်။

# ချစ်သူများနေ့အတွက် KMD apple ၏ အထူးအစီအစဉ်




Image Credit: todaynewz.com

KMD Sales Centre မှ ချစ်သူများနေ့တွင် မိမိချစ်သော သူများအတွက် apple ပစ္စည်းလေးများကို တစ်မူထူးခြားစွာ လက်ဆောင်ပေးနိုင်ရန် အစီအစဉ် လေးတစ်ခုကို ပြုလုပ်ထားကြောင်းသိရသည်။

ထိုအစီအစဉ်မှာ apple ပစ္စည်းများ ဖြစ်သော New iPad, iPad 4, iPad mini, iPod Touch, nano, Shuffle များပေါ်တွင် ကိုယ့်စိတ်ကြိုက် အမှတ်တရ စာသားလေးများ ရေးထိုးထားနိုင်ကြောင်း သိရသည်။ iPad နှင့် iPad mini ပေါ်တွင် လိုင်း(၂)လိုင်းရေးထိုးနိုင်ပြီး၊ စားလုံးအရေအတွက်မှာ (၃၄)လုံး၊ iPod(5) နှင့် iPad nano တွင် လိုင်းအရေ အတွက်(၂)လိုင်း၊ စားလုံးအရေအတွက် (၃၃)လုံး၊ iPod(4) တွင် (၂)လိုင်း၊ စာလုံးအရေအတွက် (၂၉)လုံး၊ shuffle တွင် လိုင်း(၁)လိုင်း၊ စာလုံးအရေအတွက် (၂၀)အထိ ရေးထိုးနိုင်ကြောင်းသိရသည်။ ထိုစာလုံးများ အချိန်မီရေးထိုးနိုင်ရန်အတွက် ၂၀၁၃ခုနှစ်၊ဖေဖော်ဝါရီလ၊(၇)ရက်နေ့ နောက်ဆုံးထားပြီး Order များမှာယူနိုင်ပြီ ဖြစ်ကြောင်းသိရသည်။ ဒါ့အပြင် original apple product များ နှင့် accessories များကိုလည်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ပြီး၊ အသေးစိတ်သိလိုပါက ဖုန်း-၃၈၅၁၇၇၊ ၃၈၅၈၇၇၊ ၂၄၅၁၈၀ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်းသိရသည်။

# ILBC ၏ (၇)ကြိမ်မြောက် ၂၀၁၃ Arts & Science Fair




နှစ်စဉ်ကျင်းပမြဲဖြစ်သော ILBC ၏ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ ပူးပေါင်း၍ စွမ်းရည်ဖော်ထုတ် တင်ပြမည့် ILBC Arts & Science Fair (2013) ကို ဇန်နဝါရီလ(၂၇) ရက်နေ့တွင် နံနက်(၉) နာရီမှ ညနေ(၄) နာရီအထိ၊ အမှတ်(၃၄)၊ လေးထောင့်ကန်လမ်းမကြီး၊ တာမွေမြို့နယ်ရှိ ILBC School Compus တွင် ခင်းကျင်းပြသမည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများနှင့် မိဘပြည်သူများ အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရှိရပါသည်။

## 1 **Mobile Stand** For Tablet PC



iPad, Galaxy Pad စသည့် တန်ဖိုးကြီး Tablet များနှင့် Mobile Device မျိုးစုံအား ထောင်ရက်အနေအထား ထောက်ထားပြီး စာဖတ်ခြင်း၊ ဂိမ်းဆော့ခြင်း Movie ကြည့်ခြင်း စသည့်များကို စမတ်ကျစွာ ပြုလုပ်ရနိုင်သော Mobile Stand လေးပဲ ဖြစ်ပါတယ်။

Portable Mobile Stand ဖြစ်သည့်အတွက် သွားလေရာ ခေါက်၍ ကျစ်လစ်စွာ သယ်ယူသွားနိုင်ပြီး လိုအပ်သည့် နေရာရောက်မှ ဖြန့်ထုတ်ကာ Tablet, Pad များအား တင်၍ သုံးစွဲနိုင်ပါသည်။

ကွာလတီမြင့်မြင့် Metal စပ်သတ္တုဖြင့် ပြုလုပ်ထားပြီး Rubber အထိန်းများဖြင့် ထပ်မံအားဖြည့်ထားသည့်အတွက် Tablet များအား လျှောကျခြင်းမရှိရန် မြဲမြံစွာ ထိန်းထားနိုင်ပါတယ်။ Mobile Stand သုံးခြင်းဖြင့် Tablet အား လက်ဖြင့် အကြာကြီး ငုံ့ကြည့်ရသဖြင့် ဇက်ညောင်းခြင်း ဒုက္ခမှ ကင်းဝေးမည်ဖြစ်သည်။




## 2 **Power Blue** LH-800 Bluetooth Earphone

Power Blue LH-800 လေးကတော့ ကားမောင်းရင်းပဲ ဖြစ်ဖြစ် ဆိုင်ကယ်စီးနင်းရင်းပဲ ဖြစ်ဖြစ် အသုံးပြုနိုင်တဲ့ Earphone ပဲ ဖြစ်ပါတယ်။ စတိုင်ကျပြီး လှပတယ်။ Bluetooth V2.1+EDR ဖြစ်တာကြောင့် ချိတ်ဆက်ရတာ လွယ်ကူတယ်။ မည်သည့် Bluetooth ပါတဲ့ Device တွေမဆို ချိတ်ဆက်နိုင်တယ်။ Bluetooth ချိတ်ဆက်ထားပြီး 10m အကွာအထိ ဖုန်းပြောနိုင်သလို Music လည်း နားထောင်နိုင်တယ်။ Charging သွင်းချိန် (၃) သာ လိုအပ်ပြီး ဖုန်းပြောရုံသက်သက်အတွက် အချိန် (၆) နာရီအထိ အသုံးပြုနိုင်ပါတယ်။ Standby အတွက် အချိန် နာရီ (၂၀၀) အထိ အထားခံနိုင်ပါတယ်။

သီချင်းသီးသန့် နားထောင်နိုင်မယ်ဆိုရင်တော့ အချိန် (၅)နာရီ အသုံးပြုနိုင်ပါတယ်။ လှပတဲ့ အနက်ရောင်နှင့် ဒီဇိုင်းစုံလင်တဲ့ Power Blue Earphone ကို ကျပ် (၂၅၀၀၀) ဖြင့် SCS Computer Phone No : 01-290384, 09-73000101 တွင် ဝယ်ယူရရှိနိုင်ပါတယ်။

## 3 **iPad 2/3** New Cover

ဒီဇိုင်းလဲ လှတယ်။ ကာလာရောင်စုံ ရရှိနိုင်တယ်။ သူ့ရဲ့ထူးခြားမှုကတော့ ပုံမှန်အရိပ်ထဲမှာ မူလ အရောင်ဖြစ်နေပြီးတော့ နေရောင်ဖြင့် ထိတွေ့လိုက်မယ်ဆိုရင် မူလရောင် ပျောက်ပြီးတော့ နောက်ထပ် Colour တစ်မျိုး ပေါ်လာမှာပဲဖြစ်ပါတယ်။ ဈေးနှုန်း 11000ks ဖြင့် SCS computer Ph:01-290383,09-73000101 တွင် ဝယ်ယူရရှိနိုင်ပါတယ်။






## 4 **TP-Link** SC4171G Intelligent iP Camera

Intelligent iP Camera လေးပဲ ဖြစ်ပါတယ်။ ကွန်ပျူတာမှနေ၍ 360 Rotation လှည့်၍ ကြည့်ရှုနိုင်ပြီး အပေါ်၊ အောက်ပါ လှည့်၍ ကြည့်ရှုနိုင်သော Wireless ip Camera လေးပဲ ဖြစ်ပါတယ်။ Shopping Mall များနှင့် ကြီးမားကျယ်ပြန့်သော ဈေးများ၊ ရုံးခန်းများတွင် တပ်ဆင်ရန်အတွက် သင့်တော်ပါတယ်။ Wireless ဖြစ်သည့်အတွက် ဒေတာကြိုးပြေးရန် မလိုအပ်ပဲ Power တစ်ခု တည်းသာ ပေးရန်လိုအပ်သဖြင့် ကြိုးပြေးရန် အခက်အခဲရှိသော နေရာများ အတွက်ပါ အဆင်ပြေပါတယ်။ Wireless N စနစ်ကို အသုံးပြုသဖြင့် Video Steaming Smooth ဖြစ်ပြီး Infrared LED များ ပါရှိသည့်အတွက် နေ့ရော ညပါ မြင်နိုင်စွမ်း ရှိပါတယ်။

အလုံးရေများစွာ တပ်ဆင်၍ ကွန်ပျူတာတစ်ခုတွင်းမှ တိမ်းမြှုပ်ကာ ကြည့်ရှုနိုင်ပြီး ယနေ့အဆင့်မြင့် Shopping Mall များအတွက် အဆင့်မြင့် လုံခြုံရေးစနစ်များပါ Setting ချခြင်းများ ပြုလုပ်နိုင်ပါတယ်။ Internet နှင့် ချိတ်ဆက်ထားလျှင် Local တွင်သာမက အဝေးနေရာများမှာပါ Administrator များအနေဖြင့် IP Camera များအား လှမ်း၍ ကြည့်ရှုခြင်း၊ Configure လုပ်ခြင်းများပါ ပြုလုပ် နိုင်ပါတယ်။ ရောင်းဈေး K 165,000 ဖြင့် Matrix Computer 01-245-580/ 02-681-82 တွင် ရရှိနိုင်ပါတယ်။




## 5 **Digital LED** Writing Board

LED Digital နည်းပညာဖြင့် ပြုလုပ်ထားတဲ့ Writing Board လေးပဲ ဖြစ်ပါတယ်။ Tripod Stand (သုံးချောင်းထောက်) ထောက်လေးပါ ပါဝင်ပြီး စားသောက်ဆိုင်များ၊ ကုမ္ပဏီ၊ ရုံးခန်းများနှင့် ပစ္စည်းသစ် မိတ်ဆက်ပွဲများတွင် မိမိ အထူးတလည် ဖော်ပြချင်သော ပစ္စည်းသစ် ထုတ်ကုန်သစ်များအား ရေးသားဖော်ပြနိုင်သော ပစ္စည်းလေးပဲ ဖြစ်ပါတယ်။

Back Ground LED မိုတ်တုတ် မိုတ်တုတ်ဖြင့် အရောင် ၂၄ ရောင် ပြောင်းလဲပေးနိုင်ပြီး လူအများမြင်ရန် သိသာထင်ရှားလှပါတယ်။ စားသောက်ဆိုင်များတွင်လည်း ယနေ့ အထူးထွက်ရှိသည့် ဟင်းပွဲများ၊ Discount ချသော အမယ်များ စသည့် Customer သိသားထင်ရှားစေလိုသော အရာများကို ရေးသားဖော်ပြ၍ Customer သိသာစေရန် ပြုလုပ်နိုင်ပါတယ်။ ပါဝင်သော Pan ၆ချောင်း (၆ရောင်) ဖြင့် Colour ရောင်စုံ ရေးသားနိုင်ပြီး အလွယ်တကူ ပြန်ဖျက်နိုင်ပါတယ်။ Screen Size 2.5x3" Size ရောင်းဈေး K 40,000 ဖြင့် Matrix Computer Ph: 01-245-580/ 02-681-82 တွင် ရရှိနိုင်ပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

# Micromax A116 Canvas HD

Micromax A116 Canvas HD မိုဘိုင်းဖုန်းဟာ အိန္ဒိယနိုင်ငံထုတ် အရည်အသွေးမြင့် GSM ဖုန်းအမျိုးအစား ဖြစ်ပါတယ်။ Dual SIM ကဒ် အသုံးပြုနိုင်အောင် ပြုလုပ်ပေးထားပါတယ်။ အသုံးပြုနိုင်တဲ့ ကွန်ယက်တွေကတော့ 2G Network (GSM 900/1800-SIM 1 & SIM 2) နှင့် 3G Network (HSDPA 2100) ကွန်ယက်တွေမှာ အသုံးပြုနိုင်ပါတယ်။ ဈေးကွက်ထဲကိုတော့ ၂၀၁၃ ဖေဖော်ဝါရီလ မှာဖြန့်ချိမယ်လို့ သတင်း ထုတ်ပြန်ထား ပါတယ်။ ဒီမတ်ဖုန်းရဲ့ဈေးနှုန်းကတော့ အိန္ဒိယရူဘီ 15,000 သတ်မှတ်ထားပြီး ဒေါ်လာနဲ့ ဆိုရင်တော့ USD 280 သတ်မှတ်ပေးထားပါတယ်။ ဖုန်းမျက်နှာပြင်အရွယ်အစား ၅ လက်မ ရှိပြီး IPS LCD Capacitive Touch Screen Display ကိုအသုံးပြုထားတဲ့အတွက် စိုပြေ တောက်ပတဲ့ ပုံရိပ်တွေကို ခံစားကြည့်ရှုနိုင်မှာပါ။ Resolution ကတော့ 720x1280 pixels ရှိပါတယ်။ တစ်လက်မ Pixel ပမာဏ သိပ်သည်းဆကတော့ 294 ppi ရှိပါတယ်။

ဖုန်းအတွင်းပိုင်း လုပ်ဆောင်ချက်တွေကို လျင်မြန်စွာ စွမ်းဆောင်ပေးမယ့် CPU ကိုတော့ Quad-Core Cortex- A7 CPU (1.2GHz) ကို တပ်ဆင်ထားပါတယ်။ RAM ကတော့ 1GB ရှိပါတယ်။ ရုပ်ထွက်ပိုင်းဆိုင်ရာကို အကောင်းဆုံး ပုံဖော်ပေးနိုင်မယ့် PowerVR Series 5XT GPU ကိုထည့်သွင်းပေးထားပါတယ်။ နောက်ဆုံးပေါ် Android OS အလန်းတွေကို ကြိုက်နှစ်သက်သူတွေအတွက် Android OS Version 4.1 (Jelly Bean) ကို ထည့်သွင်းပေးထားပါတယ်။ အပျော်တမ်း ဓာတ်ပုံနှင့် ဗီဒီယို ရိုက်ကူးရန်အတွက် အနောက်ဘက် ကင်မရာက 8MP စွမ်းရည် ရှိပြီး ကင်မရာရဲ့ Features တွေကတော့ (Geo-tagging, Touch Focus, Face Detection) စနစ်တွေပါဝင်ပါတယ်။ VGA front-facing camera ကိုလည်း တပ်ဆင်ပေးထားပါတယ်။ အချက်အလက်တွေကို သိမ်းဆည်းဖို့အတွက် Built-in Storage 4GB Memory ပါဝင်ပါတယ်။ MicroSD Card ကို 32GB အထိထပ်မံတိုးချဲ့နိုင်ပါသေးတယ်။ Wireless အင်တာနက်ချိတ်ဆက်ရန် Wi-Fi b/g/n ပါဝင်ပြီး Bluetooth, Micro USB, FM radio, GPS အစရှိတဲ့ စနစ်တွေ ပါရှိပါတယ်။ ဘက်ထရီစွမ်းရည်ကတော့ Li-Ion 2100mAh အမျိုးအစားဖြစ်ပါတယ်။

| Camera / Imaging / Video | |
|---|---|
| Camera | 8 MP |
| Resolution | 3264x2448 px |
| Zoom | Yes |
| Flash | Yes |
| Secondary Camera | Yes |
| **Data** | |
| GPRS | Yes |
| EDGE | Yes |
| 3G | Yes |
| Internet Browsing | Yes, Webkit browser |
| **Connectivity** | |
| Bluetooth | Yes |
| Wlan/Wifi | Yes |
| USB | Yes |
| GPS | Yes, Webkit browser |





6

# Singtech Sapphire X41

Singtech ရဲ့ မျိုးဆက်သစ်အဖြစ် ဖြန့်ချိလိုက်သော X41 သည် Singapore နိုင်ငံထုတ် Android Phone (Smart Phone ) အမျိုးအစားဖြစ်သည်။ သွက်လက်မြန်ဆန်သော 1GHz Dual Core ကို ICS ဖြင့် ပေါင်းစပ်ထားပြီး Dual Sim (2G&3G) အဖြစ် အသုံးပြုနိုင်မည်ဖြစ်ပါသည်။ 4.3' TFT 480_800 Pixal Screen ဖြစ်သည့်အတွက် ကြည်လင်တောက်ပမှုရှိပြီး အရောင်အသွေးစိုပြည်သော ရုပ်ထွက်ရရှိမည်ဖြစ်သည်။ ဈေးနှုန်းသင့်တင်ပြီး 1 Year Warranty ပေးထားပါသည်။ ပုံစံဒီဇိုင်းမှာ Simple & Smart ဖြစ်ပြီး Extra Cover (၃) ခုပါရှိပါသည်။ 5MP( Back) ကင်မရာကို Flash နှင့် ၎င်း 1.3MP(Front) Video Call အနေနှင့်ပါသုံးရန် အသုံးဝင်မည် ဖြစ်ပြီး Internal Memory 2GB ဖြစ်ကြောင်း သိရှိရပါသည်။ ဈေးနှုန်းမှာ (၁၆၉၀၀၀) ကျပ် ဖြစ်ပြီး၊ အမြို့မြို့အနယ်နယ်ရှိ Mobile ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက Singtech Show Room - အမှတ် ၂၉၀၊ ပြည်လမ်း၊ (မဟာမြိုင်ကားမှတ်တိုင်အနီး) စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၅၃၆၉၆၆သို့ ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။



7

# HP Pavilion Dv4 5014TX

CPU Core i7 QM-3612 (2.1 GHz), RAM 4GB DDR 3
HDD 750 GB, Graphic Nvidia 2GB
Screen size 14", DVD RW, Bluetooth, WebCam, Mic, HDMI, 6-cell.

CPU Core i7 နောက်ဆုံးပေါ် Thirt Generation ဖြစ်တာကြောင့် မြန်နှုန်းမြင့်နှင့်အတူ 2.1 GHz QM-3621 အထိ ထွက်ရှိမှာ ဖြစ်ပါတယ်။ RAM 4GB DDR3 ကို အသုံးပြုထားတယ်။ Storage သိုလှောင်မှုအတွက် 750 GB Hard Disk ကို အသုံးပြုထားပါတယ်။ Graphic Card ကိုတော့ Nvidia 2GB ဖြစ်တာကြောင့် ဂိမ်းအနိမ့်ကော အမြင့်တွေပါ Resolution ကောင်းမွန် စွာ ဆော့ကစားနိုင်ပြီး Graphic ပါမှသာ အသုံးပြုနိုင်သော Auto CAD, Photoshop လုပ်ငန်းတွေအပြင် အခြားသော လုပ်ငန်းတွေအတွက်ပါ အဆင်ပြေနိုင်မှာ ဖြစ်ပါတယ်။

Screen Size 14" နှင့် ရရှိနိုင်ပါတယ်။ စက်အလေးချိန် ပေါ့ပေါ့ပါးပါး ဖြစ်တာကြောင့် သယ်ယူရတာ လွယ်ကူနိုင်ပါတယ်။ ခရီးသွားရင်း၊ ရုံးသွားရင်း သယ်ယူသွားနိုင်ပါတယ်။ Beats Audio System ဖြစ်လို့ အသံထွက် အထူးကောင်းမွန်ပါတယ်။

ဈေးနှုန်း ကျပ် (၈၇၀,၀၀၀)ဖြင့် SCS Computer Phone No: 01-290384, 09-73000101 တွင် ဝယ်ယူရရှိနိုင်ပါတယ်။

# 8 Samsung Ativ Smart PC

ကိုရီးယားနိုင်ငံရဲ့ နာမည်ကျော် Samsung ကုမ္ပဏီဟာ Tablet နှင့် Laptop နှစ်မျိုး ပေါင်းစပ်ထားတဲ့ Samsung Ativ Smart PC ကိုထုတ်လုပ်လိုက်ပါတယ်။ Intel's Tablet Platform ကိုအခြေခံထုတ်လုပ်ထားပြီး နောက်ဆုံးပေါ် Windows 8 ကိုထည့်သွင်းပေးထားတဲ့ Tablet အမျိုးအစားဖြစ်ပါတယ်။ Laptop အနေဖြင့် အသုံးပြုချင်ရင်တော့ Keyboard Dock ဖြင့်တွဲဖက်ပြီး အသုံးပြုနိုင်ပါတယ်။ Samsung Ativ Smart PC ရဲ့ဒီဇိုင်း ပုံစံက ဆန်းသစ်လှပပြီး ပါးလွှာတဲ့ ကိုယ်ထည်က စတိုင်ကျပြီး ဆွဲဆောင်မှုရှိပါတယ်။ မျက်နှာပြင်အရွယ်အစား 11.6 လက်မရှိပြီး ကြည်လင်ပြတ်သားတဲ့ပုံရိပ်တွေကိုပုံဖော်ပေးမယ့် Display Resolution ကတော့ 1366x768 pixels ရှိပါတယ်။

Samsung Ativ Smart PC ရဲ့ Touchscreen ပိုင်းကို အထူးကောင်းမွန်အောင် ပြုလုပ်ထားပြီး multi-touch စနစ်ကို အသုံးပြုထားတဲ့အတွက် လက်ချောင်းလေးများဖြင့် screen ကို ထိတွေ့လိုက်တာနဲ့ လျင်မြန်စွာ တုန့်ပြန်နိုင်စွမ်းရှိပါတယ်။ Tablet တစ်လုံးရဲ့လုပ်ဆောင်ချက်တွေကို အကောင်းဆုံးစွမ်းဆောင်ပေးမယ့် Processor ကိုတော့ Intel Atom Z2760 (1.8GHz) Processor ကိုတပ်ဆင်ပေးထားပါတယ်။ စိုပြေတောက်ပတဲ့ပုံရိပ်တွေကို PowerVR SGX 545 Graphics ကဖန်တီးပေးပါလိမ့်မယ်။ Memory ကတော့ 2GB DDR2 ရှိပြီး အချက်အလက်တွေ သိမ်းဆည်းဖို့အတွက် 64GB flash storage ကိုထည့်သွင်းပေးထားပါတယ်။ ဓာတ်ပုံ နှင့်ဗီဒီယို ရိုက်ကူးရန် ကင်မရာနှစ်လုံးပါရှိပါတယ်။ အရှေ့ဘက် ကင်မရာကတော့ 2-megapixel ရှိတဲ့ အတွက် video chats တွေကိုပြုလုပ်နိုင်ပါတယ်။ အမှတ်တရဓာတ်ပုံတွေ ရိုက်ကူးရန်အတွက် နောက်ဘက်ကင်မရာက 8-megapixel ရှိပါတယ်။ ကင်မရာနှစ်မျိုး စလုံးဟာ အရည်အသွေးမြင့် 1080p ဗီဒီယိုတွေကို ရိုက်ကူးနိုင် ပါတယ်။ Samsung ဟာသုံးစွဲသူတွေ အဆင်ပြေစေဖို့အတွက် Ativ Smart PC ထဲမှာ Stylus Pen ကို ထည့်သွင်းပေးထားပါတယ်။ တခြား Devices တွေနှင့် ချိတ်ဆက်မှုအပိုင်းကို ကြည့်ရင်တော့ USB 2.0, micro-HDMI, Wi-Fi 802.11 a/b/g/n, Bluetooth 4.0, 3G connectivity အစရှိတဲ့ စနစ်တွေကိုထည့်သွင်းပေးထားပါတယ်။ Tablet ရဲ့အလေးချိန်ဟာ 744g ရှိပါတယ်။ ဘက်ထရီအမျိုးအစားကတော့ 1 Lithium Metal အမျိုးအစားဖြစ်ပါတယ်။ ဘက်ထရီ ခံနိုင်ရည်အားကတော့ အင်တာနက် အသုံးပြုချိန် ၈နာရီ၊ ဗီဒီယိုကြည့်ရှုချိန် ၁၁နာရီ နှင့်အသင့်အနေအထားမှာ မိနစ်ခြောက်ရာအထိ အသုံးပြုနိုင်ပါတယ်။ Samsung Ativ Smart PCကို ဝယ်ယူချင်ရင်တော့ Amazon ကနေ $700 ဖြင့် ဝယ်ယူရရှိနိုင်ပါတယ်။





# မြန်မာနိုင်ငံကို နည်းနည်းလေး အာရုံစိုက်လာတဲ့ Google

သော့



Google ဆိုတာ နည်းပညာလောကမှာ လက်ရှိ အခြေအနေအရ ဘုရင်တစ်ပါး ပါပဲ။ မြန်မာပြည် အပါအဝင် တကမ္ဘာလုံးမှ အင်တာနက် အသုံးပြု သူများ Google Searchကိုမှ မသုံးရရင် လိုချင်တဲ့ အဖြေ ရှာမတွေ့သလိုလို ဘဝင်မကျ ဖြစ်တတ်ကြပါတယ်။

ထိုနည်းတူပဲ Googleရဲ့ အခြား ထုတ်ကုန်များ နှင့် ဝန်ဆောင်မှုများထဲမှ Gmailလို့ ခေါ်တဲ့ အီးမေးလ် ဝန်ဆောင်မှုသည်လည်း မြန်မာလူမျိုး တိုင်းရဲ့ မှုပိုင်လို ဖြစ်နေခဲ့တာပါ။ အီးမေးလ် ဆိုတာနဲ့ Gmail ကောက်ဖွင့်တတ်ကြတဲ့ အကျင့်ကလည်း ကမ္ဘာနဲ့ ရင်ဘောင်တန်းနေပြီ မဟုတ်လား။

သို့ပေမယ့် Googleမှ ၎င်းရဲ့ အခြား စီးပွားရေးနှင့် ပတ်သက်သည့် ဝန်ဆောင်မှုများ ကိုတော့ မြန်မာပြည်မှ ဝယ်ယူအားပေးမှုအတွက် ပိတ်ပင်ထားဆဲဆိုတာကတော့ အံ့ဩစရာပါပဲ။

UKလို နိုင်ငံမျိုးမှာတော့ အရှေ့တစ်ပတ်က ရုံးခွဲများကို ငှားရမ်းနေခြင်းကနေ ရပ်နားပြီး ပိုမို ကောင်းမွန်တဲ့ ဝန်ဆောင်မှုများ ပေးသွားနိုင်ရန် အတွက် မြေနေရာများကို အပြီးအပိုင် ဝယ်ယူပြီး ရုံးခွဲ အသစ်များ ဖွင့်လှစ်သွားမည် ဖြစ်ကြောင်း သတင်းများအရ သိရပါတယ်။

အခြေအနေ အရပ်ရပ်ကြောင့် Googleဟာ သူရဲ့ ဝန်ဆောင်မှုများကို ယနေ့လို အချိန်မျိုးမှာ အရေးတကြီး လိုအပ်နေသည့် မြန်မာပြည်သို့ လှည့်မကြည့် သေးသော်ငြားလည်း ဖြေသိမ့်စရာ လေးများ ရှိကြောင်း မျှဝေချင်ပါတယ်။

၂၀၁၂ နှစ်လယ်ပိုင်းလောက်က စပြီး ပြည်တွင်းမှာ ဝယ်ယူရရှိနိုင်တဲ့ မြန်မာပြည် ကိုယ်စားပြု ".com. mm" ဒိုမိန်းလိပ်စာများကို Google၏ Search စာမျက်နှာများပေါ်တွင် ရှာဖွေ တွေ့ရှိလာနိုင်ခြင်းဟာ ပြည်တွင်းမှ စီးပွားရေး လုပ်ငန်းရှင်များအတွက် မြန်မာကို ကမ္ဘာမှ အသိအမှတ်ပြုလိုက်သည့် အတိုင်းကို ခံစားခဲ့ရပါတယ်။

ဒီမှာတင် မရပ်သွားပဲ ယခုအခါမှာတော့ ကမ္ဘာမှာ မြန်မာလို့ ပုံကြွားစွာ ထောက်ပြနိုင်တဲ့ Google Maps ပေါ်က မြန်မာပြည်ဟာ လမ်းတွေ၊ တံတားတွေ၊ စေတီတွေ၊ ဘုရားတွေ၊ စားသောက် ဆိုင်တွေ၊ ဟိုတယ်တွေ၊ ကွန်ပျူတာ ဆိုင်ကြီးတွေ နှင့် ကျက်သရေ ရှိလာပါပြီ။ ထို့ကြောင့် Googleရဲ့ မြန်မာပြည်အတွက် ဝန်ဆောင်မှု ပေးနေသည် များကို အိုင်စီတီ ပရိသတ်ကြီးအတွက် မျှဝေပေးလိုက်ပါတယ်။

ကမ္ဘာ့နိုင်ငံ တော်တော်များများတွင် နိုင်ငံခြားသား ဧည့်သည်များ၊ နိုင်ငံအတွင်းရှိ မည်သူမဆို တစ်နေရာနှင့် တစ်နေရာ လွယ်ကူစွာ သွားရောက်နိုင်ဖို့အတွက် အရင်ခေတ်ကလို လမ်းညွှန် စာအုပ်များ ကိုင်ဆောင်စရာ မလိုသည့် Google၏ နာမည်ကျော် ဝန်ဆောင်မှု တစ်ခု ဖြစ်သော Google Maps ကို တွင်ကျယ်စွာ အသုံးပြုလျက် ရှိကြပါတယ်။

Google Maps သွင်းထားသည့် Android, iOSအစရှိသည့် စမတ်ဖုန်းများသည် GPS နည်းပညာကို အသုံးပြုကာ တစ်နေရာနှင့် တစ်နေရာ မိုင် ဘယ်လောက် ဝေးကွာလဲ၊ အချိန်ဘယ်လောက် ကြာနိုင်လည်းဆိုတာကို တွက်ချက်မှုများပေးနိုင်ပါတယ်။ ထို့အပြင် နိုင်ငံ တော်တော်များများမှာ ယာဉ်ကျော ပိတ်ဆို့မှုကိုပါ တွက်ချက်ပေးနိုင်သဖြင့် ခရီးသွားများအတွက် လွန်စွာ အဆင်ပြေစေပါတယ်။ Google Mapsဟာ မော်တော်ယာဉ် မောင်းနှင်သူများအတွက်တင် မဟုတ်ပဲ၊ ခြေလျှင် ခရီးသွားများအတွက်သော် လည်းကောင်း၊ အများသုံး ဘတ်စ်ကား၊ ရေယာဉ် အစရှိသည်များကို အသုံးပြုနေရသူများအတွက် လည်းကောင်း နေ့စဉ် တဝှမ်း ဖြတ်သန်း သွားလာမှုများကို အဆင်ပြေ လွယ်ကူအောင် ဖန်တီးပေးထားပါတယ်။

နိုင်ငံခြား ခရီးသွားများ ကျိတ်ကျိတ်တိုး ဝင်ရောက်လာနေပြီဖြစ်သော ယနေ့ မြန်မာပြည်အတွက်လည်း စမတ်ဖုန်း သုံးစွဲသူများမှာ အိုင်စီတီ ဂျာနယ်သို့ screenshotsများ ပေးပို့ခဲ့ကြပါတယ်။


အိုင်စီတီ ဂျာနယ်မှ လေ့လာကြည့်ချက်အရ မြန်မာစာ မသွင်းထားသော စမတ်ဖုန်းများတွင် Google Mapsမှာ မြန်မာလို ရေးသား ဖော်ပြထားသော လမ်းများကို ဖတ်ရှု၍ မရသေးခြင်း၊ မြန်မာပြည်မှ တိုးတက်နေသော ဘတ်စကားလမ်းကြောင်းနှင့် အချိန်ဇယားကို နာမည်ကျော် Googleမှ အာကာသပေါ်ရှိ စတာလိုက်ရဲ့ ကူညီမှုနှင့်တောင် ဖြေရှင်း၍ မရနိုင်သေးခြင်းများကို တွေ့ရပါတယ်။


သို့ပေမယ့် အထက် ဖော်ပြပါအတိုင်း အဓိက နေရာဒေသများနှင့် လမ်း အများစုမှာ အင်္ဂလိပ်လို ရေးသားထားသည့်အတွက်ကြောင့် စိတ်ပူစရာတော့ မလိုပါဘူး။

စမတ်ဖုန်း အသုံးပြုပြီး စမ်းသပ်ထားသည့် Screenshot အရ ဗိုလ်တထောင်ဘုရားမှ ရွှေတိဂုံဘုရားသို့ သွားရောက်ရမည့် လမ်းကြောင်း၊ ရွှေဘဲ စားသောက်ဆိုင်၊ Sedona ဟိုတယ်တို့သို့ သွားရောက်နိုင်သည့် လမ်းကြောင်းများနှင့်အတူ အချိန် အကွာအဝေး တွက်ချက်မှုများကိုပါ ဖော်ပြထားသည့် အတွက်ကြောင့် နည်းပညာ လိုက်စားသော နိုင်ငံခြားသား ခရီးသည်များအတွက် ယခင်ကထက် ပိုမို အဆင်ပြေစေမှာ အမှန်ပါပဲ။

တစ်ဘက်မှာလည်း ပြည်တွင်းရှိ စီးပွားရေး လုပ်ငန်းရှင်များ၏ ပြောဆိုချက်အရတော့ Google ဟာ Facebookလိုမျိုး မဟုတ်ပဲ ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများကို မြေပုံပေါ်၌ ထည့်သွင်းချင်သည်ကို ယခုထက်ထိ လက်မခံသေးကြောင်း ဆိုကြပါတယ်။ ထို့ကြောင့် နိုင်ငံခြားသား ဧည့်သည်များကို Google Mapsပေါ်မှ ဆွဲဆောင်နိုင်ဖို့ရာ အခက်အခဲ များစွာ ရှိနေသေးသည့် အတွက်ကြောင့် ရသင့်ရထိုက်သည့် အခွင့်အရေးများကို လက်လွှတ် ဆုံးရှုံးနေရကြောင်း ပြောဆိုကြပါတယ်။

ထို့ကြောင့် ပြည်တွင်းမှ တိုင်းပြည် အကျိုးထမ်းပိုးနေသော ပညာရှင်များလည်း နည်းလမ်းသိရင် Googleကို နည်းနည်းလေးမှ များများကြီး အာရုံစိုက်လာစေရန် ကူညီကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း Google မြန်မြန် လာပါတော့လို့သာ အဆုံးသတ်လိုက်ရပါတယ်။



အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

# Browser စစ်ပွဲမှာ Netscape ကို အလဲထိုးနိုင်ခဲ့တဲ့ Firefox မိုဘိုင်းလ် OS စစ်ပွဲမှာ အဆင်ပြေပါ့မလား

XOXO

၂၀၁၃ ဟာ မိုဘိုင်းလ်ခေတ်လို့ ပြောမယ်ဆိုရင် မှားမည် မထင်ပါဘူး။ ရှေ့နှစ်ပတ်လောက်တင် Linux အခြေပြုထားတဲ့ Ubuntu OSကို မိတ်ဆက် ပေးခဲ့သလို ဒီတစ်ပတ် အင်တာနက် စာမျက်နှာ များပေါ်မှာ အုတ်အော်သောင်းနင်း ဖြစ်ခဲ့တဲ့ Firefox OSကို မိတ်ဆက်ပေး လိုက်ပါတယ်။ ပြည်တွင်းမှာ အင်တာနက် စာမျက်နှာ အကုန်လုံး ကို ကြည့်ရှုခွင့် မရရှိခဲ့သည့် အချိန်များ တုန်းက၊ Google Chrome မထွက်ရှိခင် အချိန်အခါတုန်းက အားလုံးရဲ့ default internet browser ဖြစ်ခဲ့တဲ့ Firefoxရဲ့ ဖန်တီးရှင် Mozillaဟာ ယခုအခါမှာ နာမည်တူ သုံးပြီး smart phone လောကသို့ Firefox OS ဆိုပြီး ဝင်ရောက်လာခဲ့ပါပြီ။

Mozillaဟာ စပိန်နိုင်ငံမှ Geeksphoneလို့ အမည်တွင်တဲ့ ကုမ္ပဏီ အသေးလေးကို ဟန်းဆက် ထုတ်စေခဲ့ပြီး နည်းပညာလောကမှာ Adobeရဲ့ Flashကို အလဲထိုးခဲ့တဲ့ HTML 5 web programming languageကို OS တစ်ခုလုံး အတွက် အသုံးပြုထားတယ်လို့ ဆိုပါတယ်။ ယခု မိတ်ဆက်ပေးခြင်းက formal မဟုတ်သေးပေမယ့် မိုဘိုင်းလ် ဆော့ဖ်ဝဲလ် ရေးသားတဲ့ developer များကိုသိရှိ လေ့လာစေချင်သည့်အတွက် developer preview အဖြစ် မိတ်ဆက်ပေးခြင်း ဖြစ်ကြောင်းလည်း ဆိုထားပါတယ်။

မော်ဒယ်လ် အနိမ့် အမြင့်ခွဲခြားပြီး ဟန်းဆက်နှစ်မျိုးကို Keon နှင့် Peak လို့ အမည်ပေးထားပါတယ်။ မျက်နှာပြင် ၃.၅ လက်မ အရွယ်အစား ရှိတဲ့ Keonက မော်ဒယ်လ် အနိမ့် ဖြစ်ပြီး ၃ မီဂါဘိုက် ကင်မရာနှင့်အတူ Qualcommမှ ထုတ်လုပ်တဲ့ low-end Snapdragon S1 processorကို အသုံးပြုထားပါတယ်။ အမြင့် မော်ဒယ်လ် ဖြစ်တဲ့ Peakမှာတော့ မျက်နှာပြင် ၄.၃ လက်မဖြစ်ပြီး ၈ မီဂါဘိုက် ကင်မရာနှင့် S4 processorကို



အသုံးပြုထားသည့်အတွက်ကြောင့် အနည်းငယ် မြန်ဆန်မှု ပိုရှိတယ်လို့ သိရပါတယ်။


Mozilla မှ ၎င်းရဲ့ operating systemကို တစ်ဦးတည်းမှ ထိန်းချုပ်မှုမျိုး နည်းပါးတဲ့ programming language တစ်ခု ဖြစ်သော HTML 5ကို အသုံးပြုထားသည့် အတွက်ကြောင့် မိုဘိုင်းလ် ဖုန်းအတွက် ဆော့ဖ်ဝဲလ် ရေးသားသည့် Developerများအားလုံးအတွက် ပိုမို အဆင်ပြေစေမှာပါလို့ ဆိုထားပါတယ်။

ဝေဖန်သူများကတော့ ယခုလက်ရှိ စမတ်ဖုန်း ဈေးကွက်မှာ နေရာယူထားသော iOSနှင့် Android တို့မှာလည်း Web Appတွေ၊ HTML 5နှင့် ရေးသားထားသော ဂိမ်းတွေကို developerများ အား လွတ်လပ်စွာ ရေးသား တင်သွင်းခွင့် ပြုထားသောကြောင့် ထူးမခြားနားဟု ဆိုပါတယ်။

သို့သော်လည်း အပြုသဘောဆောင်သူများ အနေဖြင့်ကတော့ Android နှင့် iOS တို့ ကြီးစိုးထားတဲ့ ယနေ့လို စမတ်ဖုန်းခေတ်ကြီးမှာ Ubuntuလိုမျိုး Googleမှ Android အသုံးပြု ထားတဲ့ Linuxကို အခြေခံပြီး ထွက်ရှိလာမည့် OSမျိုးထက် ယခုလို HTML 5ကို အခြေခံပြီး ထွက်ရှိလာမည့် Firefoxလို OSမျိုးကို ကြိုဆိုရမည် ဖြစ်ကြောင်း၊ ဈေးကွက်မှာလည်း နေရာရနိုင်ကြောင်း ဆိုပါတယ်။

၉၀ ခုနှစ် ဝန်းကျင်က လူသုံးများခဲ့တဲ့ Netscape အင်တာနက် browserကို အလဲထိုးခဲ့တဲ့ နာမည်ကျော် Firefox ဖြစ်သည့် အားလျော်စွာ ၂၀၁၃မှာလည်း လူသုံးများနေတဲ့ Androidနှင့် iOSကို Firefox OSက မည်သို့ မည်ပုံ အလဲထိုးမလဲ ဆိုတာကိုလည်း စိတ်ဝင်စား သူများက စောင့်ကြည့်နေကြပါတယ်။


ဒီ Firefox OS အသုံးပြုထားတဲ့ Geeksphone's phoneတွေဟာ ဘတ္တရီစား အလွန်သက်သာမှာ ဖြစ်ပြီး နောက်လကုန်လောက်မှာ ဈေးကွက်ထဲသို့ အရောက် ပို့ပေးမယ်လို့ ဆိုထားပေမယ့် ဈေးနှုန်း သတ်မှတ်ပေးထားခြင်း မရှိသေးပါဘူး။






# လိပ်ပြာလုံတဲ့သူတွေ ဖြစ်ကြပါစေ

TZO



(၇၊၁၊၂၀၁၃) နေ့က မဒမ်ဘအေးတို့ ကျောင်းမှာ ဆရာတော်အရှင် ဇဂန၊ မေတ္တာရှင် (ရွှေပြည်သာ) မှတရားပွဲလေး လာလုပ်ပါတယ်။ ကျောင်းက နှစ်ချိန် ကျောင်း၊မဒမ်ဘအေးက နေ့လည်ချိန်တရား ပွဲလုပ်မှာလည်းမသိဘူး။ ကျောင်းရောက် သွားတော့ တရားပွဲက ပြီးခါနီးပြီ။ ဆရာတော်ကို ဆွမ်းကပ်ဖို့ လုပ်နေ ကြပြီ။ ဆရာတော်က ကျောင်းကဆရာ၊ ဆရာမ တွေကို သူ့စာအုပ်လေးတွေ မေ့ဒါနဝေ ပေးပါတယ်။ ဆရာတော့်စာအုပ်လေးတွေက အဖုံးအပြင်အဆင်နဲ့ စာရွက်စာသား ကောင်းတယ်၊ ပုံနှိပ်စာလုံးတွေက ရှင်းလင် းပြတ်သားတယ်။ ကြည့်လိုက်တာနဲ့တင် ဖတ်ချင်စရာကောင်းတယ်။ မဒမ်ဘအေး ရခဲ့တဲ့စာအုပ် လေးက ၂၀၁၂ခုနှစ်၊ နိုဝင် ဘာလထုတ်၊စာရိတ္တပြိုင်ပွဲဆိုတဲ့ စာအုပ် လေး။ ဆရာတော်ရဲ့ထုတ်ဝေပြီးစာအုပ်များ စာရင်းအရ အုပ်(၅၀) မြောက်ဖြစ်ကြောင်း တွေ့ရပါတယ်။ ရွှေရတုစာအုပ်လေးပေါ့။

ကိုဘအေးက တစ်နေကုန်အိမ်မှ ၁ ရှိပေမယ့် TV မကြည့်ဘူး။ စာဖတ်နေတာ များတယ်။ သတင်းစာဆိုလည်း နာရေးပါ မကျန်ဖတ်တာ။ ဂျာနယ်တစ်စောင် လုံး ပုဒ်မပါမကျန်ဖတ်တယ်။ လုံးချင်းတွေ၊ မဂ္ဂဇင်းတွေတော့ သိပ်မဖတ်ဖြစ်ဘူး။ အငှာဆိုင်သွားရမှာ ပျင်းလို့။ ကိုယ်ဖတ် ချင်တဲ့စာအုပ်မျိုးလည်း မရှိတတ် ဘူး။ တစ်ခါတစ်လေ သွားရင်းလာရင်းနဲ့ စာအုပ်အဟောင်းတွေ ဂျာနယ်အဟောင်း လေးတွေ ဈေးပေါပေါနဲ့ဂယ်ဖတ်ဖြစ်တယ်။ အခုလိုဖတ်စရာစာအုပ်လေး ရလာတော့ ကိုဘအေးဂမ်းသာသွားတယ်။ အစား ကောင်းစားရင် ကိုယ်ရဲ့ချစ်တဲ့ခင်တဲ့ သူတွေကို သတိရတတ်သလိုပဲ စိတ်ရဲ့ အာဟာရဖြစ်တဲ့ စာကောင်း ပေမွန်တွေ ဖတ်ရတဲ့အခါကျတော့ ပြန်ပြီး Share လုပ်ချင်တဲ့ ဆန္ဒလေးဖြစ်မိတာပါ။ စာရိတ္တ ပြိုင်ပွဲဆိုတဲ့ စာအုပ်လေးရဲ့ အမည်အတိုင်းပဲ လူတွေရဲ့စာရိတ္တ တွေ အကျင့်စရိုက်တွေကို တစ်ဘဂသာမက နောင်သံသရာမှာပါ ကောင်းအောင်ပြုပြင်နေထိုင်သွားကြဖို့ ဥပမာ သာဓကတွေနဲ့ သင်ခန်းစာပေး ပြောပြသွား တာပါ။ ဖတ်ဖူးတဲ့သူတွေရှိသလို၊မဖတ်ရသေးတဲ့သူတွေလည်း ရှိမှာပါ။ ကိုဘအေး အနေနဲ့ သဘောကျမိတဲ့ အချက်လေး တွေကိုပဲ အနည်းအကျဉ်းမျှသာ တင်ပြမှာ ဖြစ်တဲ့အတွက် ဖြစ်နိုင်ရင်တော့ စာအုပ် ကိုရှာဖတ်စေချင်ပါတယ်။ မှတ်သား နာယူစရာတွေ အများကြီးပါပါတယ်။ စာအုပ်စီစဉ်သူရဲ့အမှာထဲမှာပဲ သဘောကျစရာတစ်ခု အရင်တွေ့ပါတယ်။ မြန်မာနိုင်ငံသားတိုင်း ငါးပါးသီလစောင့်ထိန်းခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းမွန်လာကြစေလိုတဲ့ ဆန္ဒနဲ့ ဒီစာ အုပ်ကို ထုတ်ဝေရခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံသား အများစုရဲ့ အကျင့်စာရိတ္တဘယ်လောက်ချို့ယွင်းပျက်စီးနေသလဲဆိုတာကို သရော်ထားတဲ့ လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ကြည့်ခဲ့ရတဲ့ အငြိမ့်ပျက်လုံးတစ်ခုကို အမှတ်ရနေသေးကြောင်း၊နိုင်ငံခြားသားမိတ်ဆွေနှစ်ဦး လေယာဉ်နဲ့ခရီးထွက်လာစဉ် တစ်ဦးကပြောကြောင်း၊ စဉ်းစားတွေးခေါ်တဲ့နေရာမှာ သူဘယ်လောက်တော်သလဲဆိုရင် လေယာဉ်ပြတင်းပေါက်ကနေလက်ထုတ် ကြည့်လိုက်တာနဲ့ ဘယ်နိုင်ငံရောက် နေပြီဆိုတာ အတတ်ပြောနိုင်ကြောင်း၊ လေယာဉ်ပြတင်းကနေ လက်ထုတ်ကြည့် ပြီးတာနဲ့ လက်ကိုပြန်နမ်းကြည့်လို့ မဆလာ နံ့ရနေပြီဆိုရင် အိန္ဒိယနိုင်ငံ ရောက်နေပြီဆို တာသိလိုက်ကြောင်း၊နောက်တစ်နေရာရောက်လို့လက်ထုတ်နမ်းကြည့်လိုက်တာနဲ့ဂက်သားနံ့ရနေပြီဆိုရင်တရုတ်ပြည်ပေါ်ရောက် နေပြီ၊ နောက်တစ်ခါ လက်ထုတ်ကြည့် လိုက်လို့ ရေနံ့ဆီနံ့ရတာနဲ့ အီရတ်မြေပေါ် ရောက်နေပြီဆိုတာ တန်းသိကြောင်း၊ ဒါပေမယ့်တစ်နေရာရောက်လို့လက်ထုတ် ကြည့်ပြီးလက်ပြန်အရုတ်မှာဘာအနံ့မှမရတဲ့ အပြင်ပတ်ထားတဲ့နာရီတောင်ပါမလာ တော့ကြောင်း၊ဒါနဲ့တစ်ဦးကဒါဆိုရင်ဘယ် နိုင်ငံရောက်နေပြီဆိုတာ မသိတော့ဘူးပေါ့ လို့မေးတဲ့အခါ ဘယ်လိုပြန်ဖြေသလဲဆိုတာ သိတာပေါ့တဲ့၊ မြန်မာပြည်ပေါ် ရောက်နေပြီ ဆိုတာ သိလိုက်ပြီတဲ့။

ဒါဟာ ပျော်စေ၊ပျက်စေဟာသတစ်ခု အနေနဲ့ပြောဆိုတာဖြစ်ပေမယ့် ဒီပြက်လုံး ဟာ မြန်မာနိုင်ငံမှာ စာရိတ္တ ပျက်ပြား နေတာကို မီးမောင်းထိုးပြထားတာ ဆိုရင် မမှားဘူးလို့ စီစဉ်သူက ဆိုပါတယ်။ ဆရာတော်ဟာ တစ်ခါက စစ်ကိုင်းတိုင်း ဒေသကြီး ခင်ဦးမြို့နယ်ထဲက ဘုန်းတော် ကြီးသင် အလယ်တန်း ကျောင်းလည်း ဖွင့်ထားတဲ့ အင်ကြင်းပင်စာသင်တိုက်မှာ တရားပွဲသွားလုပ်ပါတယ်။ တရားဟော အပြီးမှာ ကျောင်းသားကျောင်းသူများကို သိချင်တာ မေးခွင့်ပြုတဲ့အခါ မေးခွန်းတွေ အများကြီးအထဲက ခုနစ်တန်းကျောင်းသူ လေးတစ်ယောက်မေးတဲ့မေးခွန်းကစိတ်ဝင် စားဖွယ်ကောင်းလှပါတယ်။ကျောင်း သူလေးမေးထားတာက ဆရာတော်ဘုရား မြန်မာပြည်သူတွေဟာ ဗုဒ္ဓဘာသာဖြစ် ပါလျက် ဘာဖြစ်လို့ ကမ္ဘာပေါ်မှာ အဆင်း ရဲဆုံး ဖြစ်နေရတာလဲဘုရား။ အမေရိကန်၊အင်္ဂလန် စတဲ့နိုင်ငံတွေက ဘာသာခြား (ခရစ်ယာန်ဘာသာဝင်) တွေဖြစ်နေပါလျက် ကမ္ဘာမှာအချမ်းသာဆုံး ဖြစ်နေရတာလဲဘုရားလို့ ဖြစ်ပါ တယ်။

ဆရာတော်က မီးအလောင်ဆုံးနိုင်ငံလို့ အပိုဒ်ခေါင်းစဉ်လေးတပ်ပြီး ဟောဒီလိုရေး ထားပါတယ်။ ဗုဒ္ဓကခိုးသောသူ ဆင်းရဲမည်။ မခိုးသောသူ ချမ်းသာမည် ဟုဟောထားရာ မြန်မာများတွင် ခိုးသောသူများသောကြောင့် ဆင်းရဲခြင်းဖြစ်သည်။ ဥရောပနိုင်ငံအများစု သည်မခိုးသောကြောင့်ချမ်းသာကြခြင်းဖြစ် သည်။ ဗုဒ္ဓက ဆက်ဟောရာတွင် ခိုးတတ် သောသူ၏ ဥစ္စာစည်းစိမ်များကို မီး၊ရေ၊မင်း၊ ခိုးသူ၊အမွေခံဆိုး၊ဟူသောရန်သူမျိုးငါးပါးက ဖျက်ဆီးမည်ဟူ၍ဖြစ်၏။ မြန်မာ ပြည်တွင် (၂၀၁၀) ခုနှစ်က မီးလောင် သောအကြိမ် ပေါင်း တစ်ထောင့်တစ်ရာကျော်ခဲ့သည်။ အပေါ်ယံကြည့်လျှင်ကား ပေါ့ဆမီး၊ ရှို့မီး တစ်ခုခုပင်ဖြစ်၏။ နက်နဲစွာကြည့်လျှင်ကား ခိုးတတ်သူများသောကြောင့် မီးလောင်ရ ခြင်းဖြစ်၏။ အိမ်ခြေတစ်ထောင်ရှိသော ရပ်ကွက်မီးလောင်ပြာကျသည်။ ဆိုင်ခန်း တစ် ထောင်မီးလောင်ပြကျသည်ဟုဆိုရာ၌ အားလုံးခိုးတတ်သည်ကားမဟုတ်။ အိမ်ခြေတစ်ထောင်တွင် ကိုးရာက ခိုးတတ် သည်။ ဆိုင်ခန်းတစ်ထောင်တွင် ကိုးရာက ခိုးတတ်သည်ဆိုလျှင် ထိုရပ်ကွက်၊ ထိုဆိုင် ခန်းမှာ မီးလောင်မှာ သေချာပေသည်။ မီးများမီးနိုင်ဟု ဆိုထားသည်မဟုတ် ပါလော။

ဆက်လက်ပြီး ဆရာတော်က ဥပမာ တစ်ခုပြောပါတယ်။ ရန်ကုန်တိုင်းအတွင်းရှိ ဈေးကြီးတစ်ဈေးအပေါ်ဆုံးထပ် ဆိုင်ခန်း များကို မီးလောင်ရာ ဆေးပစ္စည်း များကျပ် ငွေ ကုဋေနှင့်ချီ၍ မီးလောင်ပျက်စီးခဲ့ရ ကြောင်း၊ အပေါ်ယံကြည့်လျှင်ကား ပေါ့ဆ မီးပင်ဖြစ်ကြောင်း၊ နက်နဲစွာကြည့်လျှင်ကား ခိုးတတ်သော ဆိုင် ခန်းများခြင်းကြောင့် မီးလောင်ရခြင်းပင်ဖြစ်ကြောင်း ပေးသင့် သောအခွန်ကို ပြည့်စုံအောင်မပေးဘဲ အခွန်ဂန်ထမ်းကို လာဘ်ထိုးခြင်း၊ ခွင့်မပြု တရားမဝင် သော ဆေးဝါးများကို မှောင်ခို နည်းဖြင့် သယ်ယူရောင်းချခြင်းတို့သည် ခိုးယူခြင်းတစ်မျိုးပင် ဖြစ်ကြောင်း၊ ထို့အပြင် ဆေးရောင်းချရာ၌ ယူသင့်သော အမြတ်ငွေ ထက် ပိုတင်ပြီး အဆမတန်ယူခြင်းသည် ခိုး မှုဟုတိုက်ရိုက်မပြောနိုင်သော်လည်း၊ ရိုးသားမှုကားမဟုတ်တော့ကြောင်း၊ ရိုးသား မှုမပါပါက မတရားမှု၊ လိမ်လည်မှု၊ ခိုးယူမှု များကို သွယ်ဝိုက်၍ ကျူးလွန်ခြင်းတစ်မျိုး ပင် ဖြစ်ကြောင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ကျပ်သိန်းပေါင်း(၇) ထောင်ကျော် မီးလောင် ပျက်စီးခံရသော ဆေးကုန်သည်ကြီး တစ်ဦးက ဆရာတော်ရဲ့ ဒကာတစ်ဦးထံ ယခုလိုဖွင့်ဟဂန်ခံခဲ့ဖူးကြောင်း။ မတရား သောနည်းနဲ့ရတဲ့ပစ္စည်း ဥစ္စာတွေဟာ မတ ရားသောနည်းနဲ့ပြန်ကုန်တယ်ဆိုတာအမှန် ပါပဲ။ မြန်မာပြည်မှာ အပုလိုင်းဖြတ်တဲ့ ရက်တွေအတွင်းမှာ ကျွန်တော်တို့ ဆေးကုန် သည်အ များစုဟာ လက်ဂါးချင်းရိုက်ပြီး တစ်ရာလောက်သာတန်တဲ့ ဓာတ်ဆား ထုတ်လေးတွေကို ကျပ်(၄၅၀)၊(၅၀၀) လောက်အထိတင်ရောင်းခဲ့ကြတယ်။

စာမျက်နှာ 21 သို့



အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

## Game Review




Awng Li Maran

ဒီအပတ်အတွက် ၂၀၁၃ နှစ်စပိုင်းအထိ ကစားသမားပေါင်း ၁၉သန်းကျော် မှတ်ပုံတင်ထားပြီး နေ့စဉ် ပျမ်းမျှ ကစားသမား နှစ်သောင်းကျော် ကစားကြတဲ့ ရုရှား အခြေပြု MMO-Game အမျိုးအစားတွေကို အစဉ်တဆိုက် ရေးသားဖန်တီးတဲ့ ကုမ္ပဏီတွေထဲက ကုမ္ပဏီတစ်ခုဖြစ်တဲ့ AlternativaPlatform (http://www.alternativaplatform.com)ဟာ 2008 နှစ်လယ်လောက်က ဖန်တီးခဲ့ကြတဲ့ MMO-Game (Massively Multiplayer Online Game) Mode, Adobe Flash နည်းပညာနဲ့ Tanki Online (တင့်ကား အချင်းချင်း စစ်ဆင်သည့် ဂိမ်း)လို့ခေါ်တဲ့ Web Browser မှာ Base ထားပြီး ကစားရတဲ့ Third-Person Shooter အမျိုးအစား Online 3D-Action Game တစ်ခုကို မိတ်ဆက်ပေးလိုက်ပါတယ်။ Tanki Online ဂိမ်းဟာ ၂၀၀၉ နှစ်စပိုင်းမှာ Russian KRI Awards တွေထဲက "Best Game Without a Publisher" နဲ့ "Best Technology" တွေကို လျာထားခြင်းခံခဲ့ရပြီး "Technical Achievement" Russian Flash Awards ကိုတော့ ရခဲ့တာဖြစ်ပါတယ်။

Tanki Online ဂိမ်းကို NES (Nintendo Entertainment System) ရဲ့ ဂန္ထဝင်ဆန်ဆန် ဆွဲဆောင်မှုရှိရှိ အရည်သွေးမြင့်မြင့် ရှိတဲ့ စစ်မြေပြင် တလင်း၊ မြို့များ ဖန်တီးချက်တွေ ပေါင်းစပ်ထားတာဖြစ်ပြီး စိတ်လှုပ်ရှားဖွယ်ကောင်းတဲ့ Online 3D-Shooter ဂိမ်းမျိုး ဖြစ်ပါတယ်။ ဒီဂိမ်းဟာ 3D အမျိုးအစားဖြစ်ပေမဲ့လည်း အခြားဂိမ်းတွေလို Game Software Installationတွေ လုံးဝ လုပ်စရာမလိုပဲ အင်တာနက် ချိတ်ဆက်ထားရုံနဲ့ ကစားနိုင်မှာ ဖြစ်ပါတယ်။ ရိုးရှင်းစွာ ၁ မိနစ် Registration လုပ်ရုံနဲ့ တင့်ကားနဲ့ စစ်မြေပြင်မှာ လက်စွမ်းပြနေနိုင်မှာ ဖြစ်ပါတယ်။ စစ်မြေပြင် (ဂိမ်းအတွင်းထဲတွင်) 3D မြေပုံထဲမှာ တကယ်လူတွေနဲ့ပဲ အချင်းချင်း စစ်တိုက်ရမှာ ဖြစ်ပါတယ်။ ဂိမ်းထဲမှာ မြင်တွေ့နေမဲ့ တင့်ကားတိုင်းကို အပြင်က တစ်ကယ့်လူတွေက မောင်းနေတာ ဖြစ်ပါတယ်။ ဆိုလိုတာက AI (Artificial intelligence) လို့ ခေါ်တဲ့ Program ရေးထားတာ ဇာတ်ရုပ်တွေ မဟုတ်ဖူးလို့ ဆိုခြင်း ဖြစ်ပါတယ်။ ဂိမ်းထဲမှာ ကိုယ့်ဉာဏ်ရည်ရှိရင် ရှိသလို လှည့်ပတ် စစ်ဆင်နိုင်မှာ ဖြစ်ပါတယ်။ ဂိမ်းထဲမှာ ရန်သူ့တင့်ကားကို ကိုယ့်တင့်ကားနဲ့ အဆက်မပြတ် မိုးကြိုးတွေပစ်သလို အမြောက်နဲ့ ပစ်နိုင်မယ်ဆိုရင် Experienced Tanker ဖြစ်လာမှာဖြစ်ပြီး Rank တွေ အမျိုးစုံအောင် ရှိနေမှာ ဖြစ်ပါတယ်။ Rank ပိုမြင့်လာလေ ပိုမို အားကောင်းတဲ့ တင့်ကားကို ကိုယ်တိုင် ဆောက်ယူနိုင်မှာဖြစ်ပြီး Armor အသစ်တွေ လက်နက် ဆန်းတွေနဲ့ အခြားသော တင့်ကား နဲ့ဆက်စပ်တဲ့ ပစ္စည်းတွေကို upgrade လုပ်နိုင်မှာဖြစ်ပါတယ်။ Experience Point တွေ Rank တွေတက်ဖို့တွက် ဂိမ်းထဲမှာ နည်းလမ်းပေါင်းစုံ ရှိပါတယ်။ ရန်သူရဲ့ တင့်ကားကို များများဖျက်နိုင်ခြင်း၊ ကိုယ့်အဖွဲ့က ကစားသမားများကို ဆေးကုသပေးခြင်း၊ ရန်သူ့အလံကို သိမ်းပိုက်နိုင်ခြင်းနဲ့ ကိုယ့်အဖွဲ့နဲ့အတူ ပူးပေါင်း ဆောင်ရွက်ခြင်းတွေက Experience Point တွေကို ပိုမို ရယူလွယ်ကူစေပါတယ်။ Point တွေများလာလေ Rank က မြင့်လေပါပဲ။ Rank မြင့်လာလေ ကိုယ့်တင့်ကားကို Upgrade လုပ်နိုင်လေပါပဲ။ Upgrade လုပ်တဲ့နေရာမှာ New Coats, Turrets, Armor နဲ့ Supplies တွေ ဖြစ်ပါတယ်။

ဒါတွေကို Battle မှာလည်း ရနိုင်ပါသေးတယ်။ ဒါမှမဟုတ် ဂိမ်း ပိုက်ဆံနဲ့လည်း ဝယ်လို့ ရနိုင်ပါတယ်။ ကိုယ့်သူငယ်ချင်းကို ကစားဖို့ ဖိတ်ခေါ်ပြီး လက်ဆောင်အနေနဲ့လည်း ရနိုင်ပါသေးတယ်။ Game Control အနေနဲ့ တင့်ကားမောင်းဖို့အတွက် W, A, S, D သို့မဟုတ် Arrows ကို အသုံးပြုနိုင်မှာဖြစ်ပြီးရန်သူကို ပစ်ဖို့အတွက်တော့ space bar ကို သုံးရမှာဖြစ်ပါတယ်။ Tanki Online Game ကို 3D mode ကို အပြည့်အဝ ဆော့ကစား ခံစားနိုင်မှာဖြစ်ပြီး၊ AI (Artificial intelligence) မဟုတ်ပဲ လူအစစ်တွေနဲ့ Real Time အချိန် တစ်ပြေညီမှာ ဆော့ကစားနိုင်မှာ ဖြစ်ပါတယ်။ ကစားဖို့ စိတ်ကူးနေပြီဆိုရင်တော့ www.tankionline.com ကိုသွားပြီး Register လုပ်လိုက်ပါ။ ပြီးရင် Tanker တစ်ယောက် အနေနဲ့ Battleမှာ လက်စွမ်းပြလို့ရပါပြီ။



# Movie Ruby Sparks

Movie Review

Webbie

- Genre: Comedy, Fantasy, Romance
- Directors: Jonathan Dayton, Valerie Faris
- Writer: Zoe Kazan
- Stars: Paul Dano, Zoe Kazan, Annette Bening

ရုပ်ရှင်ဆိုတာ ရုပ်ရှင်ထဲမှာပဲ ကောင်းတဲ့ အရာများစွာ ရှိပါတယ်။ Fantasy လို့ အပြောများကြသည့်အတိုင်း လက်တွေ့မှာ သင့်ဦးနှောက်ရဲ့ အမှား၊ အမှန်ကို ဝေဖန်ပိုင်းခြားတတ်မှုကြောင့် လက်တွေ့မှာ မလုပ်ဆောင်ရပါဘူး။ ဒါဆိုရင် စိတ်ကူးရော ယင်လို့ ရမလားဆိုတဲ့ မေးခွန်းအတွက် ဒီ ရုပ်ရှင်ကလေးက လုံလောက်မယ် ထင်ပါတယ်။

ဝေဖန်မှုတွေများစွာ ဆွတ်ခူးထားတဲ့ ဒီ ရုပ်ရှင် ဇာတ်ကားလေးကတော့ အထီးကျန်ပြီး၊ လူမှုရေးမှာ အားနည်းတဲ့ ကိုယ့်ကိုကိုယ်သာ ချစ်မြတ်နိုးတဲ့ Calvin လို့ အမည်တွင်တဲ့ အောင်မြင်နေတဲ့ စာရေးဆရာလေးတစ်ယောက် အကြောင်း ဖြစ်ပါတယ်။

စာရေးဆရာဆိုတဲ့အတိုင်း ရေးတိုင်း မထွက်တော့တဲ့ အချိန်မှာတော့ သူ့ရဲ့ အိပ်မက်ထဲက သူ့စိတ်တိုင်းကျ ကောင်မလေးတစ်ယောက် အကြောင်းကို စပြီး ရေးသားပါတော့တယ်။ အဲဒီမှာ ဇာတ်ရှိန် မြင့်တက်တော့တာပဲ။ ဘာဖြစ်လို့လဲ ဆိုတော့ သူရေးသားနေတဲ့ အိပ်မက်ထဲက ကောင်မလေးက မနက်ခင်း တစ်ရက်မှာ သူ့ အိမ်ထဲ ရောက်ရှိနေလို့ပါပဲ။

Calvin ကိုယ်တိုင်လည်း မယုံကြည်နိုင်ခဲ့ပါဘူး။ နောက်ဆုံး သူ့ရဲ့အကိုနဲ့ တိုင်ပင်ပြီး နှစ်ယောက်လုံးက လူအစစ်လို့ လက်ခံလိုက်ပြီးသည့် နောက်မှာတော့ မယုံကြည်နိုင်လောက်တဲ့ စိတ်ကူးယဉ်မှုများကို ဆက်လက် ဖော်ကျူးထားပါတယ်။

Ruby Sparks လို့ အမည်ပေးထားတဲ့ စာအုပ်ထဲက ကောင်မလေးကို ပြင်သစ်လို့ပြောလို့ လက်နှိပ်စက်မှာ ရေးချလိုက်တာနဲ့ အပြင်က Ruby က ပြင်သစ်လို စပြောတော့တာပဲ။ ထိုနည်းလည်းကောင်း Ruby ကို ဘယ်လိုနေထိုင် ရမလဲက အစ Calvin မှ လက်နှိပ်စက်တစ်လုံးနဲ့ ညွှန်ကြားလို့ရသည်လို့ သိရှိခဲ့ပြီးသည့်နောက် ဒီဇာတ်လမ်းလေး ဘယ်လို အဆုံးသတ်မည် ဆိုတာတွေ၊ နောက်ဆက်တွဲမှာ Ruby Sparks ဟာ တကယ်ပဲ ပုံမှန်လူတစ်ယောက်လို နေထိုင် သွားနိုင်သလား၊ လူ့ဘဝထဲက ပျောက်ထွက်သွားမလား၊ အထီးကျန်ပြီး လူတောမတိုးတဲ့ စာရေးဆရာ Calvin ရော စာရေးစားနိုင်ပါဦးမလားဆိုတဲ့ အတွေးများနဲ့ အမှားအမှန်ခွဲခြားပြီး တဂကြီး စိတ်ကူးယဉ်တတ်သူများအတွက် ဇာတ်လမ်းလေး တစ်ပုဒ်ဖြစ်ကြောင်း အသိပေးလိုက်ရပါတယ်။



## New Games




### Dead Island

Genre - Open World, Horror

Dead Island ဂိမ်းရဲ့ Game of the Year Special Edition ဖြစ်ပြီး ယခင် Dead Island တုန်းကလို Zombies တွေကို လိုက်လံနှိမ်နင်းရမည့် Open World Action ဂိမ်းတစ်ခုဖြစ်သလို GOTY Edition မှာတော့ Ryder White အမည်ရ Expansion အသစ်နှင့် Bloodbath Arena အမည်ရ Game Mode အသစ်တွေပါ ထပ်မံပါဝင်လာပါတယ်။




### Primal Fears

Genre - Shooter


PC ဂိမ်းသစ်ဖြစ်တဲ့ Primal Fears ဟာ Alien Shooter စီးရီးလိုမျိုး အပေါ်စီးကနေ မိမိဇာတ်ကောင်ကို ကြည့်ပြီး ရန်သူပေါင်းများစွာကို ပစ်ခတ်ကစားရမည့် Top Down Shooter ဂိမ်းအမျိုးအစား ဖြစ်ပါတယ်။ Virus Outbreak ကြောင့် ပေါ်ပေါက်လာတဲ့ မကောင်းဆိုးဝါး သတ္တဝါဆန်းတွေနှင့် ရင်ဆိုင်ရမှာပါ။




### The Sims 3 Monte Vista

Genre - Simulation

The Sims 3 - Monte Vista ဟာ The Sims 3 - Seasons နောက်ပိုင်းမှာ ထွက်ရှိလာတဲ့ Simulation ဂိမ်းသစ်ဖြစ်ပြီး Monte Vista အမည်ရ မြို့အသစ်အတွင်း ဝင်ရောက်ကစားနိုင်မှာ ဖြစ်သလို Game play Features အသစ်တွေကိုလည်း ထပ်မံ ထည့်သွင်းထားပါတယ်။




### Borderlands 2

Genre - First Person Shooter, RPG

နာမည်ကြီး First Person Shooter RPG ဂိမ်းဖြစ်တဲ့ Borderlands 2 ရဲ့ Expansion နှင့် DLC တွေကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး Mechromancer အမည်ရ Character Class အသစ်ကို ရွေးချယ်နိုင်မှာ ဖြစ်သလို Captain Scarlett and Her Pirate's Booty နှင့် Mr. Torgue's Campaign of Carnage အစရှိတဲ့ Mission အသစ်တွေလည်း ထပ်မံပါဝင်လာတယ်။

RECOMMENDED STORE: Game Hive Video Game Sales & Service, Contact: 09 7311 8550, 09 541 7272

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 4

## Animation Review

- Episode – 12
- Genre – Science Fiction, Action
- Studio – 8bit
- Score – 3.5 out of 5

# Busou Shinki














နေအောင်လတ်

Busou Shinki (Armored Goddess) ဇာတ်လမ်းတွဲသစ်ဟာ နာမည်ကြီး Video Game Company ဖြစ်တဲ့ Konami နှင့် Animation Studio 8Bit တို့ ပူးပေါင်းတင်ဆက်ထားတဲ့ Animation Series သစ်တစ်ခု ဖြစ်ပါတယ်။ Busou Shinki (Armored Goddess) လို့အမည်ရပြီး(၆) လက်မ နီးပါး အမြင့်ရှိတဲ့ စက်ရုပ်မလေးတွေဟာ Konami ရဲ့ Battle Rondo အမည်ရ MMO Online ဂိမ်းကနေ အခြေခံပြီး တန်ဖိုးကြီး Collectible Figure တွေ ထွက်ရှိလာပြီးနောက်ပိုင်းမှာ ၂၀၀၆ ခုနှစ် မှ စတင်ကာ Figure Collector တွေနှင့် ဝါသနာရှင်တွေကြားမှာ စတင်ခေတ်စားခဲ့ပါတယ်။ Busou Shinki အရုပ်တွေဟာ Body Joints များပါဝင်ပြီး အစိတ်အပိုင်းတွေကိုလည်း စိတ်ကြိုက်ပြင်ဆင် ပြောင်းလဲနိုင်တဲ့အတွက် စက်ရုပ်မလေးတွေ ပုံစံ Figure တွေ ဖြစ်ပါတယ်။ Busou Shinki Anime Series မတိုင်ခင်မှာ ONA (Net Animation) Series နှင့် PSP ဂိမ်းတွေ ထွက်ရှိထားပြီး၊ ဖြစ်ပြီး ယခု Busou Shinki TV Series ဇာတ်လမ်းသစ်မှာတော့ စက်ရုပ်မလေးတွေရဲ့ နေ့စဉ်ဘဝနှင့် Busou Shinki တွေရဲ့ တိုက်ပွဲတွေကို ပေါ့ပေါ့ပါးပါး ကြည့်ရှုရအောင် ဇာတ်လမ်းဆင်ထားတာ တွေ့ရမှာပါ။

အပြင်က Busou Shinki အရုပ်တွေက အသက်မရှိပေမယ့် ဇာတ်လမ်းတွေ၊ Video Game တွေထဲက စက်ရုပ်မလေးတွေကတော့ ကိုယ်ပိုင် အသိစိတ်ဓာတ် A.I ပါဝင်တဲ့အတွက် အသက်ဝင် နေတဲ့ စက်ရုပ်လေးတွေပုံစံဖြင့် မြင်တွေ့ရမှာပါ။ ၂၀၃၆ ခုနှစ် ဝန်းကျင်မှာ နေရာယူထားပြီး၊ အနာဂတ်အချိန်မှာ Busou Shinki စက်ရုပ်တွေဟာ ကလေးတွေကို စောင့်ရှောက်ဖို့ အဖော် အဖြစ်၊ လုပ်ငန်းခွင်မျိုးစုံမှာ အလုပ်သမားတွေအဖြစ်နှင့် အိမ်မှုကိစ္စတွေကို တာဝန်ယူဖို့ တည်ဆောက်ထားသလို Collector တွေအနေနှင့်လည်း ဝယ်ယူစုဆောင်းပြီး မိမိစိတ်ကြိုက် ပုံစံပြင်ဆင်နိုင်ကာ Shinki တိုက်ပွဲများမှာ ဝင်ရောက်တိုက်ခိုက်စေနိုင်မှာပါ။ Busou Shinki ဇာတ်လမ်းမှာ Ann, Lene နှင့် Ines တို့ရဲ့ဇာတ်လမ်းနှင့် သူတို့ရဲ့ Master (ပိုင်ရှင်) ဖြစ်သူ Rihito တို့ရဲ့ ဇာတ်လမ်းကို အသားပေး တင်ဆက်ထားပြီး အခြားနာမည်ကြီး Shinki Unit တွေကိုလည်း Episode တိုင်းမှာ ထည့်သွင်းပေးထားတာ တွေ့ရမှာပါ။ တိုက်ပွဲအများအပြား ပါဝင်ပေမည့် Medabots နှင့် Angelic Layer ဇာတ်လမ်းတွေက တိုက်ပွဲတွေလိုမျိုးပဲ ပေါ့ပေါ့ပါးပါးနှင့် ကြည့်ရှုရမှာဖြစ်ပြီး အခြား ဟာသဇာတ်လမ်းလေးတွေနှင့်လည်း ရောစပ်ထားတာ တွေ့ရမှာပါ။ Animation Quality ပိုင်းအနေနှင့်က ပုံမှန်အချိန်မှာ အရမ်းကြီး ထူးခြားကောင်းမွန်မှုမရှိဘဲ သာမန်အဆင့်သာ ဖြစ်ပေမည့် တိုက်ပွဲအတွက် Armor တွေ ဝတ်ဆင်ပြီးချိန်မှာတော့ Cell Shading နည်းပညာကို အသုံးပြုပြီး ရေးဆွဲထားတာဖြစ်ပြီး တိုက်ခိုက်ခန်းတွေကတော့ အတော်လေး ကြည့်ကောင်းတာ တွေ့ရမှာပါ။

Busou Shinki ကို Medabots နှင့် Sky Girls တို့လို Action ဇာတ်လမ်း နှစ်သက်သူတွေနှင့် Figure တွေ စုဆောင်းရတာ ဝါသနာပါသူတွေ အားလုံး သဘောကျမှာ ဖြစ်ပါတယ်။

NEW YEAR. NEW YOU. NEW KNOWLEDGE. NEW SUBSCRIPTION.




FOR 3 MONTHS K6500
FOR 6 MONTHS K13000
FOR 1 YEAR K23000

GET 1 MONTH FREE FOR ONE YEAR SUBSCTIPTION
CALL NOW 01-430-897 01-553-918 OR CIRCULATION@MYANMARICT.COM

သင် ရောင်း/ဝယ် လိုသော ပစ္စည်းများကို ဤစာမျက်နှာတွင် အခမဲ့ ဖော်ပြနိုင်ရန် classified@myanmarict.comသို့ email ပေးပို့လိုက်ပါ။

# FREE CLASSIFIEDS

## WANTED
အလိုရှိသည်။

| | |
|---|---|
| Condition | Used |
| Description | Apple Macbook Air<br>Macbook Pro All Kind<br>of Apple Device |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung, Sony<br>Xperia All Series,<br>HTC, Nokia,<br>Apple Iphone<br>2g/3g/4g/4s/5 Ipad<br>1.2.3.4. |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Samsung Galaxy<br>Tablet ,All Kind of<br>China Tablet |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-51-78-391 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 3G 8GB B/W |
| Quantity | 1 |
| Price | K 70,000 |
| Condition | Used |
| Description | MacBook Air 11(Intel<br>Corei5, RAM 4GB,<br>S.S.D 64GB) |
| Quantity | 1 |
| Price | K 690,000 |
| Condition | Used |
| Description | Samsung P1000<br>Galaxy Tab 16GB<br>(Wifi+3G) |
| Quantity | 1 |
| Price | K 150,000 |
| Contact | 09-450-039-844 |

## FOR SALES
ရောင်းမည်။

| | |
|---|---|
| Condition | Used |
| Description | iPhone 4S 64GB |
| Quantity | 1 |
| Price | K 450,000 |
| Condition | Used |
| Description | iPhone 4S 32GB |
| Quantity | 1 |
| Price | K 390,000 |
| Condition | Used |
| Description | iPhone 4S 16GB |
| Quantity | 1 |
| Price | K 350,000 |
| Condition | Used |
| Description | iPhone 4G 32GB B/W |
| Quantity | 1 |
| Price | K 300,000 |
| Condition | Used |
| Description | iPhone 4G 16GB B/W |
| Quantity | 1 |
| Price | K 250,000 |
| Condition | Used |
| Description | iPhone 4G 16GB B/W |
| Quantity | 1 |
| Price | K 250,000 |
| Condition | Used |
| Description | iPhone 3GS 32GB<br>B/W |
| Quantity | 1 |
| Price | K 170,000 |
| Condition | Used |
| Description | iPhone 3 16GB B/W |
| Quantity | 1 |
| Price | K 100,000 |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | HTC, Samsung<br>Galaxy S, S Plus, S2,<br>S3, Note1, Note2,<br>Iphone 3gs/<br>4s/5, LG |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | All Apple Device<br>Ipad Ipod Macbook<br>Macbook Air Asus<br>Lenovo Acer MSI Dell<br>HP Laptop Latest<br>Model i3 i5 i7 Model |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 01-376420 |

| | |
|---|---|
| Condition | Used |
| Description | Iphone 3gs/4g/4s/5,<br>Samsung S2, S3,<br>Note, Note2, HTC<br>One X, Nokia, Sony,<br>LG SKY, HUAWEI |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | SecondHand<br>Laptop Notebook<br>Netbook Mackbook<br>MacbookPro Macbook<br>Air.Apple |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | All kind of Andriod<br>Device and Apple<br>Device Ipod Iphone<br>Ipad Samsung Tablet<br>all kind of Tablet<br>Samsung Tablet PSP<br>External |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-730-48-106 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။
အလဲထပ် လုပ်ပေးသည်။

| | |
|---|---|
| Condition | Used |
| Description | Used iPhones,<br>Samsungs, Sony,<br>HTC, Huawei, Nokia |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used Lptops,<br>Notebooks, Netbooks,<br>UltraBooks, Used<br>Macbookpro,<br>Macbook Air |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Used iPods, Samsung<br>Tablets |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-450-039-844 |

## SALES/BUY
ရောင်းသည်။ ဝယ်သည်။

| | |
|---|---|
| Condition | Used |
| Description | iPhone, Andriod<br>Phone Nokia<br>HTC Sony<br>Ericsson,Samsung<br>S2 S3 Note<br>Note2,Huawei.<br>Ipod4g/5g Ipad1/2/3 |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Condition | Used |
| Description | Laptop, Notebook,<br>Netbook,<br>MacBookPro,<br>MacBook Air, all kind<br>of Tablet, External<br>Hardisk |
| Quantity | 1 |
| Price | ညှိနှိုင်းဈေး |
| Contact | 09-51-78-391 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

# မြန်မာ့ ဆက်သွယ်ရေးနှင့် မလေးရှားနိုင်ငံ ဆက်သွယ်ရေး နှိုင်းယှဉ်ချက်များ

မနော်ဖြူလေး



*Image Credit: wallpoper.com*

ခုမြန်မာနိုင်ငံမှာ ဖုန်းတွေ အတော်ခေတ်စားလာတော့ မလေးရှားနိုင်ငံရဲ့ ဖုန်းတွေအခြေအနေကိုလည်း သိချင်ကြမယ်လို့ မနော ထင်မြင်မိတဲ့အတွက် မလေးရှားရောက် မြန်မာတစ်ယောက်ကို မေးမြန်းထားတဲ့ မြန်မာ့ဆက်သွယ်ရေးနှင့် မလေးရှားနိုင်ငံ ဆက်သွယ်ရေး နှိုင်းယှဉ်ချက်များဆိုတဲ့ ခေါင်းစဉ်နဲ့ အကြောင်းအရာများကို ပြောပြချင်ပါတယ်။

## Postpaid နှင့် Prepaid စတင်ပုံများ

မြန်မာနိုင်ငံမှာ ၂၀၀၇-၂၀၀၈ ပတ်ဝန်းကျင်လောက်က ၁၅ သိန်းတန်ဖုန်းတွေ စတင်ချပေးပြီး PostPaid စနစ်ကို စတင်သုံးစွဲလာခဲ့ပါတယ်။ အဲဒီအချိန်တုန်းကဆိုရင် ဖုန်း (Sim Card) ပေါက်ဈေးတွေဟာ ကြောက်ခမန်းလိလိ သိန်းလေးငါးဆယ်နီးပါး ဈေးပေါက်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဆက်သွယ်ရေးမှာ တန်းစီပြီး စာအုပ်လေးတွေထပ်ကာ ငွေပေးချေတဲ့ စနစ်ကျင့်သုံးခဲ့တာမို့ ငွေပေးချေတာကို လက်ခံလုပ်ပေးတဲ့ ပွဲစားတွေပါ ပေါ်ပေါက်လာတာကို တွေ့ခဲ့ရပါတယ်။ ယခုနောက်ပိုင်း ၂၀၁၁ ခုနှစ်မှာတော့ Prepaid စနစ် ဖြစ်ပေါ်လာပြီး ငွေဖြည့်ကဒ်လေးတွေ မြန်မာ့ဆက်သွယ်ရေးက ကျပ်တစ်သောင်းတန်တွေနဲ့ စတင် ထုတ်ဝေလာခဲ့ပါတယ်။ ယခု ငါးထောင်တန် ငွေဖြည့်ကဒ်တွေ ပေါ်နေတယ်လို့ သိရပါတယ်။ ဒီလိုလုပ်လိုက်တာဟာ ဖုန်းကိုင်သူတွေအတွက် လမ်းဘေးဆိုင်တွေမှာ ဖြည့်လို့ ရလို့ အဆင်ပြေပါတယ်။ မလေးရှားနိုင်ငံမှာကတော့ ၁၉၉၄- ၉၅ လောက်မှာ နိုင်ငံသားတွေအတွက် Postpaid Sim Card တွေ စတင် သုံးစွဲ လာခဲ့ပါတယ်။ ၁၉၉၆ မှာတော့ အားလုံး သုံးစွဲနိုင်အောင်ဆိုပြီး နိုင်ငံပိုင် Celcom နဲ့အပြိုင် Maxis ဆိုတဲ့ လိုင်းကုမ္ပဏီ တစ်ခု ပေါ်လာပြီး prepaid sim card တွေကို မလေးရှား ရင်းဂစ် (RM:238)၊ ယခု မြန်မာပေါက်ဈေးနဲ့ဆို ခြောက်သောင်းခွဲနဲ့ စတင် ရောင်းချခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ဖုန်းခေါ်ဆိုခတွေဟာ မြန်မာပြည်ကို ခေါ်ရင် တစ်မိနစ်ကို တစ်ထောင့်သုံးရာလောက် ကျပါတယ်။ ယခုတော့ တစ်မိနစ်ကို နှစ်ရာ့ငါးဆယ်လောက်ပဲ ကုန်ကျ ပါတော့တယ်။ မြန်မာပြည်က အင်တာနက်ဆိုင်တွေက ခေါ်ရင် မြန်မာငွေ တစ်ရာပဲကျတာမို့ မြန်မာပြည်က ဖုန်းခေါ်ဆိုခတော့ သက်သာတယ်ပေါ့နော်။ ဒါလေးတော့ မြန်မာပြည်က သာပါတယ်ခင်ဗျာ။ အဲဒီလို မလေးရှား အစိုးရက ဆက်သွယ်ရေးကို လွတ်လပ်ခွင့် ပေးလိုက်တဲ့အတွက် အခုဆိုရင် DiGi, U Mobile, TM net, Yes, P1 စသည်ဖြင့် အပြိုင်အဆိုင် ပေါ်လာပါတယ်။ အင်တာနက်ကိုလည်း သူ့ထက်ငါ အပြိုင် ဈေးတွေ လျှော့ပေးနေ ကြပါတယ်။ ယခုဆိုရင် တယ်လီဖုန်း Sim Card တစ်ခု ပေါက်ဈေးဟာ မြန်မာငွေ နှစ်ထောင့် သုံးရာလောက်သာ ပေးရပြီး Sim Card ထဲမှာ ဖုန်းခေါ်ဖို့ ငွေသား တစ်ထောင့်သုံးရာငါးဆယ် ပါသေးတာမို့ Sim Card က အလကား နီးပါးဖြစ်နေတာကို တွေ့ရပါတယ်။ မြန်မာပြည်မှာ အခုအချိန်အထိ နှစ်သိန်း၊ နှစ်သိန်းခွဲ ပေးနေရသေးတာမို့ ကျပ်ငါးထောင်တန် ထွက်သင့်နေပါပြီဆိုတာ တိုက်တွန်းချင်ပါတယ်။ ဒါမှ ကန်ဇွန်းရွက်သည်ကအစ မြန်မာ တစ်ပြည်လုံး ကိုင်နိုင်အောင်လို့ပါ။ စေတနာနဲ့ပါ။ ဒီမှာက ကလေးကအစ လူတိုင်းမှာ Sim Card တွေ ဖုန်းရှိသလောက် ဝယ်သုံးလို့ ရနေပါတယ်။

## Phone အစစ်နဲ့ အတု ခွဲခြားနည်းလေးများ

မြန်မာပြည်မှာ Sim Card တွေကို နှစ်သိန်း၊ နှစ်သိန်းခွဲကျပ်နဲ့ ရောင်းချနေတာမို့ လူလတ်တန်းစားတွေ ကိုင်လာနိုင်ကြပါပြီခင်ဗျာ။ အဲလို ကိုင်နိုင်တာကြောင့် ဖုန်းဆိုင်တွေကလည်း အစီအရီ ပေါ်လာနေကြပါတယ်။ မလေးရှားမှာလည်း Sim Card ထက် ဖုန်းအခွံက ပေါ်ပြူလာ ဖြစ်နေလို့ ဖုန်းဆိုင်တွေ အစီအရီပေါ်လာပြီး အလုပ်ဖြစ်နေကြပါတယ်။ ဘာကြောင့် ဖုန်းဆိုင်တွေ ပေါ်လာလည်းဆိုရင် ဖုန်းတစ်လုံးရဲ့ အမြတ်ဟာ တစ်ခြား စီးပွားရေးထက် များများ အမြတ်အစွန်း ရလို့ပါ။ ဘယ်လောက်မြတ်တယ်ဆိုတာ ဖုန်းဆိုင်ဖွင့်သူတိုင်း သိမှာပါ။ ကျွန်တော်ကတော့ အသိတွေရှိတာမို့ သူတို့ အမြတ်အစွန်းကို သိပါတယ်။ သူတို့စီးပွားရေးကို တုတ်နဲ့ ထိုးပါဘူးနော်။ အဲလို ပေါ်လာတဲ့အထဲမှာ ဝိသမလောဘသမားတွေ ပါလာပြီမို့ အတုတွေပါ ပါလာပါပြီ။ ဥပမာ ပြောရရင် ယနေ့ နာမည်ကြီးနေတဲ့ Samsung ဖုန်းဆိုရင် တရုတ်ပြည်မကြီးက ထုတ်တာပါပဲ။ အစစ်ရယ်၊ ဈေးတစ်ဝက်သက်သာတဲ့၊ ပြန်ပြင်လို့ စင်တာက လက်မခံတဲ့ AP ဆိုတဲ့ အမျိုးအစားရယ်။ အဲဒါတွေနဲ့ နီးပါး တူအောင် လိုက်လုပ်တဲ့ Samsung အတုဆိုပြီး သုံးမျိုး ထွက်လာပါတယ်။ Samsung အစစ်က ဈေး အင်မတန်ကြီးပြီး ခြောက်သိန်းကျော်ကနေ အစားစားရှိပါတယ်။ AP ကတော့ အစစ်ပေမယ့် အထဲမှာ ပါတဲ့ ပစ္စည်းတွေက ပေါချောင်ကောင်းလုပ်ထားတဲ့ တစ်ဝက်ဈေးရှိတဲ့ လူတကာကိုင်နိုင်အောင် တရုတ်ပြည်က ထုတ်တဲ့ တစ်မျိုးပါ။ အစစ်နဲ့အားလုံး တူပါတယ်။ သူကတော့ အာမခံမရှိ၊ စင်တာလက်မခံပါ။ ဒါပေမယ့် ဆိုင်တွေကတော့ အာမခံတယ်ဗျ။ ဈေးကောင်းယူတာလေ။ စင်တာက ဖုန်းဖွင့်လိုက်ရင် အစစ်နဲ့ AP ကို သိတယ်လေ။ အစစ်မှာ အထဲက Samsung စတစ်ကာ သေးသေးလေးတွေ ကပ်ပေးတဲ့အပြင် Samsung အစစ်တံဆိပ် e Warranty ကဒ်တွေပါ ထည့်ပေးတယ်လေ။ အစစ်လိုချင်ရင်တော့ Samsung စင်တာမှာသာ ဝယ်စေချင်ပါတယ် ခင်ဗျာ။ အပြင်ဆိုင်တွေကတော့ အပိုပစ္စည်းလေးတွေ အလကားပေးရင်း AP ကို ပေးလိုက်မှာ သေချာလို့ပါ။ သူကလည်း တစ်နှစ်၊ နှစ်နှစ်လောက် ခံဖို့ လုပ်ထားလို့ ဘယ်သိပ့်မလဲနော်။ အဲနောက်ဆုံး အတုကတော့ တရုတ်ပြည်ကနေ မလေးရှား ဆာဘားဘက်ကနေ ဝင်လာတဲ့ အတုပါ။ မလေးရှားအရောက်မှ မြန်မာငွေ ကျပ်ရှစ်ထောင်လောက်ပဲ ကုန်ကျတယ်လေ။ မြန်မာအများစု Samsung အတုတွေ မလေးရှားမှာ မိတဲ့သူတွေ အများကြီးမို့ သူတို့ကို သတင်းပေးချင်ပေမယ့် ပေးခွင့် မကြုံလို့ ဒီဆောင်းပါးလေးသာ ဖတ်မိရင် အားလုံး သတိထားမိကြမယ်လို့ ထင်ပါတယ်။ တစ်လောက မြန်မာပြည်မှာ လူကြီးမင်း ဖုန်းဆိုင်က ငါးထောင်ကျပ်နဲ့ ဆိုင်တစ်ဆိုင်ကို ၁၀ လုံး၊ ရောင်းချတာကို သွားတိုးနေကြတဲ့ မြန်မာ ပြည်သူတွေကို ကြည့်ပြီး သူတို့အတွက် Samsung အတုနဲ့ မညားပါစေနဲ့လို့ ပြောပါရစေခင်ဗျာ။ မြန်မာ လူထုတွေလည်း Samsung စသည်ဖြင့် ဖုန်းအတုများနဲ့ မဆုံကြစေချင်ပါဘူးခင်ဗျာ။ ဖုန်း နာမည်ကြီး အတော် များများ အတုတွေ ထွက်နေပြီမို့ အားလုံး သတိထား ကြစေချင်ပါတယ် ခင်ဗျာ။

## Phone ခေါ်ဆိုမှု ကုန်ကျငွေများ

မြန်မာပြည်မှာ ဖုန်းခေါ်ဆိုခတွေ သက်သာပေမယ့် လိုင်းမကောင်းမှု၊ ဟာလို ဟာလို မကြားရမှုကြောင့် ကြာချိန်တွေ ပေါင်းရင် မလေးရှားနဲ့ သူမသာ ကိုယ်မသာ ဖုန်းခေါ်ခတူနေသလို ဖြစ်နေတာ သိရလို့ ပြင်ဆင်ဖို့ အကြံပေးပါရစေ။ မလေးရှားမှာ ဖုန်းလိုင်း အပြိုင်တွေကြောင့် နံပါတ်တူ လိုင်းတူတွေဟာ အချင်းချင်း ခေါ်ရင် သက်သာတယ်။ သူများလိုင်းကို သွားခေါ်ရင် အရမ်းအုပ်တယ် ဆိုတာတွေ ဖြစ်နေပါတယ်။ မြန်မာပြည်မှာလည်း အဲလို မဖြစ်ရအောင် အခုကတည်းက ကြိုးကြပ်စေချင်ပါတယ်။ ငါးထောင်တန်တွေ ထွက်လာရင် ပြောတာပါ။ ထွက်သေးဘူး။ သူတို့ဆီမှာ ကိုယ့် နိုင်ငံသားကဒ်၊ ပတ်စ်စပို့ ပြရင် ဝယ်လို့ ရတယ်။ မွေးနေ့ရောက်ရင် အဲဒီတစ်နေ့လုံး မိမိလိုင်းတူ သူငယ်ချင်းတွေကို တစ်ရက်လုံး အလကားပြောခွင့် ပေးထားပါတယ်။ ဖုန်းပူ၊ နားပူအောင် ပြောပေတော့ မွေးနေ့မှာလေ။ မြန်မာပြည်မှာလည်း အပြိုင် ဖုန်းလိုင်းတွေခွင့်ပြုစေချင်ပါတယ်။ ဆက်သွယ်ရေး ဝန်ကြီးကို ပြောတာပါ။ သူ ခွင့်ပြုမှလေ။

## Phone နှင့် လုံခြုံရေး

မလေးရှားမှာ Sim Card တွေ မှိုလိုပေါက် ပေါ်နေတော့ နံပါတ်တူတွေ၊ ခြိမ်းခြောက်မှုတွေ။ နှောင့်ယှက်မှုတွေ ဖြစ်လာတာကို တွေ့နေရပါတယ်။ တချို့ဆိုင်တွေက ဘာမှမပါလည်း ဝယ်လို့ရနေတော့ Sim Card တွေက အမည်ပေါက် မဟုတ်၊ နာမည် မသိ၊ ဘယ်သူ့ Sim Card မသိတာတွေလည်း ရှိနေလို့ ဒုစရိုက်မှုတွေမှာ သုံးနေတဲ့ Sim Card တွေကို ကိုင်သူတွေကို ဖမ်းရခက်ခဲတဲ့ ပြဿနာတွေ တွေ့နေရပါတယ်။ အစိုးရက အထောက်အထားမပါရင် မရောင်းဖို့ ပြောပေမယ့်လည်း ဒီမိုကရေစီနိုင်ငံမို့ တားဆီးလို့ မရသေးပါဘူး။ ဒါကို ပြောပြတာကလည်း မြန်မာပြည်အတွက် ကြိုတင်ကာကွယ်နိုင်အောင်လို့ပါ။ Sim Card တွေ ပေါ်လာရင် ပြောပါတယ်။

## Prepaid ကဒ်ရဲ့ သက်တမ်း

Sim Card တွေကို ပိုက်ဆံ မလေးရှားငွေ RM:30 (မြန်မာငွေ ရှစ်ထောင့်တစ်ရာ) ထည့်ထားရင် တစ်လ ခံတယ်။ ကုန်လို့ ထပ်မထည့်ရင် နောက်ထပ် နှစ်လ အဝင်လက်ခံလို့ ရတယ်။ ပြန်ခေါ်လို့တော့ မရဘူး။ အဲဒါမှ ထပ်မထည့်ရင်တော့ Sim Card သည် အမှိုက်ပုံးထဲသို့သာ သွားရမည်။ နောက်ထပ် အသစ်တစ်လုံးသာ ဝယ်ပေတော့။ အသစ် ပေါ်တာကိုး။ အဲလိုမှ မဟုတ် မိတ်ဆွေတွေ ပေါ်တယ်။ ဒီနံပါတ်လေးကြိုက်တယ်ဆို ဆက်သုံးပေါ့။ Sim Card က မြန်မာပြည် Sim Card လောက်မှ အဖိုးမတန်ပဲကိုး။ နံပါတ်လှလှတွေဆို ဈေးပိုပေးရပေမယ့် သိပ်တော့ ဈေးမကြီးပါဘူး။ ငါးထောင်ကျပ်လောက်ပါပဲ မြန်မာငွေလေ။ ဟိုတစ်လောက မြန်မာပြည်မှာ Sim Card နံပါတ်လှလှလေးတွေကို သိန်းသုံးဆယ်လောက် ပေးဝယ်တဲ့သူက ရှိသေးတယ်။ သူ့ကြောင့်လည်း Facebook မှာ သိပ်ပေါ်နေရင် မရှိတဲ့ ဒုက္ခရောက်သူတွေကို လှူလိုက်ပါလားဆိုတဲ့ ဝေဖန်သံ တွေ ထွက်လာပါတယ်။ ကျွန်တော် မပြောဘူးနော်။ သူများပြောတာ တင်ပြပေးတာပါ။ မီးမွှေးပေးတာ ဟုတ်ဘူးနော်။ ပြောပြတာပါ။

## Phone Sim Card နဲ့ ပတ်သက်ပြီး အကြံပေးချင်တာက

မြန်မာ့ဆက်သွယ်ရေး တိုးတက်အောင် ဖုန်းကုမ္ပဏီတွေကို လုပ်ကိုင်ခွင့်ပေးပြီး ငါးထောင်တန်တွေကို ထုတ်ပေးသင့်နေပါပြီ။ ထုတ်ပေးရင်လည်း မလေးရှားနိုင်ငံကဲ့သို့ ပေါတိုင်း အလကားမဖြစ်အောင်၊ ဒုစရိုက် ဂိုဏ်းတွေက ငွေညှစ်တာမျိုးတွေ မဖြစ်ရအောင်၊ သေချာ စီစစ်ရောင်းချပြီး နိုင်ငံသားကဒ် နေရာဒေသ အားလုံးကို မှတ်တမ်းမှတ်ရာနဲ့ သိမ်းဆည်းပြီး အမိမြန်မာပြည်ကြီး ဒီမိုကရေစီနဲ့အညီ စည်းကမ်းရှိစွာ ဆက်သွယ်ရေး တိုးတက်ပြီး ပြည်သူပြည်သားများ အပြုံးပန်းနဲ့ ဖုန်းအလန်းလေးတွေ ကိုင်နိုင်ကြပါစေလို့ စေတနာရှေ့ထားရင်း ကျေးဇူးတင်ပါကြောင်း ပြောကြားရင်း တင်ပြလိုက်ရပါသည်။

# စာမေးပွဲဖြေဆိုစွမ်းရည် တိုးတက်ရေးအတွက် အလွယ်နည်းလမ်း

မနော်ဖြူလေး

နိုင်ငံတကာ စာမေးပွဲမှ မဟုတ်ပါဘူး။ ဘယ်စာမေးပွဲမဆို နည်းလမ်းသိရင် အောင်မြင်ဖို့ ရာခိုင်နှုန်း ပိုများပါတယ်။ အဲ ကြိုးစားမှုတော့ လိုတာပေါ့။ ကျွန်မ နားလည်ထားတဲ့ နည်းလမ်းကောင်းတွေကို ပြောပြမယ်နော်။ လိုက်နာ ကျင့်ကြံပြီး အောင်မြင်မှုကို လှမ်းတက်နိုင်ပါစေ။

## (၁) ဖတ်ပါ။

ဖတ်ပါ ဆိုလိုက်လို့ သိပ်လွယ်လွန်းတယ်လို့တော့ မထင်ပါနဲ့။ သူများ ပြောမှလား ဆိုတဲ့ အတွေးကိုလည်း မတွေးလိုက်ပါနဲ့ဦး။ စာများများ ဖတ်ထားခြင်းဖြင့် ဝေါဟာရများ ပိုကြွယ်လာပြီး စာဖတ်လည်း မြန်လာပါတယ်။ တကယ့် စာမေးပွဲမှာ စက္ကန့်တိုင်း အရေးပါပါတယ်။ စာကျက်တာမဟုတ်ပဲ။ သုံးလေးခေါက်လောက် ထပ်ခါ ထပ်ခါ ဖတ်ကြည့်ပါ။

## (၂) ဖြေဆိုပုံ အဆင့်ဆင့်ကို သိထားပါ။

စာမေးပွဲတွင် ဖြေဆိုပုံ အဆင့်ဆင့်ကို အကျွမ်းတဝင် သိထားပါက အလွန်အဖိုးတန်တဲ့ အချိန်တွေကို အကောင်း ဆုံး အသုံးချနိုင်မှာ ဖြစ်ပါတယ်။ အချိန်ကို အလဟဿမဖြစ်စေခြင်းကြောင့် ပိုထွက် လာတဲ့ အချိန်ကို ကောင်းစွာ မဖြေနိုင်တဲ့ မေးခွန်းများအတွက် အချိန်ပေးနိုင်ပါတယ်။

## (၃) လေ့ကျင့်ပါ။

ပွဲမဝင်ခင် အပြင်က ကျင်းပဆိုသလို တကယ့်စာမေးပွဲကြီး မဖြေမီ များနိုင်သမျှ များများအစမ်းစာမေးပွဲများ လေ့ကျင့်ဖြေဆိုထားခြင်းဖြင့် ယုံကြည်မှု ပိုမိုတိုးလာပြီး တကယ့်စာမေးပွဲနေ့မှာ စိတ်လှုပ်ရှားမှုကို လျော့နည်းစေ ပါတယ်။

## (၄) ပတ်ဝန်းကျင် အခြေအနေကောင်း ဖန်တီးပါ။

တကယ့်စာမေးပွဲနေ့အတွက် ပြင်ဆင်မှုများကို ပြုလုပ်ပါ။ ပြင်ဆင်မှုဆိုရာမှာ ခဲတံ အပိုယူဆောင်သွားခြင်းသာ မဟုတ်ဘူး။ စာမေးပွဲဖြေဆိုမယ့် မနက်ပိုင်းမှာ အစားအသောက်များစွာ မစားသင့်ပါဘူး။ ဖြေဆိုမယ့်ညမှာ လည်း ညနက်တဲ့အထိ စာများကို မကြည့်သင့် မကျက်မှတ်သင့်ပါဘူး။ စာမေးပွဲသွားဖြေရာတွင် အနွေးထည် ယူဆောင်သွားသင့်ပါတယ်။ ပူအိုက်တဲ့ရာသီမှာ အနွေးထည်က ဘာလုပ်ဖို့လဲလို့တော့ မပြောလိုက်ပါနဲ့။ အပိုအဖြစ် ဖျားတာနာတာကို ကာကွယ်နိုင်ပါတယ်။ နောက်တစ်ချက်က ဖြေမယ့်အခန်းမဝင်မီ အခြေအနေ ကောင်းမှာပါဟု ကြိုတွေးပါ။ မျှော်လင့်ပါ။ ထိုသို့ ဖန်တီးခြင်းကြောင့် စာမေးပွဲကို သက်သောင့်သက်သာ ဖြေဆို နိုင်ပြီး ရလဒ်ကောင်းတွေ ရရှိနိုင်မှာ ဖြစ်ပါတယ်။

## (၅) အမှတ်ပေးပုံစံကို နားလည်ထားပါ။ မဖြေမီ အမှတ်ပေးစနစ်ကို

လေ့လာထားခြင်းကြောင့် အကျိုးကျေးဇူးရရှိနိုင်ပါတယ်။ အချို့စာမေးပွဲများမှာ အဖြေလွှာ၌ ကွက်လပ်ထားရှိခြင်းကြောင့် ဘာမှမဖြစ်သော်လည်း မှားယွင်းစွာဖြေဆိုမှုကြောင့် ရမှတ်မှာ အနုတ် ဖြစ်ရပါတယ်။ ဒါကြောင့် ဖြေဆိုသူအနေနှင့် အဖြေအတွက် မရေမရာ ဖြစ်ရင် သတိထားသင့်ပါတယ်။ ထိုကဲ့သို့ စာမေးပွဲမျိုးတွင် နံကြားထောက် ဖြေဆိုခြင်းမျိုးထက် မဖြေဆိုဘဲ ထားခြင်းက ပိုကောင်းတယ်လို့ ကျွန်မ ယူဆမိပါတယ်။ ကဲ... မှတ်ရတာတွေလည်း များနေပြီဆိုတော့ နောက်အရေးကြီးတာ သိထားသင့်တာလေးတစ်ခုပဲ ထပ်ပြော တော့မယ်နော်။

## (၆) လွယ်တာ ကိုယ်သိတာ မှတ်မိတာကို အရင်ဖြေပါ။

စာမေးပွဲတွင် ကိုယ်ရသော မေးခွန်းများကို အရင်ဖြေပါ။ မဖြေနိုင်တဲ့မေးခွန်း၊ မရေရာ မသေချာတဲ့ မေးခွန်းတွေ ကို ကျန်ထားပြီး ရတဲ့မေးခွန်း အကုန်လုံးကို ဆက်တိုက်ဖြေပါ။ ထိုသို့ ဖြေသောကြောင့် အပိုင်ရမှတ်တွေကို ရရှိမှာဖြစ်ပြီး နောက်ပိုင်း ပိုသော အချိန်တွေမှာ ခက်ခဲတဲ့ မသေချာတဲ့ မေးခွန်းတွေကို စဉ်းစားချိန်ရရှိပြီး အောင်မှတ်ကောင်းများနဲ့ အနိုင်ရရှိနိုင်ပါစေလို့ ကျွန်မယုံကြည်နေမိပါတော့တယ်။ စာဖတ်သူအားလုံး အမှတ်ကောင်းကောင်းနဲ့ အောင်မြင်မှုများစွာကို လက်ဝယ်ပိုင်ပိုင်ဆုပ်ကိုင်ပြီး အများအကျိုးရွက်ဆောင်နိုင်တဲ့ သားကောင်းသမီးကောင်းများ၊ မိဘကျေးဇူးဆပ်နိုင်ပြီး သာသနာအကျိုးများ လုပ်ဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုလျက်....



Image Credit: knowcrazy.com

# နည်းနည်းလေး စဉ်းစားတတ်ရင်ပေါ့လေ

မနော်ဖြူလေး



ခုတစ်လော အပျင်းထူပြီး ကျွန်မ စာမရေးတာ အတော်ကြာပါပြီ။ စိတ်ထဲမှာ ရေးစရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိပေမယ့် အပြင် မထုတ်ချင်တာလည်း ပါပါတယ်။ ဒါပေမယ့် တချို့အကြောင်းအရာတွေက ရင်ထဲမှာ သိမ်းထားမိရင် မသိမမြင် မကြုံဖူးတဲ့သူတွေရှိနေကြမယ့်သူတွေအတွက် ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။

လူဆိုတာ အပြစ်အနာ အဆာ ကင်းနိုင်ကြတာမှ မဟုတ်တာ။ လူတိုင်းမှာ ကောင်းကွက်လေးတွေ ရှိသလို ဆိုးကွက်တွေလည်း ရှိကြမှာပါ။ အဆိုးအကောင်းဆိုတာ အမြဲဒွန်တွဲလေ့ရှိပါတယ်။ တစ်ခါတလေ တစ်ဖက်သတ် အမြင်နဲ့ ဆုံးဖြတ်တတ်ကြတဲ့ လူတွေလည်း သင် တွေ့ဖူးချင် တွေ့ဖူးမှာပါ။ အဲလိုအချိန်ကျရင် သင့်စိတ်ထဲ ဘယ်လိုခံစားမိပါသလဲ။ လူတွေစိတ်ကလည်း တစ်မျိုးပဲနော်။ လူတစ်ယောက်ကို မကောင်းမြင်ပြီ ဆိုရင် ဒီလူတစ်ယောက် ဘယ်လောက်ပဲ လုပ်ပေးခဲ့၊ လုပ်ပေးခဲ့ အကောင်း မမြင်တော့ဘူး။ ဘာတွေ ဘယ်လိုပဲ အမြင် ကြည်လင်အောင် ဆောင်ရွက်ပေးပေး ဒီလူကို မျက်စိဒေါင့်ထောက်ကြည့်ပြီး ဟိုဟာ အပြစ်မြင် ဒီဟာအပြစ် မြင်တတ်တဲ့ လူတွေကိုကော တွေ့ခဲ့ဖူးပါသလား။ အဲကောင်းတာမြင်တဲ့ သူကျတော့လည်း ဘယ်လောက်ပဲ အခွင့်အရေးတွေ လိမ့်ယူပါစေ အပေါ်ယံအပြောလေးတွေကြောင့် အပြစ်မမြင်ကြတော့ ပြန်ဘူး။ ဒီလို လူမျိုးတွေဟာ အချိန်ကြာလာတာနဲ့အမျှ ကိုယ့်ပေါ်ကောင်း တဲ့သူ မြဲနေနိုင်ပါ့မလား ဆိုတာ သင် ပြော နိုင်မလား။ ဘယ်လို မြင်ပါသလဲ။

ကိုယ်ကရော အားလုံးအပေါ် မျှတမှု ရှိရဲ့လား။ ဖိနှိပ်ချင်တဲ့သူကျတော့ အခွင့် အရေးအတူတူ ယူတာချင်းသူတွေမှာ ဘာ ကြောင့် ကိုယ်အမြင်မကြည်လင်တဲ့သူမှ ပိုပြီး မကောင်း မြင်ရတာလည်းဆိုတာ နားမလည်နိုင်တော့ဘူး။ ဒါဆိုရင်တော့ ဒီလို လူမျိုးတွေဟာ အကောင်းအဆိုးကို တကယ်ပဲ မခွဲခြားနိုင်တဲ့သူတွေ ဖြစ်နေ ပါသလား။ ကိုယ့်စိတ်မှာ အကောင်းအဆိုး မဝေခွဲနိုင်သူတွေဖြစ်တဲ့ အတွက် ကိုယ့်အသိုက်အဝန်းနဲ့ ပတ်ဝန်းကျင်ကို မကွဲကွဲအောင် အမြဲခွဲနေတဲ့သူတွေ ဖြစ်နေတတ်ပြန်တယ်။ ဒီလိုဝန်းကျင်မှာ နေတဲ့သူတွေကရော တဖြည်းဖြည်းနဲ့ ရှေ့တစ်မျိုး ကွယ်ရာတစ်မျိုးလုပ်တဲ့သူတွေပဲ တိုးပွား လာနိုင်တာပေါ့။ ပွင့်လင်းမှုမရှိတဲ့ သူတစ်ယောက်ဟာ ညှိနှိုင်းရေးအမြင်လည်း မရှိနိုင်ဘူးလေ။ ကိုယ့်အမြင်နဲ့ အထင်ကို ထုတ်ဖော်ဖို့ မလို ဘူးဆိုတဲ့ စိတ်ဓာတ်တွေကြောင့် သူတစ်ပါး က ကိုယ့်အပေါ်မှာ ဘယ်လိုမှ ထင်မြင်သုံးသပ်ချင်တော့မှာလည်း မဟုတ်ဘူး။ ဒီလို အနေအထားနဲ့ ကိုယ့်ဝန်းကျင်မှာ ထိန်းချုပ်ထားခဲ့မယ် ဆိုရင် နောင်အနာဂတ်မှာ အောင်မြင်မယ့်သူ ဖြစ်လာနိုင်ပါသလားဆိုတာ............ ဟုတ်ပြီ သင်ကော ဒီလိုလူမျိုးဟာ ဘယ်လိုလူမျိုးဖြစ်နိုင်ပါသလဲဆိုတာ ပြောကြည့်ပေးပါဦး။ လူမှုဆက်ဆံရေးမှာ ကျင့်သုံးဖို့ စကား လုံးတစ်ခုကတော့ ကြီးသူကို ရိုသေ၊ ရွယ် သူကိုလေးစား၊ ငယ်သူကို သနားတဲ့ ဟုတ် ပါတယ်နော်။ ဒီလိုပဲ နှိမ့်ချတတ်မှုဆိုတာ ပေါင်းသင်းဆက်ဆံတဲ့အခါ ထိပ်တိုက် ဖြစ် အောင် ရင်မဆိုင်ဖို့လည်း လိုပါတယ်။

ဥပမာ ကိုယ့်လောက် စိတ်သဘောထားမပြည့်ဝတဲ့သူနဲ့တွေ့တဲ့ အခါမှာ ဖြစ်နိုင်ရင် ရှောင်သွားဖို့၊ မရှောင်နိုင်ရင်လည်း ယဉ်ယဉ်ကျေးကျေးပဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချပြီး လျှော့ပေးဖို့၊ နောင် ဒီလိုလူမျိုးနဲ့ မတွေ့အောင် တတ်နိုင်သရွေ့ ရှောင်ဖို့ပဲ ဖြစ်ပါတယ်။ ကားမောင်းတဲ့အခါ ကိုယ်က လမ်းမှန်အတိုင်း သွားနေပေမယ့် ကိုယ့်လမ်းကြောင်းထဲမှာပြီး ထိပ်တိုက် မောင်းလာတဲ့ ကားကို ရှောင်ပေးဖို့ပဲ ဖြစ်ပါတယ်။ မရှောင် ရင် တိုက်မိပြီး ဒုက္ခရာအနာတရဖြစ်မှာပေါ့ ဟုတ်ဘူးလားနော်။ အလားတူပဲ အရက်မူးနေတဲ့လူ၊ ခေါင်းမကောင်းတဲ့လူနဲ့တွေ့ရင် သွားပြီး စကားများ ရန်ဖြစ်လို့ အလကားပါပဲ။ ကိုယ်က ဦးအောင်ရှောင်သွားမှ တော်မယ် ဒါဟာ ကြောက်စိတ်ရှိလို့ မဟုတ်ဘူးနော်။ ဒီလိုပဲ လူမျိုးစုံနဲ့ ပေါင်းသင်း ဆက်ဆံတဲ့အခါမှာ အရက်မူးသမားလို၊ အရူးလို သိသိသာသာကြီး မူမမှန်တဲ့ လူတွေနဲ့ တွေ့ရမှာထက် ပညာ ဘယ်လောက်တတ်တတ် စိတ်ဓာတ်မပြည့်ဝတဲ့လူမျိုးနဲ့ တွေ့ရမှာက ပိုများပါတယ်။ အဲဒီမှာလည်း ပညာတတ် ဆိုတဲ့နေရာမှာ ကျောင်း၊ တက္ကသိုလ် အောင်တာကို အဓိက ပြောတာ မဟုတ်ပါဘူး။ အတွေ့အကြုံနဲ့ စိတ်ဓာတ်ပြည့်ဝမှု၊ အထက်စီးနဲ့ အမိန့်ပေးပေါင်းသင်း ဆက်ဆံတာမျိုး မလုပ်တာလို့ ကျွန်မ ယူဆမိပါတယ်။ ကိစ္စတစ်ရပ်ကို ကိုယ်က အပြည့်အစုံမသိဘဲနဲ့ လက်အောက်ငယ်သားတွေကို ဆူပူ ကြိမ်းမောင်းပြီး ခိုင်းတာ မျိုးကိုလည်း ကျွန်မ မကြာခဏ တွေ့မြင်ဖူးပါတယ်။

ဒါကြောင့် နေရာတိုင်းမှာ နှိမ့်ချ ပေါင်းသင်းလို့ မဖြစ်နိုင်ပါဘူးလို့ ကျွန်မ တွေးကြည့်မိပါတယ်။ ဒီလိုဘဲ ဖြစ်လည်း မဖြစ်သင့်ပါဘူး။ ကိုယ် မှန်ကန်တယ်လို့ ယူဆရမိရင်လည်း ဒါကို လျှော့မပေးသင့်ပါဘူး။ တစ်ခါတစ်ရံ လူတွေဟာ ကိုယ်စီးတဲ့ မြင်း အထီးလား အမလား ခွဲခြားမသိသလိုပါပဲ၊ စကားပြောတဲ့အခါမှာလည်း ပြောသင့်၊ မပြောသင့် မစဉ်းစားဘဲ လူတစ်ဖက်သားကို နင်ပဲငါဆ မပြောသင့် မပြောအပ်ပါဘူးလို့ ကျွန်မရဲ့ စိတ်အတွေးက လက်ခံယူဆနေမိပါတယ်။ ဒါဟာ ပညာတတ်တွေရဲ့ အလုပ်မဟုတ်ပါဘူး။ နည်းနည်းလေး စဉ်းစားတတ်ရင်ပေါ့လေ.....

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

MYANMAR JOB SEARCH
ဤကဏ္ဍတွင် အခမဲ့ ကြော်ငြာလိုပါက www.myanmarjobsea

# အလုပ်ရှာဖွေနေသူများ (Job Seeker)

## Banking and Financial Services

| | |
|---|---|
| NAME | May Phyu Hnin |
| SEEKING | Any (Suitable) |
| AGE | 23 |
| Contact | 4294967295 |
| NAME | Kaung Htet |
| SEEKING | Junior Assistant |
| AGE | 20 |
| Contact | 973148391 |

## Sales and Marketing

| | |
|---|---|
| NAME | K Htet |
| SEEKING | General Manager |
| AGE | 29 |
| Contact | 943051496 |
| NAME | Shwe San Myay |
| SEEKING | Executive and Manager |
| AGE | 35 |
| Contact | 947224440 |

## Other

| | |
|---|---|
| NAME | San Lwin |
| SEEKING | Manager/Officer/ Program Coordinator |
| AGE | 36 |
| Contact | 400028928 |
| NAME | Kyaw Kyaw |
| SEEKING | Chinese Translator |
| AGE | 31 |
| Contact | 4294967295 |
| NAME | Mya Hnin Yee |
| SEEKING | Quality Assurance / Quality Control/ Laboratory |
| AGE | 28 |
| Contact | 973221883 |

## Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Khaing Min |
| SEEKING | Photographer |
| AGE | 24 |
| Contact | 944401356 |

## Human Resources

| | |
|---|---|
| NAME | Sai Saie Mainn |
| SEEKING | HR staff |
| AGE | 22 |
| Contact | 1544926 |
| NAME | Min Thu |
| SEEKING | Human Resources |
| AGE | 21 |
| Contact | 943144932 |

## Administration/Support/ Customer Care

| | |
|---|---|
| NAME | Nway Nway |
| SEEKING | Administration Staff/ Accounting and Office Staff |
| AGE | 27 |
| Contact | 240702 |
| NAME | Wai Phyo |
| SEEKING | Consulting , Personal Assistant ,Customer Care |
| AGE | 21 |
| Contact | 942529045 |
| NAME | Miss Hnin Aye win |
| SEEKING | Hotel Management/ Administration, Translator |
| AGE | 29 |
| Contact | 5724185 |
| NAME | Wai Yar Lin |
| SEEKING | Assistant Operation Manager, Admin Executive |
| AGE | 28 |
| Contact | 973130156 |
| NAME | Hla Myo |
| SEEKING | Manager |
| AGE | 52 |
| Contact | 450023918 |

## Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Tin Soe |
| SEEKING | IT Manager, Admin Manager, Education Teacher |
| AGE | 32 |
| Contact | 95013670 |

## Media, Advertising, Arts, Entertainment

| | |
|---|---|
| NAME | Pinky |
| SEEKING | Suitable |
| AGE | 20 |
| Contact | 944853499 |
| NAME | Ngun Zar |
| SEEKING | Media, Advertising, Arts, Entertainment |
| AGE | 23 |
| Contact | 522881 |
| NAME | Myo Thant |
| SEEKING | Camera Man/Editor/ Graphic |
| AGE | 21 |
| Contact | 73113472 |
| NAME | Ye Win Naing |
| SEEKING | Graphic Designer |
| AGE | 34 |
| Contact | 973183401 |
| NAME | Mg Aung Paing |
| SEEKING | Media & Art |
| AGE | 20 |
| Contact | 95083083 |

## Management, Executive

| | |
|---|---|
| NAME | Zin Mar Thein |
| SEEKING | Purchasing Manager |
| AGE | 26 |
| Contact | 4294967295 |
| NAME | U Saw Naing Win |
| SEEKING | Phone Hardware & Software |
| AGE | 25 |
| Contact | 73247096 |
| NAME | Win Min Htun |
| SEEKING | Admin Manager or Operation Manager |
| AGE | 34 |
| Contact | 420718092 |
| NAME | Sai Won Latt |
| SEEKING | Manager, Advisor, Human Management |
| AGE | 28 |
| Contact | 4294967295 |
| NAME | Kyaw Myat Chit |
| SEEKING | Asst:Marketing Manager |
| AGE | 30 |
| Contact | 973166423 |

# အလုပ်ရှင်များ၏ ခေါ်စာများ (Vacant Position)

## Do Co Mo Mobile & IT

| | | |
|---|---|---|
| VACANT | ဖုန်းနှင့် ပတ်သက်၍ စာရင်းကိုင်ကျွမ်းကျင် | 4 |
| | ဖုန်းနှင့် ပတ်သက်၍ အရောင်းကျွမ်းကျင် | 10 |
| | ဖုန်းနှင့် ပတ်သက်၍ ဈေးကွက် ကျွမ်းကျင် | 10 |
| PHONE | ၀၉ ၄၀၁၅ ၂၆၉၃၆, ၀၉ ၄၂၀၀ ၄၅၇၈၉ | |
| ADDRESS | ပ (၁)၊ ပဒုမ္မာလမ်း၊ စမ်းချောင်းမြို့နယ်။ | |

## Neolution International Myanmar Co.Ltd.

| | | |
|---|---|---|
| VACANT | Sale & Marketing | 4 |
| PHONE | 09-450060357 | |
| ADDRESS | No.98, Makayar Min Tar Gyi MG Phyo Street ,HLAING TAYAR Industry Zone. | |

## SML Business Group

| | | |
|---|---|---|
| VACANT | Lab Technician | 3 |
| PHONE | 09-420255104,8603523 | |
| ADDRESS | S-19, U Chit Maung Housing, U Chit Maung Road, Tamwe, Yangon. | |

## EX Myanmar Co., Ltd

| | | |
|---|---|---|
| VACANT | Manager (Advertising) | - |
| | Manager (Entertainment) | - |
| | Marketing Staff (Advertising) | - |
| | Marketing Staff (Entertainment) | - |
| | PHP Web Developer | 10 |
| | Marketing Staff | 2 |
| PHONE | 01-559581 | |
| ADDRESS | 51/G-10, Pearl Lane, Pin Shwe Nyaung Street, Tamwe Tsp., Yangon. | |

## Binary To Reality

| | | |
|---|---|---|
| VACANT | C# ASP.NET Developer | 1 |
| | Web Designer | 1 |
| PHONE | 09-2020841 | |
| ADDRESS | No 261, 33rd Street, Between 83rd and 84th Street. | |

## Brightex Paints

| | | |
|---|---|---|
| VACANT | Admin Manager | - |
| | Marketing Manager | - |
| | HR Manager | - |
| | Office Assistance | - |
| | Delivery Staffs | - |
| PHONE | 09-421105301 | |
| ADDRESS | No.C/G-1, Waizanyantar Road, Thingangyun Township. | |

## Japan TAU Corporation

| | | |
|---|---|---|
| VACANT | Overseas Agent for Marketing and Sales | 1 |
| PHONE | (+81.48.601.0812) | |
| ADDRESS | LA Tower 10F, 11-2 Shintoshin Chuo-ku, Saitama, 330-6010, Japan . | |

## SCS Global Consulting Myanmar Ltd.

| | | |
|---|---|---|
| VACANT | Accountant | - |
| PHONE | 95-1-376292 | |
| ADDRESS | Building 458-460, Room-2, Yathar Condominium 8F, Mahabandoola Street, Pabedan Township. | |

arch.comတွင် အချက်အလက်များကို ဝင်ရောက် ဖြည့်စွက်နိုင်သည်။

Powered by MYANMAR JOB SEARCH

## အလုပ်ရှာဖွေနေသူများ (Job Seeker)

### Hospitality, Travel and Tourism

| | |
|---|---|
| NAME | Su Thandar Oo |
| SEEKING | Suitable |
| AGE | 20 |
| Contact | 95024144 |
| NAME | Naychi |
| SEEKING | Suitable Post |
| AGE | 21 |
| Contact | 09-42113106 |
| NAME | Mangpu |
| SEEKING | Hospitality, Travel and Tourism |
| AGE | 32 |
| Contact | 450057966 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Wonnakoko |
| SEEKING | Software Developer |
| AGE | 25 |
| Contact | 95068854 |
| NAME | Tin Htun Aung |
| SEEKING | IT Manager |
| AGE | 35 |
| Contact | 505266 |
| NAME | Pyi Phyo Han |
| SEEKING | Network Engineer |
| AGE | 27 |
| Contact | 450020858 |

### Web Site Development

| | |
|---|---|
| NAME | Thant Sin Aung |
| SEEKING | Junior Web Developer |
| AGE | 20 |
| Contact | 4294967295 |
| NAME | Minn Ko Aung |
| SEEKING | Graphic & Web Designer |
| AGE | 25 |
| Contact | 97319588 |

### Engineering

| | |
|---|---|
| NAME | Win Po |
| SEEKING | Engineering in Electronics |
| AGE | 26 |
| Contact | 444014256 |
| NAME | Kyaw San Oo |
| SEEKING | Site Engineer |
| AGE | 26 |
| Contact | kyawsanwin1@gmail.com |
| NAME | Nyi Nyi Htun |
| SEEKING | Junier Engineer |
| AGE | 23 |
| Contact | 943100246 |
| NAME | Ei Thandar |
| SEEKING | Engineer |
| AGE | 25 |
| Contact | 973240831 |
| NAME | Thaw Moe Sak |
| SEEKING | Engineering |
| AGE | 24 |
| Contact | 943009778 |
| NAME | Nyan Lin Soe |
| SEEKING | Electrical Engineer |
| AGE | 31 |
| Contact | 4294967295 |

### Engineering

| | |
|---|---|
| NAME | Toe Tet Aung |
| SEEKING | Engineering job |
| AGE | 22 |
| Contact | 943179323 |
| NAME | Pyae Phyo Zaw |
| SEEKING | Site Engineer |
| AGE | 24 |
| Contact | 943118562 |

### Education and Training

| | |
|---|---|
| NAME | Tony Hayes |
| SEEKING | English Teacher and Tutor |
| AGE | – |
| Contact | 4086685053 |
| NAME | Phoo Pwint Phyo |
| SEEKING | Primary Teacher |
| AGE | 20 |
| Contact | 95178440 |
| NAME | Zaw Min Oo |
| SEEKING | Technician/Teaching Mobile Software |
| AGE | 32 |
| Contact | 450060659 |
| NAME | Cho Mar Aye |
| SEEKING | Chinese Translator |
| AGE | 33 |
| Contact | 299720 |
| NAME | Su Larb Yadanar |
| SEEKING | English Tutor |
| AGE | 20 |
| Contact | 973138483 |
| NAME | Zara |
| SEEKING | Teacher |
| AGE | 32 |
| Contact | 3323649588 |

### Accounting

| | |
|---|---|
| NAME | Nway Nway |
| SEEKING | Administration staff/ Accounting and Office Staff |
| AGE | 27 |
| Contact | 240702 |
| NAME | Su Myat Mon |
| SEEKING | Accounting |
| AGE | 26 |
| Contact | 420102147 |
| NAME | Chit Chit Po |
| SEEKING | Admin |
| AGE | 21 |
| Contact | 940153118 |

### Accounting

| | |
|---|---|
| NAME | May Su |
| SEEKING | Accountant |
| AGE | 23 |
| Contact | 421100204 |
| NAME | Hsu Mon Win |
| SEEKING | HR Department |
| AGE | 20 |
| Contact | 448016761 |
| NAME | Aye Mya Khaing |
| SEEKING | Accountant |
| AGE | 21 |
| Contact | 450000802 |
| NAME | Soe Min Nge |
| SEEKING | Accounts |
| AGE | 32 |
| Contact | 943074948 |
| NAME | May Myat Mon Aye |
| SEEKING | Accountant |
| AGE | 25 |
| Contact | 943115821 |
| NAME | Ei Thet Paing |
| SEEKING | Accountant |
| AGE | 24 |
| Contact | 421025098 |
| NAME | Winn Naing U |
| SEEKING | Admin or HR Position |
| AGE | 27 |
| Contact | 973061196 |
| NAME | Thi Ha Thit |
| SEEKING | Sales or Something |
| AGE | 16 |
| Contact | 943030697 |
| NAME | Aung Myo Htut |
| SEEKING | Accountant |
| AGE | 22 |
| Contact | 94924396 |

### Computer/ICT/Electronics

| | |
|---|---|
| NAME | Sun Thurain Moe |
| SEEKING | IT Related |
| AGE | 40 |
| Contact | 92009082 |
| NAME | Win Naing Oo |
| SEEKING | Networking |
| AGE | 25 |
| Contact | 973503835 |
| NAME | Su Phyu Phyu Htay |
| SEEKING | IT |
| AGE | 23 |
| Contact | 973138078 |
| NAME | Min Lwin |
| SEEKING | Phone Software Service Man |
| AGE | 20 |
| Contact | 95063262 |
| NAME | TAY ZAR TUN |
| SEEKING | IT/Computer Hardware & Networking |
| AGE | 29 |
| Contact | 942530663 |
| NAME | Htoo Wai Myat |
| SEEKING | Software Engineer, Project Manager |
| AGE | – |
| Contact | 973046276 |
| NAME | Thandar Zin Win |
| SEEKING | Programmer |
| AGE | 24 |
| Contact | 2027669 |
| NAME | Htoo Aung Kyaw |
| SEEKING | Programmer |
| AGE | 26 |
| Contact | 640065 |
| NAME | Zaw Myo Htut |
| SEEKING | Computer & Internet Staff |
| AGE | 22 |
| Contact | 420737794 |
| NAME | Htet Aung Soe |
| SEEKING | IT |
| AGE | 23 |
| Contact | 421111522 |

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4

# အိုင်စီတီခေတ်ကြီးအတွက် "မြန်မာစာသည် ဒို့စာ..." ပြန်ဖြစ်ဖို့ အချိန်တန်ပြီ

XOXO



"မြန်မာစာသည် ဒို့စာ၊ မြန်မာစကားသည် ဒို့စကား..." ဆိုတဲ့ ဆွဲဆောင်မှုရှိပြီး အဓိပ္ပာယ် ရှိလှတဲ့ စာပိုဒ်လေးကို စာရေးသူ ပြန်လည် ရွတ်ဆိုနေမိသည်။

သီပေါမင်း လက်ထက်တုန်းက မြန်မာစာမှာ spacing မတွေ့ရပေမယ့် ယနေ့ ကျန်ရှိနေခဲ့တဲ့ ကျောက်စာတွေမှာတော့ စာလုံးပေါင်း အမှားများ မတွေ့ရပါဘူးဟု မြန်မာစာပေကို လေ့လာလိုက်စားသူများက ဆိုသည်။

မြန်မာစာသည် အင်္ဂလိပ်စာနှင့် မတူသော လွတ်လပ်မှု များစွာ ရှိသဖြင့် ရှုပ်ထွေးမှု များစွာ လည်း ရှိနိုင်သည်ဟု စာရေးသူ သုံးသပ်မိသည်။ မည်သို့ပင်ဆိုစေ စာရေးသူမှာကား ကွန်ပျူတာနှင့် မြန်မာစာကို နေ့စဉ် ရိုက်နေရသည့်အတွက် ကြောင့် ဘောပင်နှင့် စာရွက်ပေါ်မှာ ရေးသားခဲ့သည်တုန်းကထက် မတူသည့် ပုံကြီးတစ်ခုကို မြင်ယောင်မိသဖြင့် စိုးရိမ်စပြုလာသည်။

နည်းပညာခေတ်ကြီးမှာ မြန်မာစာကို လေ့လာလိုက်စားသူများထံသို့ နားဆွဲကြည့်သည့် အခါ၌လည်း စာရေးသူ စိုးရိမ်မိသည်ထက်ကို ပို၍ ပူပင်သောက များနေကြကြောင်း သိရသည်။

အိုင်စီတီ ဂျာနယ်၏ ရှေ့တစ်ပတ်မှာလည်း မြန်မာစာတတ်သူတိုင်းနည်းပညာခေတ်ကြီးမှာ မိုဘိုင်းလ်သုံး နိုင်မည့် စံမြန်မာစာရိုက်စံနစ်ကို ပထမဆုံး ထည့်သွင်းပေးထားသည့် ကမ္ဘာ့ ပထမဆုံး မြန်မာစာပါ အဆင့်မြင့် ဟန်းဆက် များကို KMDနှင့် HTCတို့ ပူးပေါင်း ထုတ်လုပ်ခဲ့ကြကြောင်း ကြားသိရသည်။ မြန်မာစာနှင့် နည်းပညာ အဆင်ပြေ နေပြီဟု သုံးသပ်ရသည်။ ကွန်ပျူတာ ပစ္စည်းများနှင့် အင်တာနက် စာမျက်နှာ များကို ကြည့်လျှင်လည်း မြန်မာစာများဖြင့် ပြည့်လျှံနေသဖြင့် နည်းပညာ ခေတ်ကြီးမှာ လူကြီး လူငယ်မရွေး မြန်မာစာ တတ်ရုံဖြင့် ဗဟုသုတ ဖွေရှာနေကြသည်မှာ နေ့စဉ် မြင်တွေ့ ကြားသိနေရသဖြင့် အားတက်ဖွယ် သတင်းများပင် ဖြစ်သည်။

ထိုသို့ဆိုလျှင် အထက်မှာ ဖော်ပြခဲ့သည့် အတိုင်း စိုးရိမ်ခြင်းများ ဘယ်မှ ရောက်လာသည် ကို လေ့လာသင့်သည်ဟု ယူဆ၍ ဤစာကို ရေးသားလိုက်သည်။

မြန်မာစာကို ချစ်မြတ်နိုးသူတိုင်း စာလုံးပေါင်း၊ သတ်ပုံ မှားလျှင် နားခေါင်းရှုံ့ကြသည်။ အင်တာနက် စာမျက်နှာ၊ အထူးသဖြင့် ဖေ့စ်ဘွတ် လို စာမျက်နှာများတွင် သတ်ပုံ အလွဲများမှာ နေ့စဉ်နှင့် အမျှ မြင်တွေ့နေရသည်။ အများပြည်သူ အတုယူ လေ့လာ ဖတ်ရှုသည့် ဂျာနယ်များ၊ သတင်းစာများ၊ လက်ကမ်းစာစောင်၊ ကြော်ငြာ များတွင်လည်း ရှက်စဖလောက်အောင်ကို မြန်မာစာကို မှားယွင်းစွာ ဖော်ကျူးနေကြသည်။

ထိုသို့ မှားယွင်းမှုမျိုးသည် မြန်မာလူမျိုးများ မြန်မာစာ မတတ်တော့သည်လား ဆိုသည့် စကားသံများဖြင့် ပြည့်လျှံလာ၍ ရှင်းပြစရာ၊ စိုးရိမ် စရာ တစ်ခုဖြစ်လာသည်။

"လူပဲ မှားမှာပေါ့"ဟု ရှေးလူကြီးများ ပြောကြသည်။ ထိုနည်းတူပဲ အင်္ဂလိပ်စာ ရေးသားသူ များလည်း စာလုံးပေါင်း မှားကြသည်။ ထို အမှား များကို ယနေ့လို နည်းပညာခေတ်ကြီး၌ နည်းပါး ပြီး မရှိသလောက်ဖြစ်အောင် ဆော့ဖ်ဝဲလ်များ၏ အကူအညီကို အင်္ဂလိပ်စာ ရေးသားသူများ ရယူကြသည်။ ဥပမာ - Microsoft Wordလို Softwareမျိုးတွင် built-in dictionaryလို့ ခေါ်သည့် အလိုအလျောက် သတ်ပုံ စစ်ဆေးပေး နိုင်သည့် စံနစ် ထည့်သွင်းထားသည်။ စာရေးသူ အင်္ဂလိပ်စာ မတတ်ပဲ အမှားများ ရေးသားနေပါက ၎င်းကွန်ပျူတာ programမှ အလိုအလျောက် အမှန် ပြင်ဆင်ပေးနိုင်သည်။

ထို့ကြောင့် အိုင်စီတီ ခေတ်ကြီးသို့ အင်အား အပြည့်နှင့် ချီတက်နေပြီဖြစ်သော ယနေ့ မြန်မာ နိုင်ငံသည် နည်းပညာ ဆော့ဖ်ဝဲလ်များပေါ်၌ မြန်မာစာကို မြန်မာတစ်ယောက်သဖွယ် အမှားအယွင်း မရှိအောင် ရေးသားနိုင်ဖို့ အရေးတကြီး လိုအပ်လာသည်။

စာလုံးပေါင်းမှန်မှသာ ကွန်ပျူတာ စံနစ်ထဲ၌ ထည့်သွင်းထားသော မြန်မာစာနှင့် ရေးသား ထားသော အချက်အလက်များ၊ အင်တာနက် စာမျက်နှာများပေါ်ရှိ အများသူငှာ လေ့လာနိုင်မည့် သတင်းအချက်အလက်များကို မြန်မာစာတတ်သူတိုင်း ယခုရော နောက်ပါ အဆင်ပြေ ချောမွေ့ ဂုဏ်ယူစွာဖြင့် ရှာဖွေ အသုံးပြုနိုင် ပေလိမ့်မည်။

အင်တာနက်၊ ကွန်ပျူတာပေါ်၌ လက်ရှိ အသုံးပြုနေသော မြန်မာစာများမှာ တစ်မျိုးမက ရှိသည်ဟု သိရသည်။ ကွန်ပျူတာ အများစု၌ ဖောင့်တစ်မျိုးထဲကိုသာ သွင်းထားတတ်ကြသည်။ ဖောင့်အစုံအလင် မသွင်းထားပါက အခြားသော ဖောင့်များဖြင့် ရေးသားထားသော စာရွက်စာတမ်း များမှာ မိမိ ကွန်ပျူတာထဲတွင် လေးထောင့်ကွက်များ (သို့) ဖတ်မရနိုင်သော စာလုံး ပုံသဏ္ဍာန်များဖြင့်သာ ဖော်ပြနေပေလိမ့်မည်။

အင်္ဂလိပ်စာ၌လည်း Arial, Times အစရှိသဖြင့် ဖောင့်မျိုးစုံ ရှိသည်။ မြန်မာစာ၌လည်း Art House Family, Zawgyi-One, Myanmar 3, Innwa, San Myanmar အစရှိသဖြင့် ရှိကြသည်။

အင်္ဂလိပ်စာ၌ Type Face ကွဲသော်လည်း စံနစ် တစ်ခုတည်းကို အသုံးပြုသဖြင့် စာတစ်ကြောင်း ရေးသားပြီးလျှင် လိုချင်သည့် ဖောင့် ပုံစံ ပြောင်းလဲလို့ ရသည်။ Bold, Italicအစရှိသဖြင့် လိုသလို ပြန်ရေးသားစရာ မလိုပဲ စတိုင်လ်မျိုးစုံ သုံးစွဲနိုင်သည်။

မြန်မာစာ၌ ဖော်ပြပါ Type Face များ သည် စာလုံး ပုံသဏ္ဍာန် ကွဲရုံတင် မဟုတ်ပဲ စာလုံးကို တီထွင် ထုတ်လုပ်ထားသည့် အခြေခံ စံနစ်ပါ ကွဲလွဲနေသည်။ ထို့ကြောင့် မြန်မာစာတစ်ကြောင်း ကို Zawgyi-One နှင့် ရိုက်ပြီး Art House စာလုံး သို့ ရွေးချယ် အသုံးပြုပါက ဖတ်မရသည့် စာများ ထွက်ပေါ်လာသဖြင့် အဆင်မပြေ ဖြစ်သည်။

ရုံးများတွင် အသုံးပြုသည့် မြန်မာစာလုံးနှင့် အင်တာနက် စာမျက်နှာများပေါ်ရှိ မြန်မာစာလုံး များမှာ တူညီမှု အလွန်နည်းပါးသည်။ ထိုနည်းတူ ပင် စီးပွားရေး နယ်ပယ်ထဲရှိ နေ့စဉ် အသုံးပြုနေ သော ကွန်ပျူတာပေါ်ရှိ မြန်မာစာလုံးများသည် အမျိုး စုံလင် လွန်းကြသည်။ အခြေခံ စံနစ် ကွဲလွဲရုံတင်မကဘဲ စာရိုက်စံနစ်ပါ ကွဲလွဲနေသည်ဟု သိရသည်။ ထို့ကြောင့် စီးပွားရေး ဌာနတစ်ခုမှ ရုံးတစ်ရုံးသို့ မြန်မာစာဖြင့် အီးမေးလ်ပို့ထားလျှင် ထိုဖောင့်ကိုပါ အီးမေးလ်နှင့် တစ်ပါတည်း attached လုပ်ပေး ရသလို ဖြစ်နေသည်။ မိမိ ပို့လိုက်သည့် စာသည် Innwa ဖောင့်နှင့် ရေးသားထားပြီး၊ လက်ခံရရှိသူ ကွန်ပျူတာ ထဲ၌ Innwa ဖောင့် မရှိပါက မိမိ ပို့စာ ကို လက်ခံရရှိသူ ဖတ်လို့ ရမည် မဟုတ်သော ကြောင့် ဖြစ်သည်။

အင်္ဂလိပ်စာများတွင် Arial Fontနှင့် ပို့လိုက်သည့် စာကို လက်ခံရရှိသူ၏ ကွန်ပျူတာ ထဲ၌ Arial မရှိသော်လည်း ဖတ်ရှုလို့ ရခြင်းမှာ အင်္ဂလိပ်စာ၌ ရှိသမျှ ဖောင့် အလုံးစုံ သည် ကွန်ပျူတာ ဆော့ဖ်ဝဲလ်များမှ နားလည်နိုင်သည့် အခြေခံ စံနစ် တစ်ခုတည်းကိုသာ အသုံးပြုထားခြင်း ဖြစ်ပြီး၊ ကီးဘုတ်မှာ ရိုက်ထည့်ရသည့် စာရိုက် စံနစ်မှာလည်း တူညီမှု ရှိသောကြောင့် ဖြစ်သည်ဟု သိရသည်။

ထိုသို့ လုပ်ဆောင်နိုင်မှသာ မြန်မာ့ အိုင်စီတီ အနာဂတ်အတွက် မည်သည့် နေရာမှ မဆို၊ ကြိုက်သည့် မြန်မာစာလုံး ဖြင့်၊ မိမိ Tabletပေါ်မှာ ဖြစ်စေ၊ PC, Mac ပေါ်မှာ ဖြစ်စေ၊ Smart Phone ပေါ်မှ ဖြစ်စေ၊ အလုပ်အတွက်သော်လည်း ကောင်း၊ ဒီဇိုင်း ဖန်တီးမှုအတွက်သော်လည်း ကောင်း အချိန်ကုန် သက်သာပြီး မြန်စွာ အကျိုး သက်ရောက်မှု ရှိပေလိမ့်မည်။

များမကြာမီ အကောင်အထည် ဖော်လာတော့ မည့် နည်းပညာ စာကြည့်တိုက်များ၊ ကွန်ပျူတာ များပေါ်တွင် ပြုစုထိန်းသိမ်းကြတော့မည့် တိုင်းပြည် အတွက် အရေးကြီး အချက်အလက် များမှာလည်း အများပြည်သူအတွက် အဆင်ပြေ ချောမွေ့ပြီး အသုံးဝင်ပေ လိမ့်မည်။

နည်းလည်သူများ၏ အဆိုအရ ပြည်တွင်းရှိ မြန်မာစာ တီထွင်သူများ အနေဖြင့် ကွန်ပျူတာမှ နားလည်သည့် အခြေခံ စံနစ် အမျိုးစုံကို တစ်မျိုး တစ်ဖုံ သုံးနေကြမည့်အစား ကမ္ဘာတစ်ဝှမ်းမှ စံအဖြစ် သတ်မှတ်ထားသည့် Unicodeဟု ခေါ်သည့် စံနစ်သို့ မိမိတွင်ထားသည့် ဖောင့် များအား ပြောင်းလဲသင့်သည်ဟု ဆိုသည်။

ထိုသို့ ပြောင်းလဲရာ၌လည်း မြန်မာစာ ပါမောက္ခကြီးများမှ ဦးစီး၍ ပညာရှင်များ၊ မြန်မာစာကို အမှန်တကယ် တတ်သိ နားလည်သူ များဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ၊ ပြည်ပမှာ Unicode ကျွမ်းကျင် ပညာရှင်များဖြင့် ပူးပေါင်းကာ အကောင်အထည်ဖော်ဖို့ အချိန်တန်ပြီ ဖြစ်ကြောင်း တိုင်းပြည်အတွက် အပြုသဘောဆောင်လျက် ကြားသိရသလောက် တင်ပြလိုက်ရသည်။

စာမျက်နှာ 11 မှ

ကျွန်တော်မတရားသောနည်းနဲ့ ဘယ်သောအခါမှပိုက်ဆံမရှာတော့ဘူးဟု သတည်း။

နောက်တစ်ခုက မြန်မာပြည်၌ နိုးမှု အများဆုံး ကျူးလွန်သောပစ္စည်းမှာ စက်သုံးဆီဖြစ်ကြောင်း၊ မြန်မာပြည်ရှိ အထင်ကရလမ်းမကြီးတစ်ခုဖောက်လုပ်ရာ၌ စက်သုံးဆီများကို ကားအစီးအလိုက် စာရင်းလိမ်၍ နိုးယူသည်ဟုသိရကြောင်း(ဆီဘောင်ဆာ) လိုက်ရောင်းတာကတော့ ကိုဘအေးတို့ ကိုယ်တွေ့ပါ။

ကိုဘအေးတို့က တစ်နှစ်တစ်ခါဂါဇီစက်ရုံမှာဘွဲ့တံဆိပ်တွေသွားထုတ်ရပါတယ်။ TE ကားကြီးနဲ့ရန်ကုန်ကနေခါလီတက်လာပြီးတော့ပြန်ရောက်တော့လမ်းမှာ စားဖို့သောက်ဖို့လေးရအောင် မကွေးတို့ချောက်တို့အထိရမယ့် ကုန်လေးရှာတင်သွားရအောင်ဆိုပြီးတော့ ယာဉ်မောင်းရဲ့အသိရှိတဲ့ ပြည်မြို့ရောင်လမ်းက အပြင် စက်သုံးဆီဂယ်ရောင်းတဲ့ ဆိုင်တစ်ဆိုင်ကို ဝင်ပါတယ်။ အဲဒီမှာ အစိမ်းပုတ်ရောင်ဘောင်ဆာ အစီးလိုက်ချနေတာကို တွေ့ခဲ့ရတာပါ။

တစ်ကမ္ဘာလုံးရဲ့စံချိန်မှာတစ်ဂါလန်လျှင်(၆)ပုလင်းဖြစ်သော်လည်းမြန်မာပြည်မှာတစ်ဂါလန်လျှင်(၅)ပုလင်းဖြစ်နေသည်မှာကြာပြီဟုဆိုပါတယ်။ ပြီးတော့ စက်သုံးဆီများကို ကားအစီးလိုက်ဂယ်တဲ့အခါ အထူးသတိထားသင့်တဲ့ အချက်တစ်ချက်ရှိကြောင်း၊ တစ်စီးလျှင် အနည်းဆုံး ဂါလန်(၁၆၀၀)ခန့်ဆန့်တဲ့ ဆီကား တစ်ကားကို ဆီဂါလန်ပြည့်မပြည့် ကားအပေါ်ပိုင်းက အဖုံးကို ဖွင့်ကြည့်လေ့ရှိကြကြောင်း၊အဖုံးဖွင့်ကြည့်လို့ဆီအပြည့်ပါတာကိုတွေ့ရမှာဖြစ်ပေမယ့် ဆီကန်ထဲထည့်ပြီးတဲ့အခါချိန်ကြည့်ပါက ဂါလန်(၅၀) ခန့်လျော့နေတာတွေ့ရမှာဖြစ်ကြောင်း၊အဘယ်ကြောင့်နည်း။ဆီထည့်ယူလာသောတိုင်ကီကြီးထဲတွင် ခြောက်လက်မအကျယ်ရှိမိုးကာပိုက်ကြီးကို အခွေလိုက်ထည့်ထားသောကြောင့်ပေတည်း။တိုင်ကီကြီးထဲမှဆီများကိုအကုန်ဖောက်ချပေးပြီးဖြစ်သော်လည်း ခြောက်လက်မမိုးကာပိုက်ခွေကြီးထဲတွင် ဆီဂါလန်ငါးဆယ်ခန့် ကျန်နေတတ်သောကြောင့် ဖြစ်ကြောင်း တွေ့ရပါတယ်။ဆရာတော်က အနိုက်နိုက် ချွတ်ချွတ် လေ့လာထားတာ ဖြစ်ပါတယ်။

ကိုဘအေးသဘောကျတာလေးတစ်ခု ဆက်လက်၍ ဖောက်သည်ချပါဦးမယ်။ တစ်ခါကလည်းတံတားကြီးတစ်စင်းဆောက်ရာတွင်ကိုရီးယားအင်ဂျင်နီယာ များကလာရောက်ကြီးကြပ်ဆောက်လုပ်ကြကြောင်း မြန်မာကားသမားအချို့ ဆီခိုးတတ်တာကို ကြားဖူးထားတဲ့ ကိုရီးယားများက မြေသယ်သော ကားကြီး ဆယ်စင်းကို ကိုယ်တိုင်မြေတင်၊ ဆီထည့်ပြီး၊ နာရီတွက်ကာ မောင်းကြည့်ကြကြောင်း၊ ဆယ်ဂါလန်ဆိုလျှင် တစ်ရက်ကို အခေါက်ငါးဆယ် ရတာတွေ့သွား ကြောင်း၊ ဒါနဲ့မြန်မာကားသမားများ လုပ်ငန်းစဆင်းတဲ့နေ့မှာပင် ကိုရီးယားများက ကားတစ်စီးကို ဆယ်ဂါလန်ထုတ်ပေးပြီးအခေါက်ငါးဆယ်ပြည့်အောင် မောင်းပေးဖို့အခေါက်ငါးဆယ်ပြည့်လို့မှပိုလျှင် ဆီများကို အပြင်တွင်ရောင်းစားခွင့်ပြောင်ခွင့်ပေးလိုက်တယ်။

အခေါက်ငါးဆယ်ပြည့်ပါက ကားတွင် ဆီမကျန်တော့ကြောင်း ကိုယ်တိုင်သိထား၍ အခုလိုခွင့်ပြုကြခြင်းဖြစ်ကြောင်း၊ ဒါပေမယ့် မြန်မာကားသမားများဟာ ကိုရီးယားများမှာထားတဲ့အတိုင်း အခေါက်ငါးဆယ်စီလည်း ပြည့်အောင်မောင်းပေးကြကြောင်း နေ့စဉ်လည်းဆီများကို ပေပါလိုက်ရောင်းစားနေကြကြောင်း ကိုရီးယားများ မျက်စိလည်သွားပြီဖြစ်ပါတယ်။ ဘယ်လိုမှ စဉ်းစားလို့မရအောင် ဖြစ်သွားကြကြောင်း နောက်ဆုံးဘယ်လိုမှ ဉာဏ်မမီနိုင်တော့တဲ့အတွက် မြန်မာကားသမားများ မြေသယ်ရာသို့ ကိုယ်တိုင်လာကြည့်ကြရကြောင်း၊ ဒီမှာပဲ မြန်မာတို့ရဲ့ဆီပိုအောင်လုပ်နည်းကို လက်တွေ့မြင်ကြရတော့ကြောင်း၊ မြေသယ်ကားဆယ်စီးကို ရှေ့ငါးစီး၊ နောက်ငါးစီး ညီညီညာညာရပ်ပြီး မြေများအထည့်ခံကြကြောင်း၊ ဆယ်စီးလုံး မြေများပြည့်သည်နှင့် ရှေ့ငါးစီးကို စက်နှိုး ပြီး နောက်ငါးစီးကို စက်မနှိုးတော့ဘဲ ကြိုးနှင့်ဆွဲ သွားကြကြောင်း၊ ထို့ကြောင့်လည်း ကားငါးစီးကို စက်မနှိုးတော့ဘဲ ကြိုးနှင့်ဆွဲသွားကြကြောင်း၊ ထိုကြောင့် လည်း ကားငါးစီးစာ ဆီများနေ့စဉ်ပိုနေခြင်းဖြစ်ကြောင်း၊ ကိုရီးယားများသည် မြန်မာကားသမားများ စက်ဆီပိုအောင်လုပ်နည်း ဖော်မြူလာကို ကိုရီးယားအထိ အပါယူသွားကြပါတယ်။

အဲဒါမျိုးနဲ့ဆင်တူတဲ့ အဖြစ်ကလေး တစ်ခုကိုလည်း ဆက်လက် တင်ပြချင်ပါတယ်။ လူတွေတော့မဟုတ်ပါ။ တစ်ခါက ရန်ကုန်သာသနာ့တက္ကသိုလ်မှာ သံဃာတော်တွေအတွက် ချက်ဖို့ထားတဲ့ ဘဲဥအလုံးတစ်ရာကျော်ဟာ တစ်ညတည်း ခြေရာလက်ရာမပျက်ဘဲ ပျောက်သွားတဲ့အတွက် စားဖိုမှူးကြီး တော် တော်ကို ဦးနှောက်ချောက်သွားကြောင်း၊ လူလာခိုးတာဆိုလျှင် ဝင်ရာထွက်ရာတွေ့ရမည်၊ ယခုကားမတွေ့ကြောင်း၊ တိရစ္ဆာန်တစ်ကောင်ကောင်ခိုးစားလျှင် လည်း ကွဲရာရှရာတော့ တွေ့ရမည်။ ဤကဲ့သို့လည်းမတွေ့ရကြောင်း၊ နောက်ဆုံးကိုယ်တိုင်သိခွင့်ရအောင် နောက်ထပ်ကြက်ဥတစ်ရာဝယ်ပြီး ယခင်နေရာ မှာပင်ထားလိုက်ကြောင်း၊ မီးမှိန်မှိန်ထဲတွင် ခြင်ထောင်ထောင်ကာ တစ်ညလုံးချောင်းကြည့်နေကြောင်း၊ ညသန်းခေါင်လောက်တွင် လူမဟုတ်သော သူခိုးများကို တွေ့ရလေပြီ။ မြွေကြွက်ကြီးအကောင်ခြောက်ဆယ်ခန့်ဝင်လာသည်ကိုတွေ့ရသည်။ တရားခံတော့တွေ့လေပြီ။

သို့သော် ဘဲဥတွေကို မကွဲမရအောင် ဘယ်လိုများ သယ်ပါလိမ့်ဟု စဉ်းစားနေဆဲမှာပင် ကြွက် အကောင်သုံးဆယ်က ဘဲဥတွေရှေ့နားတွင် ပက်လက်လှန်လိုက်သည်ကို တွေ့ရသည်။ ပြီးလျှင် ဘဲဥတစ်လုံးစီကို သူတို့၏ ဝမ်းဗိုက် ပေါ်သို့ ဖြည်းညင်းစွာတင်ကြသည်။ ကျန် အကောင်သုံးဆယ်က ကြက်ဥများ ဗိုက်ပေါ်တင်ကာ ပက်လက်လှန်နေသော ကြွက်များ၏ အမြီးတို့အားကိုက်ဆွဲယူသွား ကြသည်ကို တွေ့ရ လေသည်။ ဘဲဥတွေကို မကွဲအောင်နိုးယူ တတ်သော အာဂကြွက်များပေတကား။ သူတို့၏ တွင်းထဲသို့လိုက်တူးကြည့်သော အခါ မနေ့ညက နိုးထားသော ဘဲဥအလုံး တစ်ရာကို ပြန်တွေ့ကြရသည်။

ဤကြွက်တွေကို ဘဲဥမကွဲအောင် နိုးယူနည်း မည်သူကများ သင်ပေးလေ သနည်း။ မည်သူကမှ သင်ပေးမည် မဟုတ်ပါ။ ထိုကြွက်များသည် နိုးတတ်သော ဂန်ထမ်းများသေပြီး ကြွက်ဘဝသို့ ရောက်သွားခြင်းဖြစ်ပါလိမ့်မည်။ လူ့ဘဝမှနိုးတတ်သော အလေ့အထသည်ဘဝအထိလိုက်လာခဲ့ပေသည်တကား။ (ကိုဘအေးထင်တာတော့ စောစောက မြေသယ်ကားသမားတွေ သေပြီးကြွက်ဖြစ်သွားတာ ဖြစ်လိမ့်မယ်)။ ဆရာတော် မေတ္တာရှင်(ရွှေပြည်သာ)သည် ကိုယ့်နိုင်ငံသားတွေကို ရိုးသားဖြောင့်မတ်စေချင်သည်။ သီလစင်ကြယ်စေချင်သည်။ သီလစောင့်၍ အူမတောင့်စေချင်သည်။ ဆရာတော်ကိုယ်တိုင်သည် သနားတတ်ပြီး ကူညီတတ်တဲ့အတွက် အလိမ်ခံရပေါင်း မနည်းကြောင်း၊ စာရိတ္တကောင်းတဲ့အတွက် ကြီးပွားချမ်းသာသွားကြပုံတွေ၊ နိုင်ငံတကာက အဖြစ် အပျက်လေးတွေ၊ ကိုယ့်ရဲ့ ဒကာဒကာမတွေအကြောင်းတွေ ဘုရားဟောဇာတ်နိပါတ်တွေထဲက ယောသကသူဌေးသားတို့၊သမာဂတီမိဖုရားတို့၊ ဥတေနမင်းတို့စတဲ့ဇာတ်ကြောင်းတွေနဲ့ သာဓကတွေအများကြီးပြပြီး ရေးထားတဲ့ စာအုပ်လေးဖြစ်ပါတယ်။ ကိုဘအေးက အမြည်းမျှသာတင်ပြထားတာ ဖြစ်ပါ တယ်။ သူတစ်ပါးကိုမကြည်ညိုရင်ကုသိုလ်မရရုံဘဲရှိမယ်။ ကိုယ့်ကိုယ်ကိုယ်မကြည်ညိုရင် အပယ်ကျတတ်တယ်။

အကြောင်းကားသူတစ်ပါးကို လိမ်ညာ၍ ရသော်လည်း မိမိကိုယ်မိမိလိမ်ညာ၍မရ သောကြောင့်တည်းဆိုတဲ့ ဆရာတော်ရဲ့ စာအုပ်တွေထဲက ဒဿနလေးကို အဆုံးသတ်အဖြစ် တင်ပြလိုက်ရ ပါကြောင်း။

# ဗြိတိသျှပိုင် Spitfire တိုက်လေယာဉ် ရှာဖွေခြင်းနှင့် ပတ်သက်၍ ရှင်းလင်း



Image Credit: theprovince.com

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာနိုင်ငံအတွင်းတွင် မြုပ်နှံခဲ့သော ဗြိတိသျှပိုင် Spitfire တိုက်လေယာဉ်များ ရှာဖွေတူးဖော်ခြင်း လုပ်ငန်းများကို ဗြိတိသျှနှင့် မြန်မာနိုင်ငံမှ ရွှေတောင်ပေါ်ကုမ္ပဏီများအုပ်စုတို့ ပူးတွဲဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ Google Maps မှတစ်ဆင့် မြေထုအတွင်း မြုပ်နေသော ပစ္စည်းများအား ရှာဖွေသော စနစ်ဖြင့် ရှာဖွေတွေ့ရှိခြင်းဖြစ်ပြီး၊ သက်ရှိထင်ရှား မျက်မြင်သက်သေ အသက် (၉၁) နှစ်ရှိ ဗြိတိသျှတပ်သား ဟောင်းကြီးမှလည်း မြုပ်နှံထားရာနေရာများကို ညွှန်ပြနိုင်မည်ဟု သိရှိရပါသည်။ လက်ရှိခန့်မှန်းချက်များအရ၊ ရန်ကုန်မင်္ဂလာဒုံလေဆိပ်အနီးတွင်(၃၆) စီး၊ မြစ်ကြီးနားဒေသတွင်(၁၈) စီးနှင့် မိတ္ထီလာမြို့နယ်၊ သဲတောဂမ်းတွင်း ဒေသတွင်(၄) စီး ခန့် မြုပ်နှံထားနိုင်သည်ဟု သက်ဆိုင်ရာတာဝန်ရှိသူများမှ ပြောကြားပါသည်။ အဆိုပါ ရှာဖွေမှုများကို ၁၉၉၈ နှင့် ၂၀၀၄ ခုနှစ်များတွင်လည်း စမ်းသပ်ပြုလုပ်ခဲ့ဖူးကြောင်းနှင့် ယခု ဒုတိယအကြိမ်အဖြစ် ဆက်လက်လုပ်ဆောင်လျက်ရှိရာ အဖွဲ့ခေါင်းဆောင်အဖြစ် ဗြိတိန်မှ Mr. David Cundal ဆိုသူ ကိုယ်တိုင် ဦးစီး၍ သမိုင်းပညာရှင်၊သုတေသနပညာရှင် ဘူမိဗေဒပညာရှင်များနှင့် ပူးတွဲတိုင်ပင် လုပ်ဆောင်သော စီမံကိန်းတစ်ခုဖြစ်ကြောင်း သိရှိရပါသည်။ မြစ်ကြီးနားဒေသတွင် တူးဖော်စဉ် ခန့်မှန်းခြေအားဖြင့် လေယာဉ်အစိတ်အပိုင်းဟု ယူဆရသော ပစ္စည်းများကို သေတ္တာကြီး အတွင်းတွင် တွေ့နေရပြီဖြစ်ကြောင်းနှင့် မင်္ဂလာဒုံလေဆိပ်အတွင်း၊ လေဆိပ် မီးသတ်စခန်းအနီးတွင်(၁၀.၁.၁၉၉၁) မှ စတင်၍ ရှာဖွေခြင်း လုပ်ငန်းများကို စတင် လုပ်ကိုင်နေပြီဖြစ်ပြီး သတ်မှတ်ထားသောနေရာအားလုံး တိုင်းတာတွက်ချက် ရှာဖွေပြီးသွားလျှင် တိကျသော အချက်များကို ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ကြောင်း ရွှေတောင်ပေါ် ကုမ္ပဏီများအုပ်စုမှ မန်နေဂျင်းဒါရိုက်တာ ဦးထူးထူးဇော်မှ ပြောကြားကြောင်း နိုင်ငံပိုင် မီဒီယာများမှ သိရှိရပါသည်။

SUBSCRIBE NOW
Your weekly does on ICT Journal



ICT Journal facebook တွင် like လုပ်ရုံဖြင့် ၁လ အခမဲ့ဂျာနယ် ဖတ်ရမည့် အခွင့်အရေး

Name
Email
Address

Subscription for
3 Months
6 Months
1 Year

Call Now 01-430-897, 01-553-918 or circulation@myanmarict.com
58B Myanma Gon Yaung Housing Tha Thu Mar Road Tamwe Township 11211 Yangon
Republic of the Union of Myanmar


Subscription အတွက် ပေးပို့ရန် အိုင်စီတီဂျာနယ် အီးမေးလ်သို့လည်းကောင်း၊ အိုင်စီတီဂျာနယ် ရုံးလိပ်စာသို့ လည်းကောင်း ပေးပို့နိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL


# မကြီးသင့်သောကြီးခြင်းနှင့် အရေးပါသောဆုံးဖြတ်ချက်

Dr. PTS

ဆရာ Child Ward ထဲက(၃) လ ကလေးလေး Absconded ဆေးရုံမှ ဆင်းခွင့်မရသေးဘဲ ခိုးဆင်းသွားတယ်။ နံနက်ခင်း ဆေးရုံရောက်သည်နှင့် လက်ထောက်ဆရာဝန်လေးက Night Duty Report တင်ရင်းပြောသည်။ ဆေးရုံ၏ တစ်နေ့တာ ဖြစ်စဉ်များနှင့် ထူးခြားဖြစ်စဉ်တို့ကို ဆင့်ကဲဆင့်ကဲ သတင်းပို့ အကြောင်းကြားရသည်။ အလေ့အထကို တာဝန်တစ်ရပ်အနေဖြင့် ဆေးရုံကြီးများတွင်သာမက ဆေးရုံငယ်များ တွင်ပါ ကျင့်သုံးကြပါသည်။ စာရေးသူတို့ အလုပ်သင် ဆရာဝန်ဘဝမှစ၍ ထိုအလေ့ အထကို ရရှိခဲ့ပြီး အကျိုးကျေးဇူးအားဖြင့် Report ဖတ်သူ သက်ဆိုင်ရာဆရာကြီး၊ ဆရာမကြီးများမှ ၎င်းတို့၏ အတွေ့အကြုံ ဗဟုသုတများကို (အခါအားလျော်စွာ) သင်ကြား ပေးတတ်ခဲ့သဖြင့်လည်း မိမိတာဝန် ယူရသော ဤစနစ်ကိုကျင့်သုံး မိခြင်း ဖြစ်ပါသည်။ သို့မှသာအတွေ့အကြုံ ဗဟုသုတနည်းသေးသော ဆရာဝန်ငယ်များ ကို အချိန်တိုအတွင်း ဗဟုသုတ ကြွယ်ဝ စေနိုင်မည် ဖြစ်ပါသည်။ "(၃) လကလေးဆိုတာ Hydrocephalous နဲ့ကလေးပြောတာမလား ဟိုနေ့ ကတောင် သူ့အဘိုးအဘွားတွေကို အကျိုးအကြောင်းရှင်းပြထားသေးတယ်"



Copyright © 2001 Benjamin Cummings, an imprint of Addison Wesley Longman, Inc.




"ဟုတ်တယ်ဆရာ၊ ဆရာမတွေ ပြောတာ ကတော့ သူတို့ကလေးက ငယ်လွန်းလို့ ခွဲစိတ်တာတွေ ထပ်မလုပ်ချင်တော့ဘူး။ သူ့ကံနဲ့ သူပဲ အသက်ရှိသရွေ့ နေပါစေလို့ သူတို့က ဆုံးဖြတ်ထားတယ်တဲ့၊ ဆရာ့ရဲ့ စေတနာကို အားနာလေးစားလို့ ဆရာ သေချာ ရှင်းပြထားလျက်နဲ့ မငြင်းချင်လို့ အခုလို ပိတ်ရက်မှာ ထွက်သွားတာပါ ဆရာ့ကျေးဇူးကို မမေ့ပါဘူးလို့ဘေးက လူနာ တွေကို မှာခဲ့တယ်တဲ့" "ဟောဗျာ" ဆရာ ပြောနေတာ ဆရာ့ အတွက်မှ မဟုတ်တာ ကလေးရဲ့ ဘဝ အတွက်ပြောတာ၊ သူတို့က ရန်ကုန် လည်းသွားနိုင်တဲ့ အခြေအနေရှိလို့ ပြောရတာ၊သူလေးလည်း နေမင်းရောင်လိုပဲ ဖြစ်သွားဦးမှာပဲ" "နေမင်းရောင်ဆိုတာ" လက်ထောက်ဆရာဝန်လေးက မေးသည်။

ဩော်၊ နေမင်းရောင်ဆိုတာလွန်ခဲ့တဲ့ (၃)နှစ်လောက်က ဒီမှာ တက်ခဲ့ တာပေါ့။ ဆရာလေးတို့ အလုပ်မဝင် ခင်သူလည်း Tem (Tubercylous Meningitis တီဘီပိုးကြောင့်ဦးနှောက် အမြှေးရောင်) ကြောင့်Hydrocephalus ရသွားတာ။ သူလည်း တတ်နိုင်ရဲ့သားနဲ့ ရန်ကုန်သွားပြီး CT (ComputedTomgraphy ဦးခေါင်း CTဓာတ်မှန်) ရိုက်ဖို့ Neurosurgery (ဦးနှောက်နှင့် အာရုံကြော ခွဲစိတ်အထူးကု) မှာ Shunt (လမ်းကြောင်းလွှဲ) လုပ်ဖို့ အားလုံးစီစဉ်ပြီးမှ ဘေးလူတွေ စကား နားယောင်ပြီး ဆက်မလုပ်တော့တာ၊ ဒါကြောင့် ကလေးတွေရဲ့အသက်ဟာ ဆရာဝန်ရဲ့ လက်ထဲမှာမဟုတ်ဘူး။ မိဘနဲ့ လူကြီးတွေရဲ့ လက်ထဲမှာပဲ။ အသိဉာဏ် ဗဟုသုတ နည်းပါးတာရယ်၊ ပညာဉာဏ် နည်းပါးတာတွေကြောင့် လုပ်သင့် တာကို မလုပ်ဘဲ ဘာမှ မသိနားမလည်တဲ့ လူတွင်ကျယ် လူပိန်းတွေရဲ့ တောပြော တောင်ပြော စကားတွေပဲ ယုံကြ နားဝင်ကြတာဟာ တို့တိုင်းပြည်ရဲ့ အားနည်းချက်ပဲ၊ ကျန်းမာရေးကဏ္ဍ တိုးတက်ဖို့ဆိုတာ ဆေးရုံနဲ့ ဝန်ထမ်းတွေဘက်ကပဲ ကြိုးစားရမှာ မဟုတ်ဘူး။ ပြည်သူတွေ ဘက်ကလည်း လေ့လာပြီး လက်ခံ ကျင့်ကြံတတ်တဲ့ အလေ့အထကိုမွေးမြူ ဖို့လိုတယ်။ ထိုအတွေ့အကြုံ အဖြစ်အပျက် လေးများကား မိမိတာဝန်ကျရာ နယ်မြို့လေး၌ ရံဖန်ရံခါသာ ကြုံတွေ့ရ သော်လည်း မြို့ကြီးများ၌မူ မကြာခဏ ကြုံတွေ့ရတတ်သည်။ ထို့အတူ ဆရာဝန် ညွှန်ကြားသည့်အတိုင်း လိုက်နာ၍ ကုသမှု ခံယူတတ်သည်။ ပမာဏမှာလည်း (၃ဂ) ရာနှုန်းခန့်သာဖြစ်ပြီး (၇ဂ) ရာနှုန်းမှာ နေမင်းရောင်ကဲ့သို့ပင် သေသည် အထိ ဘဝတစ်လျှောက်လုံး ခေါင်းကြီးဘဝ Hydrocephalus နှင့် နောက်ဆက်တွဲပြဿနာများ ကို ခံစားသွားကြရသဖြင့် စာဖတ်သူမိဘများ ဗဟုသုတပွား၍ မှန်ကန်သောဆေးပညာ အသိကို ရရှိကာ အခွင့်ကြုံလျှင် ကူညီ နိုင်ရန် ရေးသားလိုက်ရပါသည်။

Hydrocephalus ကို အရိုးအရှင်းဆုံး မြန်မာပြန်ရလျှင် ခေါင်းကြီးဟု ပြန်တတ်ကြပါသည်။ ဘုရားပွဲဈေးများ၌ ထူးဆန်းသော လူသားအဖြစ်သနားစဖွယ် ရုံသွင်းပြသတတ်ကြသော ဦးခေါင်း အကြီးကြီးနှင့်ကလေးငယ်ကို မြင်ဖူး ကောင်း မြင်ဖူးကြပေလိမ့်မည်။ သို့သော် အမှန်စင်စစ်ပြောရလျှင် ခေါင်းကြီးတိုင်း Hydrocephalus မဟုတ်သလို Hydrocephalus တိုင်း ခေါင်းကြီးချင်မှ ကြီးပေလိမ့်မည်။ စာဖတ်သူတို့ ရှုတ်သွားပါလိမ့်မည်။ ရှင်းအောင် တင်ပြပါမည်။ ကျွန်ုပ်တို့၏ ဦးခေါင်းခွံအတွင်းတွင် 1.5 kg မျှလေးသော ဦးနှောက်ရှိပါသည်။ သို့သော် ကျန်းမာနေစဉ် ကာလအတွင်း ကျွန်ုပ်တို့သည် မိမိတို့၏ ဦးနှောက်နှင့် ဦးခေါင်းကို မ,ထားရသည်။ ထမ်းထားရသည်ဟု မထင်မိပါ။ အကြောင်းမှာ ဦးခေါင်းခွံအား ပေါ့စေရန် အတွက် လေအိတ်များ သဘာဝက ဖန်တီးပေးထားသလို ဦးနှောက် အား ဖော့ ဂုဏ်သတ္တာန် ဖန်တီးပေးထားသည်။ နူးညံ့လှသည့် ဦးနှောက်သားများအား မာကြောလှသည့် ဦးခေါင်း ခွံအတွင်း ခေါင်းခါရမ်း လှုပ်ခါတိုင်း မထိခိုက်မိအောင် ထိုအရည်များက ကြားခံပေးသည်ဆိုလည်း မမှားနိုင်ပေ။ သို့ဆိုလျှင် ကျွန်ုပ်တို့၏ ဦးခေါင်းခွံအတွင်း ဦးနှောက်သားအပြင် အရည်တစ်မျိုး ( Cerebrospinal Fluid – CSF) ရှိသည်ဟု လက်ခံနိုင်လောက်မည်။ ထိုအရည်များသည် ဦးနှောက်၏အပြင် ဘေးပတ်လည်တွင်သာမကဦးနှောက် အတွင်းပိုင်းတွင်ပါ အခန်းငယ်များအဖြစ် စီးဆင်း လည်ပတ်နေပါသည်။ ထိုအခန်းငယ်တို့ကို Ventricles ဟု ခေါ်ပါသည်။ အသက်ရှင်နေသူတစ်ဦးအဖို့ သွေးလှည့်ပတ် စီးဆင်းနေသကဲ့သို့ ထို CSF အရည်ကြည်သည် လည်း လည်ပတ် စီးဆင်းနေပါသည်။ထိုသို့ လည်ပတ်စီးဆင်းရာ လမ်းကြောင်း၌ အပိတ်အပင် အတားအဆီးရှိလျှင် သော်လည်းကောင်း၊ ထုတ်လုပ်မှုနှင့် စုပ်ယူမှု မျှခြေမဖြစ်လျှင်သော် လည်းကောင်း၊ ဦးနှောက်အတွင်း အရည် အိတ်ကြီးထွားလာခြင်း Hydrocephalus ဖြစ်လာတတ်ပါသည်။ ဥပမာပြောရလျှင် လက်ဆေးဇလုံဘေစင်တစ်ခု၏ ထွက်ပိုက်၌ အညစ်အကြေးများစို့နေလျှင် အပေါ်မှ ရေပိုက် ဖွင့်နေသည်နှင့်အမျှ ဇလုံအတွင်း ရေပြည့်လျှံလာမည်ဖြစ်သည်။

အဖွင့်ဖြစ်သော ဇလုံ၌ ရေများ လာလျှင် လျှံမည်သာ ဖြစ်သော်လည်း အပိတ်ဖြစ်နေသော ဦးနှောက်အတွင်း ထွက်ပိုက်ပိတ်လျှင်ကားအတွင်း၌ ရေဖိအား များလာမည်။ သဘာဝရှိပြီးဖြစ်သော အရည် အိတ်များပြည့်ကာ တင်းကားလာမည်။ ထိုအခါ မာကြောလှသော ဦးခေါင်းခွံ အတွင်း၌ ဦးနှောက်၏ အပြင်ဘေးပတ် လည်အရည်ဖိအားနှင့် အတွင်းခန်းဖိအာ းမြင့်လာပြီး နူးညံ့လှသောဦးနှောက်သားကို ပျက်စီးစေမည်။ ဦးခေါင်းခွံကြီးထွားမှု မရပ်တန့်သေးသော အသက်အရွယ်တွင် ဆိုလျှင် မြင့်မားလာသော အရည် များကြောင့် ဦးခေါင်းခွံ၏ ပမာဏပါ ကြီးလာလျှင်ကား အများပြောသော ထူးဆန်း သည့် လူသားခေါင်းကြီး ဖြစ်လာ ချေတော့မည်။

အဘယ်ကြောင့် အရည်လည်ပတ် စီးဆင်းရာ လမ်းကြောင်းပိတ်ဆို့ရသနည်းဟု မေးလျှင် မွေးရာပါ Congenital Hydrocephalaus ရှိသကဲ့သို့ Acquired Causes မွေးရာပါ မဟုတ်သောအကြောင်း အရင်းများစွာလည်း ရှိသည်။အကြမ်းဖျဉ်း ပြောရလျှင် ထိုလမ်းကြောင်းအတွင်းသော် လည်းကောင်း ပြင်ပမှသော်လည်းကောင်း၊ အနာရင်းပြီး အနာဖေးတက်သကဲ့သို့ ဖြစ်စဉ်များ ဖြစ်ပေါ်ခြင်းကြောင့်ဖြစ်ပြီး တီဘီပိုးကြောင့် ဦးနှောက်အမြှေးပါး ရောင်ရမ်းမှု သည်ကားမြန်မာပြည်တွင် အဖြစ်များသော အကြောင်း ကြောင်းတစ်ခု ဖြစ်သည်။ အခြား ဘက်တီးရီးယားပိုး ကြောင့် ဦးနှောက်အမြှေးပါးရောင်ခြင်း၏ နောက်ဆက်တွဲလည်း ဖြစ်နိုင်ပေသည်။

ထိုသို့ ဦးနှောက်အမြှေးပါးရောင်ရမ်း မှုမဖြစ်အောင် ကာကွယ်၍ရပါသလားဟု မေးလျှင် ကာကွယ်ဆေးပုံမှန်တိကျစွာ ထိုးပါက ကာကွယ် နိုင်ပေမည်ဟု ဖြေရပါမည်။ BCG ဘီစီဂျီ ကာကွယ် ဆေးသည် တီဘီပိုးကြောင့်ဦးနှောက် အမြှေးရောင်ရမ်းမှု မဖြစ်အောင် ကာကွယ် ပေးနိုင်သကဲ့သို့ ယခုထိုးပေးနေ ပြီဖြစ်သော ငါးမျိုးစပ်ကာကွယ်ဆေးသည် ဘက်တီးရီး ယားပိုးကြောင့် ဦးနှောက်အမြှေး ရောင်ရမ်းမှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်သဖြင့် မိမိတို့၏ရင်သွေး ငယ်များအား ကျန်းမာရေးဌာနမှညွှန်ကြား သည့်အတိုင်း ထိုးပေးရန်အရေးကြီး လှသည်။ ယခုအထက် တွင် တင်ပြ ခဲ့သော Hydrocephalaus ၏ ကနဦး ကာလများတွင် ကြိုတင်သိရှိပါကရောဂါ အခြေအနေဆိုးရွားမလာခင်(တစ်နည်း) အတွင်း အရည်အိတ် ကြီးထွားမလာခင် ဦးခေါင်းခွံ အလွန်အမင်း ကြီးထွားမလာခင် ဦးနှောက် ပိပြား ပျက်စီးမှုဖြစ်ပေါ်မလာခင် လက်ဦးမှုရအောင် ကုသသင့်သည်။ တစ်ဖက်တွင် ရောဂါ၏ အကြောင်းအရင်း ဖြစ်သည့် ဦးနှောက် အမြှေးပါးရောင်ခြင်းကို ဆေးဝါးဖြင့် ကုသသလို တစ်ဖက်တွင် အရည်ဖိအားများ မလာခင်လမ်းကြောင်း လွှဲ ခွဲစိတ်မှု ( Shunt ) ပြုလုပ်သင့်သည်။ စာရေးသူ မိတ်ဆွေတစ်ဦး၏ ရင်သွေး ဆိုလျှင် အချိန်မီ ကုသနိုင်ခဲ့သဖြင့် လူစဉ် မီရုံသာမက ကျောင်းစာပါ လိုက်နိုင်ကာ တက္ကသိုလ်ပင် တက်နေပြီဖြစ်ပြီး သူ့မိဘ များမှ ပြောမပြလျှင် Hydrocephalaus ဖြစ်ခဲ့ကြောင်းပင် မယုံနိုင်စရာ ဖြစ်နေသည်။

လမ်းကြောင်းလွှဲ ခွဲစိတ်မှုသည် လွယ်ကူ၍ အန္တရာယ်ကင်းပါသလားဟု မေးစရာရှိပါသည်။ ဦးနှောက်နှင့် အာရုံ ကြော ခွဲစိတ် အထူးကုများအဖွဲ့၏ သုတေသနများအရအောင်မြင်မှု ပမာဏသည် (၉ဂ) ရာခိုင်နှုန်းအထက် ၌ရှိကြောင်း နိုင်ငံတကာ စာတမ်းများ၌ ဖော်ပြထားသကဲ့သို့ စာရေးသူတို့ အတွေ့အကြုံအရ မြန်မာခွဲစိတ်ဆရာဝန် များ၏ ရလဒ်များ၌ကား မအောင်မြင်မှု ဟူသည် မကြုံဖူးသလောက်ပင် ဖြစ်ပါသည်၊ လွယ်ကူလှသည်မဟုတ် သော်လည်း ကျွမ်းကျင်မှုနှင့် အတွေ့အကြုံများလှသဖြင့် ယုံကြည်စွာ အပ်နှံသင့်သလို ခွဲစိတ်မှု တိုင်းတွင် အန္တရာယ်ဟူသည်ရှိသော်လည်း Risk-Senefit အန္တရာယ်နှင့်အကျိုးကျေးဇူး နှိုင်းယှဉ်လျှင်လည်း အကျိုးကျေးဇူးများ လှသဖြင့် လိုအပ်လျှင် လမ်းကြောင်းလွှဲ ခွဲစိတ်သင့်သည်ဟု အကြံပေးလိုပါသည်။ အဆိုးထဲမှ ကံကောင်းသူ အချို့တို့၌ကား အရည်ဖိအား ဆက်မတက်တော့သော Arrested Hydroceph ဖြစ်လျှင်ကား ခွဲစိတ်မှုလိုအပ်မည်မဟုတ်ပါ။

အထက်ပါ အကြောင်းအရာများကို ရောဂါသည်ကလေးငယ်၏ မိဘဆွေမျိုးများ နားလည် သဘောပေါက်နိုင်အောင် အချိန်ယူ ရှင်းပြခဲ့သော်လည်း ဆေးကုမှု ဆက်လက်မခံယူတော့ဘဲ ဖြစ်လိုရာဖြစ်စေဟု ဆုံးဖြတ်သွားသော မိသားစုနှင့်ကလေးအတွက် စိတ်မကောင်းဖြစ်မိသည်။ မိမိပြောသည်ကို သဘောပေါက် သော်လည်း လက်တွေ့တွင် လက်မခံနိုင်သောကြောင့်ဖြစ်မည်။ ဆုံး ဖြတ်ချက်တစ်ခုသည်အရေးကြီးလှသည်။ အချိန်မီရန် ပို၍ အရေးကြီးလှသည်။ ထို့ကြောင့်လူထုအတွင်း သင့်တင့်သော ကုထုံးကို လက်ခံယူနိုင်ရန် လိုအပ်သော ကျန်းမာရေးအသိနှင့် ဗဟုသုတ သွင်းပေးရန် လိုနေသေးသည်။ ထို့ကြောင့် ဤစာစောင်လေးကို ဖတ်ပြီး ပညာတတ် မိဘပြည်သူများအနေဖြင့် အခြေခံ ဗဟုသုတရရှိကာ အင်တာနက်တွင် ထပ်မံလေ့လာပြီး မိမိတို့ပတ်ဝန်းကျင်တွင် အလားတူအဖြစ်မျိုး ကြုံပါက မှန်ကန်သော ဆုံးဖြတ်တစ်ခုအတွက် ကူညီပေးကြပါဟု တိုက်တွန်း ရေးသားလိုက်ရပါသည်။

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စု မပြိုကွဲရေး။
- တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး။

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်း သာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသား စည်းလုံး ညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်း ပြည့်ဝသော ဒီမိုကရေစီ စနစ် ရှင်သန် ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို ပိုမို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီ စက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက် စီးပွားရေး စနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်း ပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ် စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စု စိတ်ဓာတ် ရှင်သန် ထမြောက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# အတတ်ပညာ၊ သင်ကာမတတ် ရှိပါသော်

Win-Win



Image Credit: fantom-xp.com

အော်စကာ
မင်္ဂလာပါ ဘကြီးဖြိုး။

ဘကြီးဖြိုး
မင်္ဂလာပါအော်စကာ၊ ဒီတစ်ခါ အော်စကာက သစ်သစ်လွင်လွင်၊ တောက်တောက်ပပဝတ်စားလို့၊ ဘယ်သွားမလို့လဲကွ။

အော်စကာ
Knowledge Age လေ ဘကြီးဖြိုးရဲ့၊ Knowledge တွေရအောင်၊ အသိပညာ အတတ်ပညာတွေရအောင် ပညာတွေ သွားသင်မလို့ ဘကြီးဖြိုး။

ဘကြီးဖြိုး
အေး၊ တို့နိုင်ငံလည်း ကမ္ဘာ့အလယ်မှာ မျက်နှာပွင့်လန်းလာပြီး နိုင်ငံတကာကလုပ်ငန်းအမျိုးမျိုးလည်း လာရောက်နေကြပြီ ဆိုတော့ တို့နိုင်ငံသားတွေလည်း ဘက်စုံ ပညာတွေ တတ်ထားဖို့လိုတာ ပေါ့ကွယ်။

အော်စကာ
ဒါပေါ့ ဘကြီးဖြိုးရဲ့၊ ကျွန်တော်တို့ လူငယ်တွေအတွက် အခွင့်အရေးတွေ လက်မလွှတ်ရအောင် ပညာတွေသင်ကြရမှာပေါ့။

ဘကြီးဖြိုး
အေး၊ သင်ရင်လည်း ကိုယ့်ရှိတဲ့ပညာ၊ ကိုယ့်ဂါသနာနဲ့ကိုယ်စိတ်ဝင်စားတာကိုပဲ တတ်အောင်သင်သင့်တယ်။

အော်စကာ
ရှင်းပါဦး ဘကြီးဖြိုး။

ဘကြီးဖြိုး
တို့နိုင်ငံမှာကလည်း ပညာတွေအစုံ သင်နိုင်ပါတယ်ကွယ်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ IT၊ ရေကြောင်းသိပ္ပံ၊ ဂီတ၊ သိပ္ပံပညာရပ်တွေ အစုံ သင်ပေးနိုင်တာပဲ။

အော်စကာ
ကျွန်တော့်သူငယ်ချင်းတစ်ယောက်ဆေတာ့ ဆရာဝန် M.B.B.S တက်နေရင်းနဲ့ တတိယနှစ်လောက်ရောက်မှ စိတ်မဝင်စားတော့ဘူး။ မသင် ချင်တော့ဘူးဆိုပြီး စင်ကာပူနိုင်ငံသွားပြီး အင်ဂျင်နီယာ သင်တန်းကို ပထမနှစ်ကစပြီး ပြန်တက်ရတာလေ၊

ဘကြီးဖြိုး
အဲဒါကိုယ့်ဂါသနာအရင်းခံကို သေချာမဆန်းစစ်နိုင်တာလည်းပါတယ်၊ (၁၀) တန်းမှာ ထူးချွန်ပြီး အမှတ်ကောင်းတယ်၊ ဆရာဝန်လိုင်းလည်း မီတယ်ဆိုတော့ မိဘတွေက ကိုယ့်သားသမီးကို ဆရာဝန် ဖြစ်စေချင်ကြတော့ အတင်း ဆရာဝန် တက်ခိုင်းတာလည်း ဖြစ်မှာပေါ့ကွယ်။

အော်စကာ
ဟုတ်တယ်၊ ကျွန်တော့် သူငယ်ချင်းက ပညာတော်တယ်၊ ရိုးလည်းရိုးတယ်၊ အေးလည်းအေးတယ်၊ ဆရာဝန် လိုင်းယူ ဆိုပြီး တက်လိုက်တာ နောက်ပိုင်း ဂါသနာ မပါတော့ လုံးဝကိုမတက်ချင်တော့တာလေ။

ဘကြီးဖြိုး
အေး၊ တချို့လည်း M.B.B.S ဘွဲ့ရပြီးမှ ဆရာဝန်မလုပ်ချင်လို့ တခြား အလုပ်လုပ်နေတာတွေလည်း တွေ့နေရတယ်၊ ပညာတွေနမြောစရာပေါ့ ကွယ်။

အော်စကာ
ကျွန်တော့်သူငယ်ချင်းဆရာဝန်ဘွဲ့ရတစ်ယောက်ကတော့ နယ်စွန်နယ်ဖျားအဝေးကြီးသွားရမယ်ဆိုလို့ မလုပ်တာတဲ့။

ဘကြီးဖြိုး
အေး၊ ဒါကြောင့် ပညာတစ်ခု သင်မယ်ဆိုရင်ပညာကို အဆုံးတိုင်သင်ယူနိုင်မလား ဆိုတာရယ်၊ အလုပ်ခွင်အဆင်ပြေနိုင်မလား ဆိုတာရယ် ချင့်ချိန်စဉ်းစားသင့်တာ ပေါ့ကွယ်။

အော်စကာ
ကျွန်တော်တော့ ကျောင်းပညာတွေ မသင်တော့ပါဘူး။ သင်ရမယ့်အရွယ်လည်း ကျော်ခဲ့ပါပြီ။ အခု Sanction တွေရုပ်လိုက်တော့ အထည် ချုပ်လုပ်ငန်းတွေ ပိုပြီးဖွင့်လာတယ်၊ အရင်းအနှီးလည်း သိပ်မများတဲ့ ရက်ကန်းပညာသင်မလားလို့ ဘကြီးဖြိုး။

ဘကြီးဖြိုး
ကောင်းတာပေါ့ကွယ်၊ ပညာရပ်ဆိုတာ ဘယ်လိုပညာပဲတတ်ထား၊တတ်ထား၊ တန်ဖိုး ရှိတာပေါ့ကွယ်။ ဒါပေမယ့် ခုနပြောသလို ကိုယ်စိတ်ဝင် စားရမယ်၊ အဆုံးထိလည်း သင်ယူတတ်မြောက်နိုင်တာမျိုး ဖြစ်ရမယ်နော်။

အော်စကာ
ကိုယ်ကတော့ သင်မှာပေါ့၊ သင်ပေးတဲ့ လူက တတ်အောင်သင်ပေးဖို့ တာဝန် ရှိတာပေါ့။

ဘကြီးဖြိုး
ပညာတစ်ရပ်သင်တဲ့အခါမှာ သင်တန်းသားဖြစ်သွားပြီလေ၊ သင်တန်း သားဆိုရင် သင်တန်းသားတာဝန်ကျေရမယ်၊ သင်ပေးတဲ့ ဆရာက လည်း ဆရာတာဝန် ကျေရမှာပေါ့၊ ဒီလိုတာဝန်တွေမကျေလို့ ရုံးတွေ ဘာတွေရောက်တဲ့အမှုတွေလည်း ရှိခဲ့ဖူးတယ်။

အော်စကာ
ပညာသင်တဲ့ကိစ္စမှာ တရားရုံး ရောက်တယ်မကြားဖူးပါဘူး၊ ရှင်းစမ်းပါဦး ဘကြီးဖြိုး။

ဘကြီးဖြိုး
ဒီလိုကွဲ၊ ပုသိမ်မြို့မှာ အမှုတစ်မှု ရှိခဲ့ဖူးတယ်။ အခုလိုIT ပညာတွေ၊ ခေတ်မီ အထည်ချုပ်လုပ်ငန်းတွေ မပေါ်သေးတဲ့ (၁၉၆၅) ခုနှစ်လောက်က ပေါ့။ မန (အမည်လွှဲ) ဆိုတဲ့ အမျိုးသမီးတစ်ဦးကို သူ့အစ်မမရွှေ (အမည်လွှဲ) က ရက်ကန်းရုံ ပိုင်ရှင် ဒေါ်တင် (အမည်လွှဲ) ထံမှာ ရက်ကန်းပညာ သင်ပေးဖို့ ငွေကျပ်(၃၀) နဲ့ အပ်နှံခဲ့တယ်။

အော်စကာ
ရက်ကန်းပညာတတ်ရင် တစ်ဖမ်း တစ်ခါးလုတာပေါ့ ဘကြီးဖြိုးရ။

ဘကြီးဖြိုး
ဒီလိုနဲ့ တစ်လလောက်ကြာတော့ ရက်ကန်းရုံပိုင်ရှင် ဒေါ်တင်က ရက်ကန်းပညာသင်နေတဲ့ မနကို နံ့,သည်၊ အ,သည် လို့ပြောပြီး ရက်ကန်း ပညာဆက်သင် မပေးတော့ဘူးဗျာ။

အော်စကာ
အဲဒီတော့။

ဘကြီးဖြိုး
အဲဒီတော့ မနရဲ့ အစ်မမရွှေက ရက်ကန်းပညာသင်ဖို့ပေးထားတဲ့ ငွေကျပ် (၃၀) ကို ရက်ကန်းရုံ ပိုင်ရှင် ဒေါ်တင်ဆီက ပြန်တောင်းတာပေါ့။

အော်စကာ
ဒါတော့တောင်းရမှာပေါ့။

ဘကြီးဖြိုး
ပြန်တောင်းတော့ ရက်ကန်းရုံပိုင်ရှင် ဒေါ်တင်က ပြန်ပေးဖို့ ငြင်းတယ်လေ။

အော်စကာ
ပညာလိုချင်ပါတယ်ဆိုမှ ပညာလည်းမရ၊ အချိန်တွေလည်းကုန်၊ ငွေလည်းဆုံး ဆိုတော့ မရွှေတို့က ဘယ်ခံနိုင်မလဲနော်။

ဘကြီးဖြိုး
ဒါပေါ့ကွယ်၊ ရက်ကန်းရုံပိုင်ရှင် ဒေါ်တင်ကို ရာဇဝတ်ကြီး ပုဒ်မ(၄၁၇) နဲ့ တရားစွဲတာပေါ့။

အော်စကာ
ရာဇဝတ်ကြီး ပုဒ်မ(၄၁၇) ဆိုတာ ဘာလဲဘကြီးဖြိုး။

ဘကြီးဖြိုး
ရာဇဝတ်ကြီးပုဒ်မ(၄၁၇) ဆိုတာ လိမ်လည်မှုလို့ခေါ်တယ်၊ တစ်ဦးတစ်ယောက်ကို လှည့်ဖြားမယ်၊ ဒွေးဆောင်မယ်၊ လိမ်လည်လှည့်ဖြားလိုတဲ့ သဘော၊ ဒါမှမဟုတ် မရိုးမဖြောင့်တဲ့ သဘောနဲ့ဒွေးဆောင်တာဖြစ်ပြီး ပစ္စည်းတစ်ခုခုကို ပေးအပ်စေရင် လိမ်လည်မှု ဖြစ်တယ်။ ဒါ့အပြင်ဒီလိုပြုခြင်းဖြင့် သူ့ရဲ့ ကိုယ်၊ စိတ်၊ ဂုဏ်သရေ ပစ္စည်းကို နစ်နာစေရင် လိမ်လည်မှုဖြစ်တယ်။

အော်စကာ
အမှုကို ဆက်ရှင်းပါဦး ဘကြီးဖြိုး။

ဘကြီးဖြိုး
ရုံးမှာဒေါ်တင်က မနကို ရက်ကန်း ပညာ သင်ပေးလို့ မနရက်ကန်းပညာ တတ်ပြီးပြီလို့ ထုချေတယ်လေ။

အော်စကာ
ဩော်၊ အဲဒီတော့။

ဘကြီးဖြိုး
အမှုစစ်တဲ့ တရားသူကြီးဆိုတာ အဲဒီလို အခင်းဖြစ်တဲ့အချိန်တုန်းက အဲဒီအနားမှာ ရှိနေတာမဟုတ်ဘူးလေ။ တရားရုံးကို တစ်ဖက်က လာတိုင် တော့မှ အမှုကို စပြီးစစ်ရတာ၊ စစ်တဲ့အခါ ရုံးတော်ရှေ့မှာ နှစ်ဖက်တင်ပြတဲ့ သက်သေခံချက်တွေ သက်သေခံစာရွက်စာတမ်းတွေအရပဲ အမှုအကြောင်းသိရတာ၊ အဲဒီအပေါ်မှာ ဆုံးဖြတ်ရတာလေ။

အော်စကာ
ဟုတ်တာပေါ့။ နှစ်ဖက်အမှုသည်တွေက တရားရုံးသိအောင် သက်သေခံချက်တွေ သက်သေခံစာရွက်စာတမ်းတွေ မှန်မှန်ကန်ကန် တင်ပြဖို့ လိုအပ်တာပေါ့။

ဘကြီးဖြိုး
တရားရုံးမှာ ထွက်ချက်တွေအရ ရက်ကန်းရုံပိုင်ရှင် ဒေါ်တင်နဲ့ မရွှေတို့ အကြားမှာ ဒေါ်တင်က မနကို ရက်ကန်း ပညာတတ်မြောက်သည်အထိ သင်ပေးရန် ကတိကဝတ်ရှိခဲ့တယ်လို့ မပေါ်လွင်ဘူး။ ဒါပေမယ့် မူလကရုံးတရားသူကြီးက ဒေါ်တင်ဟာ မနကို ရက်ကန်း ပညာတတ်မြောက်အောင် သင်ပေးမယ်ပြောပြီး မတတ်တတတ်သင်ပေးတဲ့အတွက်ကြောင့် ငွေကျပ် (၃၀)ကို လိမ်လည်ယူရာ ရောက်တယ်ဆိုပြီး ရာဇဝတ်ကြီး ဥပဒေပုဒ်မ (၄၁၇) အရအပြစ်ပေးလိုက်တယ်။

အော်စကာ
ဒီလိုဆိုပြန်တော့ ရက်ကန်းရုံပိုင်ရှင် ဒေါ်တင်က ဘယ်ကျေနပ်မလဲနော်။

ဘကြီးဖြိုး
ဒါပေါ့ကွယ်၊ အဲဒီအမှုက နိုင်ငံတော် တရားရုံးချုပ်ထိရောက်တယ်။

အော်စကာ
ရှင်းစမ်းပါဦး ဘကြီးဖြိုး။

ဘကြီးဖြိုး
ရာဇဝတ်ကြီးပုဒ်မ (၄၁၅) မှာအဓိက အချက်က လိမ်လည်လှည့်ဖြားလိုသော သဘောရှိဖို့လိုတယ်၊ ရက်ကန်းရုံပိုင်ရှင် ဒေါ်တင်က မရွှေထံမှ ငွေကျပ်(၃၀) လက်ခံစဉ်က သူ့မှာ လိမ်လည်လှည့်ဖြားလိုတဲ့စိတ်ရှိတယ်လို့ မပေါ်လွင်ဘူး။ ဒေါ်တင်ဟာ မနကို ရက်ကန်းပညာ သင်ပေးရန်အတွက် ငွေ ကျပ်(၃၀) လက်ခံခဲ့ပြီး၊ လက်ခံပြီးတဲ့နောက် မနကို ရက်ကန်း ပညာသင်ပေးခဲ့တာလည်း အငြင်းမပွားဘူးလေ။ ဒါကြောင့် ရက်ကန်းရုံပိုင် ရှင် ဒေါ်တင်ဟာ ငွေကျပ်(၃၀) ကို လက်ခံစဉ်က မိမိအပေါ်၌ ပဋိညာဉ် အသက်ရောက်တဲ့ တာဝန်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက် မရှိဟု ဆိုနိုင်စရာအကြောင်း မရှိတဲ့ အတွက် ဒေါ်တင်ကို အမှုက တရားသေ လွှတ်လိုက်တယ်။

အော်စကာ
ဒီလိုဆိုမနတော့ ပညာ လည်းဆုံးခန်းတိုင်မတတ်၊ ငွေကျပ်(၃၀) လည်း ဆုံးပြီ ပေါ့နော်။

ဘကြီးဖြိုး
ဒီလိုလည်းမဟုတ်ဘူးကွဲ၊ မရွှေတို့ စွပ်စွဲတဲ့အတိုင်း မှန်ရင်တော့ ဒေါ်တင်အပေါ် ပဋိညာဉ်ဖောက်ဖျက်မှုနဲ့ တရားမကြောင်း စွဲနိုင်တာပေါ့ကွယ်။

အော်စကာ
အရင်အပတ်က ဘကြီးဖြိုးပြောခဲ့သလို၊ အမှုစွဲမယ်ဆိုရင်မိမိနစ်နာမှုအတွက် ရာဇဝတ်ကြောင်းစွဲမလား၊ တရားမကြောင်း စွဲမလား မှန်မှန်ကန် ကန်စွဲတတ်ဖို့ လိုတာပေါ့နော်။

ဘကြီးဖြိုး
အမှုပုံစံမှားယွင်းစွဲတော့ အမှုမှန်ရဲ့,နဲ့, တရားရုံးက မှန်တယ်လို့ဆုံးဖြတ်ပြီး အနိုင်မပေးနိုင်တာတွေရှိတတ်တာပေါ့။စရိတ်ကုန်၊ လူပန်း၊အချိန်ကုန် ဖြစ်ရတာပေါ့။

အော်စကာ
ဘကြီးဖြိုး ပြောသလိုဆို ငွေကို လက်ခံစဉ်က တရားခံမှာ ပဋိညာဉ်အရ သက်ရောက်တဲ့တာဝန်ကို ဆောင်ရွက်ရန် ရည်ရွယ်ချက်မရှိမှသာ လိမ်လည်မှု မြောက်တယ်လို့ ဆိုနိုင်တာပေါ့နော်။

ဘကြီးဖြိုး
မှန်တာပေါ့ကွယ်။ အော်စကာတောင် တိုးတက်လာပြီပဲ။ ဒါကြောင့်ဒီထုံးကို နလုံးမူပြီး ဆောင်သင့်တာဆောင်၊ ရှောင်သင့်တာ ရှောင်နိုင်တာ ပေါ့ကွယ်။

အော်စကာ
မှန်တယ်ဘကြီးဖြိုးရေ၊ ပညာသင်ကြေးတွေကလည်း များလာတော့၊ အတတ်သင်မှ ရမယ်ဆိုပြီး စာချုပ်ချုပ်ထားဖို့တောင်လိုပြီ ထင်တယ် နော်။ သွားလိုက်ပါဦးမယ် ဘကြီးဖြိုး။

(ဒေါ်ဖွားတင်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံ (မတင်ရွှေ) အမှုစီရင်ထုံး (၁၉၆၆ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများစာမျက်နှာ ၅၈၈) ကို ရည်ညွှန်း၍ အများ ပြည်သူ အလွယ်တကူ နားလည်သိရှိ၍ ဥပဒေဗဟုသုတရစေရန် ရည်ရွယ်တင်ပြပါသည်။)

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

Training & Courses

# မြန်မာ RVi Institute နှင့် Memorial University, Canada တို့ လက်မှတ်ရေးထိုးလိုက်ကြသည့် Programmes အသစ်များ




RVi Imstitute သည် ကနေဒါနိုင်ငံမှ Memorial University နှင့် ပူးတွဲ၍ University Foundation Programmes အသစ်များကို မြန်မာနိုင်ငံတွင် ဖွင့်လှစ် သင်ကြားသွားရန် သဘောတူ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို (၂၂.၁.၂၀၁၃) ရက်နေ့က ရန်ကုန်မြို့၊ သံလွင်လမ်း၊ အမှတ်(၄၄) ရှိ RVi Imstitue တွင် ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားတွင် လက်မှတ်ရေးထိုးပွဲအပြင် မြန်မာနိုင်ငံမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် ပြည်တွင်း၌ပင် တက်ရောက် သင်ကြားနိုင်မည့် Year1 Diploma In Electronics & Electronic Engineering သင်တန်းအကြောင်းကိုလည်း မိတ်ဆက် တင်ပြရှင်းလင်းခဲ့ပါသည်။

၎င်းသင်တန်းသည် မြန်မာနိုင်ငံတွင် (၁) နှစ်တက်ရောက်သင်ကြားပေးပြီးလျှင် စင်ကာပူနိုင်ငံ Republic Polytechnic ကျောင်း တွင်(၂) နှစ် ဆက်လက်သင်ကြားရမည် ဖြစ်ကြောင်းသိရှိရပါသည်။

ထို့အပြင် RVi Imstitute သည် Lee Kuan Yew School of Public Policy National University of Singapore (NUS) မှ Master Programmes (၃) မျိုးအတွက် Scholarships များကိုလည်း လာမည့် ဩဂုတ်လအတွက် တင်သွင်းနိုင်ကြောင်းလည်း အသိပေးကြေညာလိုက်ပါသည်။

၎င်း Master Programmes များကို (၁) နှစ် (၂) နှစ် သင်တန်းများအဖြစ် တက်ရောက်သင်ကြားရမည် ဖြစ်ကြောင်း သိရှိရပါသည်။

# MHPA မှ ဟိုတယ်လုပ်ငန်းဆိုင်ရာ လုပ်ငန်းခွင် အထောက်အကူပြုသင်တန်း အမှတ်စဉ်(၂) ဖွင့်လှစ်ခြင်း



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ ဦးစီး၍ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) နှင့် မြရိပ်ညိုဖောင်ဒေးရှင်းတို့၏ ကူညီပံ့ပိုးမှုဖြင့် မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ကျွမ်းကျင်ဝန်ထမ်းများအသင်း (MHPA) မှ ဟိုတယ်ဆိုင်ရာ အထောက်အကူပြုသင်တန်း အမှတ်(၂) ဖွင့်ပွဲ အခမ်းအနားကို မြရိပ်ညိုဟိုတယ် မင်္ဂလာခန်းမတွင် (၂၁.၁.၂၀၁၃) ရက်နေ့က ကျင်းပခဲ့ပါသည်။ အခမ်းအနားကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း မြရိပ်ညိုဖောင်ဒေးရှင်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ ဝန်ထမ်းများအသင်းတို့ မှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူလူကြီးမင်းများနှင့် တကွ အသင်းဝင်များ၊ သင်တန်းသား၊ သင်တန်းသူများ စုံလင်စွာ တက်ရောက်ခဲ့ကြောင်း တွေ့ရှိရပါသည်။ အခမ်းအနားဖွင့်လှစ်ပြီးနောက် ဟိုတယ်လုပ်ငန်းရှင်များအဖွဲ့ ဥက္ကဋ္ဌ ဦးရန်ဝင်းမှ အဖွင့်အမှာစကားပြောကြားပြီး၊ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြရိပ်ညိုဖောင်ဒေးရှင်းမှ အတွင်းရေးမှူးနှင့် MHPA အသင်းဥက္ကဋ္ဌ၊ ရန်ကုန်ဇုန်ဥက္ကဋ္ဌတို့မှ သင်တန်းနှင့်ပတ်သက်သော အမှာစကားများ အသီးသီး ပြောကြားခဲ့ကြပါသည်။

ထို့နောက် တက်ရောက်လာသူများအား ဧည့်ခံကျွေးမွေးခြင်းဖြင့် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။ သင်တန်းတွင် ဟိုတယ်ဆိုင်ရာ ဘာသာရပ်အသီးသီးတွင် စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ (၁၀၁) ဦး တက်ရောက် သင်ယူကြမည်ဖြစ်ကြောင်းနှင့် သင်တန်းကာလမှာ ရက်သတ္တပတ် (၅) ပတ် ကြာမည်ဖြစ်ကြောင်း သိရှိရပြီး၊ နောင်လာမည့် သင်တန်းအမှတ်စဉ်(၃)ကို ဖေဖော်ဝါရီလ(၂၅) ရက်နေ့တွင် ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

# Hein Educational Service မှ Listening CD-Rom ဖြန့်ချိ




Hein Educational Service မှ တက္ကသိုလ်ဝင်တန်း English စာကို ကျောင်းသား/ကျောင်းသူများ အခက်အခဲမရှိ ပိုင်နိုင် ကျွမ်းကျင်စေရေးအတွက်နှင့် ဂုဏ်ထူးရည်မှန်းသော စာသင်သားတိုင်း သီးခြားအချိန်ပေးစရာမလိုဘဲ လေ့လာနိုင်ရန်အတွက် ရည်ရွယ်ချက်ကောင်းကောင်းဖြင့် တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာ အထောက်အကူပြု Audio Aid (Volume-1) Listening CD-Rom ကို ဖြန့်ချိလိုက်ပြီဖြစ်ကြောင်း သိရှိရပါသည်။ ၎င်းကို Hein Eductional Service မှ ဆရာကြီးဦးဝင်းဟိန်း B.C Tech (University of Computer Studies, Yangon) Dip. Business Studies (Y.I.E) , Dip IT (NCC, UK) မှပြုစုစီစဉ်ထားခြင်းဖြစ်ကြောင်း၊ ဆရာ၏ ဘာသာစုံဂုဏ်ထူးရှင်အဖြစ် ကြိုးစားမှု အတွေ့အကြုံ၊ IGCSE/TOEFL/IELTS စသော နိုင်ငံတကာ အသိအမှတ်ပြု သင်ရိုးညွှန်းတမ်းများဖြင့် သင်ကြားပို့ချမှု အတွေ့အကြုံ၊ နှစ်စဉ် မြန်မာတစ်နိုင်ငံလုံး အဆင့် ဘာသာစုံဂုဏ်ထူးရှင်များကို မွေးထုတ်သင်ကြား ပေးနေသည့် အတွေ့အကြုံစသည်တို့အပြင် နိုင်ငံတကာအသိအမှတ်ပြု သင်ရိုးနည်းစနစ်ကောင်းများကိုပါ ပေါင်းစပ်၍ ဖန်တီးထားကြောင်းလည်း သိရှိရပါသည်။ တက္ကသိုလ်ဝင်တန်း စာသင်သားတို့အတွက် ပထမဆုံးနှင့် အကောင်းဆုံးဖြစ်သော English Listening CD-Rom ဖြင့် မိမိနံဘေးတွင် ဘာသာရပ်လမ်းညွှန်တစ်ဦး အချိန်ပြည့်ရှိနေသလို လွယ်ကူစွာ နားထောင်လေ့လာနိုင်ကြောင်း နှင့် သင်တန်းများ အကြောင်း အသေးစိတ် သိရှိလိုပါက- ဖုန်းနံပါတ်- 095150260၊ 095142757 နှင့် 096565122 တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းကောင်းပါး ဖော်ပြလိုက်ပါသည်။

# Launch of Diploma in Electrical & Electronic Engineering for April 2013 Intake (In Collaboration With Republic Polytechnic)



*Image Credit: h88.com.sg*

ရန်ကုန်၊ မြန်မာ၊ ဇန်နဝါရီလ(၂၂) ရက်နေ့၊ ၂၀၁၃ ခုနှစ်။ ။ RVi Institute မှ စင်ကာပူနိုင်ငံရှိ Republic Polytechnic နှင့် ပူးပေါင်း၍ Diploma In Electrical & Electronic Engineering ပထမနှစ် သင်တန်း များကို မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ် စတင်ဖွင့်လှစ်ကြောင်း တရားဝင်မိတ်ဆက်ခြင်း။

စင်ကာပူနိုင်ငံမှ Temasek Polytechnic နှင့် Republic Polytechnic တို့၏ ဒီပလိုမာ ပထမနှစ်သင်တန်းကို ရန်ကုန်မြို့ရှိ RVi Institute တွင် တက်ရောက် သင်ကြားနိုင်ရန် လျှောက်လွှာများ စတင်ခေါ်ယူနေပြီ ဖြစ်ပါသည်။

RVi Institute မှ စင်ကာပူနိုင်ငံရှိ ပိုလီကျောင်းများဖြစ်သော Temasek Polytechnic နှင့် Republic Polytechnic တို့နှင့်ပူးပေါင်း၍ Diploma In Information Technology၊ Diploma In Mobile & Network Services နှင့် Diploma In Electrical & Electronic Engineering Program များကို ရန်ကုန်မြို့တွင် တက်ရောက်နိုင်ရန် စီစဉ်ထားပြီး ဖြစ်ပါသည်။ Temasek Polytechnic ၏ ဒီပလိုမာများဖြစ်သော Diploma In Mobile & Network Services ဘာသာရပ်များကို ၂၀၀၉ ခုနှစ်၊ ဧပြီလမှ စတင်ဖွင့်လှစ်ခဲ့ရာ လာမည့်ဧပြီလ ၂၀၁၃ခုနှစ်တွင် ၅ ကြိမ်မြောက်ဖွင့်လှစ်မည့် သင်တန်းဖြစ်ပြီး Republic Polytechnic ၏ Diploma In Electrical & Electronic Engineering သင်တန်းမှာမူ ပထမအကြိမ်အဖြစ် ဖွင့်လှစ်သော သင်တန်းဖြစ်ပါသည်။ ထိုသင်တန်းများကို အခြေခံပညာအထက်တန်းအောင်မြင်ပြီးသော ကျောင်းသားများ၊ တက္ကသိုလ်တက်ရောက်ဆဲ ကျောင်းသားများ ဝင်ရောက်လျှောက် ထားနိုင်ပါသည်။ လျှောက်ထားလိုသော ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အင်္ဂလိပ်စာ(၆၀) မှတ်၊ သင်္ချာနှင့်ရူပဗေဒ တွင် (၇၅) မှတ်စီနှင့် ဘာသာစုံပျမ်းမျှ (၇၀) ရာခိုင်နှုန်း ရရှိထားရမည်ဖြစ်ပါသည်။ ထို့အတူ IGCSE အောင်မြင်ထားသော ကျောင်းသားများ အနေဖြင့် ဘာသာရပ်(၅) ခုစလုံးတွင် အနည်းဆုံး Grade C နှင့်အထက် ရရှိကြရမည် ဖြစ်ပါသည်။

သင်တန်းချိန်များမှာ စင်ကာပူနိုင်ငံရှိ Temasek Polytechnic နှင့် Republic Polytechnic တို့၏ ကျောင်းချိန်များအတိုင်း ဖွင့်လှစ်သင်ကြားပေးလျှက်ရှိပြီး စာမေးပွဲများကိုလည်း စင်ကာပူနိုင်ငံနှင့် အချိန်တစ်ပြေးညီ ဖြေဆိုရမည်ဖြစ်ပါသည်။ အထူးမှတ်ချက်အနေဖြင့် ပထမနှစ် တက်ရောက်နေသော ကျောင်းသား၊ ကျောင်းသူများသည် ပထမနှစ်တွင် Grade B နှင့်အထက်ရရှိမှသာ စင်ကာပူနိုင်ငံတွင် ဒုတိယနှစ်နှင့် တတိယနှစ်သင်တန်းကို ပညာသင်ထောက်ပံ့ကြေးဖြင့် တက်ရောက်ခွင့် ရရှိနိုင်မည်ဖြစ်ပါသည်။ ပထမနှစ်စာသင်နှစ်ဝက်သည် ဧပြီလမှ စက်တင်ဘာလအထိလည်းကောင်း၊ ဒုတိယစာသင်နှစ်ဝက်သည် အောက်တိုဘာလမှ မတ်လအထိ လည်းကောင်း အချိန်ကာလအားဖြင့် ဆယ်လကြာမြင့်မည် ဖြစ်ပါသည်။ တက်ရောက်ခွင့်ရသော ကျောင်းသားများသည် ၂၀၁၃ ခုနှစ် ဧပြီလ စာသင်နှစ် မစတင်ခင် စင်ကာပူနိုင်ငံသို့ တစ်ပတ်ကြာ လေ့လာရေးခရီး သွားရောက်ရမည် ဖြစ်သည်။

သင်ကြားပေးမည့် ဆရာ၊ ဆရာမများ မှာလည်း ဘာသာရပ်ဆိုင်ရာတွင် ကျွမ်းကျင်၍ TemasekPolytechnic နှင့် RepublicPolytechnic မှ ခွင့်ပြုထောက်ခံချက်များကို ရရှိပြီးသူများသာ ဖြစ်ကြပါသည်။ သင်ကြားပေးမည့် ဘာသာရပ်များသည် လုပ်ငန်းခွင်လိုအပ်ချက်နှင့် ကိုက်ညီပြီး နိုင်ငံတကာ အသိအမှတ် ပြု ဒီပလိုမာများဖြစ်ခြင်း၊ ရန်ကုန်တွင် တက်ရောက်နိုင်သည့်အတွက် နေထိုင်ကုန်ကျစရိတ် အမေရိကန်ဒေါ်လာ ၁၀၀၀၀ နီးပါးသက်သာစေခြင်း၊ မြန်မာပြည်တွင် ပြဿနာအခြေပြုသင်ကြားသည့် (Problem- Based Learning) အဆင့်မြင့် ပညာရေးဖြစ်ခြင်း၊ ဒုတိယနှစ်နှင့် တတိယနှစ်ကို စင်ကာပူနိုင်ငံတွင် ပညာသင်ထောက်ပံ့ကြေးဖြင့် တက်ရောက်နိုင်ခြင်း၊ Digital Media, Communications, Biomedical Electronic သို့မဟုတ် Microelectronics စသည့် လုပ်ငန်းခွင်များတွင် ကျွမ်းကျင်ပညာရှင်အဖြစ် လုပ်ကိုင်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်မည် ဖြစ်သည်။ ပိုလီတက္ကနစ် ဒီပလိုမာများသည် ဒီပလိုမာရပြီးချိန်တွင် လုပ်ငန်းခွင်သို့ ချက်ချင်း ဝင်ရောက်လုပ်ကိုင်နိုင်ရန် သင်ကြားပေးသည့် ပညာရေးစနစ်ဖြစ်ပါသည်။ ဒီပလိုမာနှင့်ပင် ရပ်တန့်မနေဘဲ ဒီဂရီဘွဲ့ကို ဘာသာရပ်ပေါ်မူတည်၍ နောက်ထပ်(၁) နှစ်ခွဲ သို့မဟုတ် (၂) နှစ်အတွင်း ရယူနိုင်ပါသည်။ မြန်မာပြည်၏ စီးပွားရေးအခွင့်အလမ်း နယ်ပယ် အသီးသီး တိုးတက်ဖွံ့ဖြိုးလာမှု အပေါ်တွင် မြန်မာကျောင်းသား၊ ကျောင်းသူများလည်း ခေတ်နှင့်အညီ နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် ကြိုတင်ပြင် ဆင်ထားရန် လိုအပ်ပါသည်။

ယခုနှစ်၂၀၁၃-၂၀၁၄ ခုနှစ် ဧပြီလ စာသင်နှစ်အတွက် လျှောက်လွှာများကို RVi INSTITUTE တွင် ဇန်နဝါရီလ (၃၁) ရက်နေ့ နောက်ဆုံးထား လာရောက်လျှောက်ထားနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းနံပါတ် ၅၃၅၄၃၃၊ ၅၄၁၈၆၆၊ ၂၄၂၄၁၀၊ ၀၉၈၀၆၂၉၁၁၊ ၀၉၅၀၅၅၉၅၇ များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

# Myanmar WWW Institute ( M3WI ) မှ Java နည်းပညာ သင်တန်းသစ် ထပ်မံဖွင့်လှစ်မည်။

Myanmar WWW Institute (M3WI) သင်တန်းကျောင်းမှ Java နည်းပညာ အထူးပြု တန်းခွဲသစ် (Certified Java Progra - mmer - J2SE) အားထပ်မံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

Certified Java Pragrammer(J2SE) Course သည် C, C++ နှင့် Programming Concept ကို သိရှိပြီးသူများ အနေဖြင့် Java Programming Language ကို စိတ်ဝင်စား၍ လေ့လာသင်ယူချင်ပါက တက်ရောက်သင့်သော သင်တန်းဖြစ်သည်။

ဤသင်တန်းတွင် OOP သဘောတရားများကို အသေးစိတ်သင်ကြားပေးခြင်း၊ Java ၏ Advanced Features များဖြစ်သည့် Collection Framework အောက်၌ပါဝင်သော Classes နှင့် Interfaces များ၊ Multithreading Program များ သင်ကြားခြင်း၊ HTML Page များတွင် Java Applet Class ထည့်သွင်း အသုံးပြုပုံကို သင်ကြားပေးခြင်း၊ Network Program များရေးသားခြင်း၊ User Interface ပါဝင်သော GUI Application Program များကို Database နှင့် ချိတ်ဆက်၍ ရေးသားပုံကို သင်ကြားပေး ခြင်း စသည်ဖြင့် များစွာသော Java ၏ စိတ်ဝင်စားဖွယ်ရာ အကြောင်းအရာ များကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်သည်အထိ စနစ်တကျ သင်ကြားပေးမည် ဖြစ်ပါသည်။

သင်တန်းတက်ရောက်နေစဉ် အတွင်း Module တစ်ခုပြီးတိုင်း Quizz များဖြေဆိုစေခြင်း၊ Assignment များကို ကိုယ်တိုင်ရေးသားစေခြင်း၊ Exam များ ဖြေဆိုစေခြင်းတို့အပြင် သင်တန်းကာလအားလုံးပြီးဆုံးပါက Database နှင့် ချိတ်ဆက်၍ Class Project တစ်ခုကို တစ်ယောက်ချင်းစီ ရေးသားစေခြင်းတို့ကို ပြုလုပ်စေ ခြင်းဖြင့် သင်တန်းသားများအား ပိုမိုကျွမ်းကျင်တတ်မြောက်စေမှာ ဖြစ်ပါသည်။ သင်တန်းကာလမှာ ၄လ ခန့် ကြာမြင့်မည် ဖြစ်သည်။

၎င်းသင်တန်းအား IT နယ်ပယ်တွင် Java Programmer တစ်ယောက်အဖြစ်ရပ်တည်လိုသူများ၊ နိုင်ငံရပ်ခြားတွင် IT နည်းပညာများကို ဆက်လက်သင်ယူလိုသူများ၊ ကွန်ပျူတာတက္ကသိုလ် နှင့် နည်းပညာတက္ကသိုလ်များမှ ကျောင်းသား၊ကျောင်းသူများ အားလုံးအတွက် အထူးသင့်လျော်သောသင်တန်း ဖြစ်ပါသည်။

ယင်းသင်တန်းအား လူဦးရေကန့်သတ်ထားသဖြင့် ကြိုတင်စာရင်း ပေးသွင်းရမည် ဖြစ်သည်။ စိတ်ပါဝင်စားသူများ အနေဖြင့် Myanmar WWW Institute (M3WI) သင်တန်းတည်ရှိရာ အဆောင် (၅)၊ အခန်း (၄)၊ မြန်မာအင်ဖိုတက်(ခ်)၊ လှိုင်တက္ကသိုလ် များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၆၅၂၂၈၈ ၊ ၅၂၁၁၂၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိုင်စီတီ ဂျာနယ်
MYANMAR ICT JOURNAL
Volume 2, Issue 4

**Earth Mechanics, Inc.**
Geotechnical and Earthquake Engineering


17660 Newhope Street, Suite E,
Fountain Valley, CA 92708
(714) 751-3826, Fax (714) 751-3928


# Earthquake Engineering Basic Course


By Hubert Law (ဒီးကို)


နေပြည်တော်တွင် ဂန်ကြီးဌာနနစ်ခုကို Technical Presentation လုပ်ပေးခဲ့တဲ့ Earthquake Engineering Basic Theory နှင့် Fundamental များအကြောင်းကို အချိန်တိုအတွင်း လေ့လာသင်ယူနိုင်ရန် ဖော်ပြပေးခြင်း ဖြစ်ပါသည်။ ယခုသင်ခန်းစာကို အမေရိကမြန် Earthquake Engineer (Hubert Law, ဆရာ ကိုဒီးကို)မှ သင်ကြားပို့ချခြင်းဖြစ်ပြီး Mr. Lawသည် PHD in Civil Engineering Degree, Specialized in Earthquake Engineering ဘွဲ့တို့ကို ရရှိခဲ့သူတစ်ဦး ဖြစ်သည်။ ဆရာကိုဒီးကို၏ ခွင့်ပြုချက်အရ ယခု သင်ခန်းစာကို အပတ်စဉ် ဖော်ပြပေးခြင်းလည်း ဖြစ်ပါသည်။


## Topic 6: **Liquefaction**









**CARTOON BY**

စမ်းချောင်း
ကိုကိုအောင်



# Canada နိုင်ငံ Memorial University နှင့် ချိတ်ဆက်မည့် ပြည်တွင်း University Foundation Programmes




Image Credit: 1.bp.blogspot.com

မြန်မာကျောင်းသား၊ ကျောင်းသူများ အတွက် ပြည်တွင်းတွင်စရိတ်ကုန်ကျမှု သက်သာစွာဖြင့် University Foundation Programme များကို တက်ရောက် သင်ကြားနိုင်ရန် RVi Imstitute နှင့် Canada နိုင်ငံမှ Memerial University တို့ ချိတ်ဆက်ရန် သဘောတူ လက်မှတ် ရေးထိုးခဲ့ကြပြီ ဖြစ်သည်။

၎င်း Memorial University သည် ၁၉၂၅ ခုနှစ်ကပင် College အနေနှင့် စတင်ထူထောင်ခဲ့ပြီး ၁၉၄၉ ခုနှစ်တွင် တက္ကသိုလ်အဆင့်သို့ တိုးမြှင့်နိုင်ခဲ့သည်။ ကနေဒါ နိုင်ငံအရှေ့ပိုင်း တွင် အကြီးဆုံး University တစ်ခုဖြစ် ပါသည်။ ကျောင်းသားကျောင်းသူပေါင်း (၁၈၀၀၀) ခန့်အား (Arts, Business, Education, Engineering, Medicine နှင့် Science) စသည့် ဘာသာရပ်များတွင် Certificate Level, Diploma Level များဖြင့် သင်ကြားပေးလျက်ရှိပြီး ( Graduate Studies များ၊ Music ၊ Nursing Pharmacy၊ Human Kinetics and Recreation and Social Work) စသည့် ဘာသာရပ်ကိုလည်း Schools များဖြင့် သင်ကြားပေးလျက် ရှိပါသည်။

Noth America ရှိ St John's City သည် Memorial University ၏ အကျယ်ပြန့်ဆုံး ကျောင်းဝန်းဖြစ်ပြီး ရိုးရာ ဓလေ့မပျက် သဘာဝ ပတ်ဝန်းကျင် ကောင်းများဖြင့် လုံခြုံစိတ်ချရသော နေရာကောင်းတစ်ခု ဖြစ်ပါသည်။ Canada နိုင်ငံ၏ ထိပ်တန်းတက္ကသိုလ်(၅) ခုတွင် ပါဝင်သည့် ကျောင်းတစ်ခု ဖြစ်ကြောင်း၊ Business Degree ကို ပေးနိုင်သည့် Canada ၏ International ကျောင်း(၃) ကျောင်းတွင်လည်း အပါ အဝင်ဖြစ်ကြောင်း သိရှိရပါသည်။

၎င်းသည် မြန်မာနိုင်ငံမှ RVi Institute နှင့် ချိတ်ဆက်ပြီး University Foundation Programmes များကို ဖွင့်လှစ်သင်ကြား တော့မည် ဖြစ်ပါသည်။
ကျောင်းဝင်ခွင့်အတွက် လိုအပ်ချက်များမှာ-

IGCSE Certificate: Average Grade B
IELTS Certificate: Average Band Score
TOFEL Certificate: IBT 79
OR Other Equivalent Test Score တို့ ရှိရမည် ဖြစ်သည်။ Pathway IGCSE/ IELTS/TOFEL Score
2 years Canadian Diploma In Myanmar
2 years MBA In Canada
အဆင့်ဆင့်သင်ကြားပြီး Business ဘွဲ့များကို ရယူနိုင်မည် ဖြစ်ပါသည်။

သင်တန်းကြေးများမှာလည်း အခြား Canadian University များနှင့် USA, UK, Australian University များထက် ချိုသာသော နှုန်းဖြင့် USD.9,045/ year ဖြင့် Memorial University တွင် သင်ယူနိုင်မည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

အသေးစိတ်သိရှိလိုပါက RVi Institue သို့ ဖုန်းနံပါတ် ၅၃၅၄၃၃၊ ၅၄၁၈၈၆၊ ၂၄၂၄၄၁၀၊ ၀၉-၈၇၆၂၉၁၁၊ ၀၉-၅၀၅၅၉၅၇ တို့ကို ဆက်သွယ် စုံစမ်း မေးမြန်း နိုင်ပါသည်။



အိုင်စီတီ ဂျာနယ် MYANMAR ICT JOURNAL
Volume 2, Issue 4

# University of South Florida (USF), USA- Tier 1Very High Research Activity University

University of South Florida (USF) ကို ၁၉၅၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်(Florida) ရှိ လုပသာယာပြီး ရာသီဥတု အပူချိန်မျှတသည့် တမ်ပါ(Tampa) မြို့တွင် တည်ထောင်ခဲ့ပါသည်။ University of South Florida (USF) သည် အမေရိကန်ပြည်ထောင်စုတွင် အကောင်းဆုံးသုတေသန တက္ကသိုလ်များဖြစ်သော ထိပ်တန်းတက္ကသိုလ်များသာပါဝင်သည့် သုတေသနအမြင့်ဆုံး Tier 1 အဆင့်ဝင်တက္ကသိုလ်အဖြစ် သတ်မှတ်ထားသည့်အပြင် ၂၀၁၂ခုနှစ်တွင် National Science Foundation မှ Top 50 Research University in the U.S အဖြစ် အသိအမှတ်ပြုခြင်း ခံရသည့် တက္ကသိုလ်တစ်ခု ဖြစ်ပါသည်။ ၂၀၁၁ခုနှစ်တွင် သုတေသနအတွက် အသုံးပြုရန် အမေရိကန်ဒေါ်လာသန်းပေါင်း(၃၉၄)ကျော်ကို ထောက်ပံ့ကြေး ရရှိခဲ့ပါသည်။

USF တည်ရှိရာ Tampa မြို့၏ နေထိုင်စားသောက်ကုန်ကျစရိတ်မှာလည်း အလွန်သက်သာသည့်အပြင် ရာသီဥတုမှာလည်း နေထိုင်ရန် ကောင်းမွန်သောကြောင့် မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း(၁၅၇)မှ ကျောင်းသူကျောင်းသားများတက်ရောက်နေ သော University of South Florida (USF) တွင် ကျောင်းသူကျောင်းသားပေါင်း(၄၇,၂၁၄) ယောက်တက်ရောက်ပညာသင်ယူ၊ ဆည်းပူးလျက်ရှိရာ Undergraduate Program ကို လေ့လာနေသူ (၃၅,၇၉၉) ယောက်၊ Graduate Program ကိုလေ့လာနေသူ (၈,၈၈၃) ယောက်၊ Doctor of Medicine ကို လေ့လာနေသူ (၄၉၉) ယောက်၊ နိုင်ငံတကာမှ ကျောင်းသူကျောင်းသားပေါင်း(၁,၇၄၅) ယောက်နှင့် အခြားကျောင်းသူ၊ ကျောင်းသားများ တက်ရောက်လျက်ရှိပါသည်။

University of South Florida (USF) ကို College of Arts & Sciences, College of The Arts, College of Behavioral & Community Sciences, College of Business, College of Education, College of Engineering, Honors College, College of Marine Sciences, College of Medicine, College of Nursing, College of Pharmacy, College of Public Health, University College စသည့်ကောလိပ်ပေါင်း(၁၃) ခုဖြင့် ဖွဲ့စည်းထားပါသည်။ USF တွင်(89) Bacalaureate Degre-es, (97) Master's Degree, (2) Specialist Degrees, (43) Doctoral Programs, (1) MD Program စသော ဘွဲ့ရဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိပါသည်။

University of South Florida (USF) သည် ဧကပေါင်း(၁,၅၆၁)ကျော်ကျယ်ဝန်းပြီး၊ ကျောင်းသားအဖွဲ့အစည်းပေါင်း(၅၇၅)ဖွဲ့ ကျော်ရှိသည့်အတွက် နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများသည် USF တွင် မိမိတို့၏ ဘဝရှေ့ရေးအတွက် အကောင်းဆုံးသော အမေရိကန်တက္ကသိုလ်ပညာရေးကို လေ့လာသင်ယူရရှိနိုင်မည်ဖြစ်သည်။ USF ၏ကျောင်းသူ၊ ကျောင်းသားများသည် လေ့လာသင်ကြားမှုများတွင် သုတေသနများ ထက်သန်စွာ ပါဝင်ဆောင်ရွက်ကြသကဲ့သို့၊ အားကစားနှင့် လူမှုရေးကဏ္ဍများတွင်လည်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားကြပါသည်။

USF သို့ တက်ရောက်လိုသော မြန်မာနိုင်ငံမှ ကျောင်းသူ၊ကျောင်းသားများအတွက် ဝင်ခွင့်သတ်မှတ်ချက်မှာ မြန်မာနိုင်ငံ အခြေခံပညာအထက်တန်းအောင် (သို့မဟုတ်) iGCSE အောင်မြင်ထား၍ TOEFL iBT (60) နှင့်အထက်(သို့မဟုတ်)IELTS(5.5) အနည်းဆုံး ရရှိထားသူများအနေဖြင့် SAT အမှတ်မလိုဘဲ တက်ရောက်နိုင်မည်ဖြစ်သည်။ ဘွဲ့ရပြီး၍ ဘွဲ့လွန်အတွက် တက်ရောက်လိုသူများအနေဖြင့် TOEFLiBT(65) နှင့်အထက် (သို့မဟုတ်) IELTS(5.5) နှင့် အထက်ရရှိထားသူများ GRE/GMAT အမှတ်မလိုဘဲ Graduate Pathway မှ တက်ရောက်နိုင်မည်ဖြစ်သည်။

နိုင်ငံတကာမှ ကျောင်းသူ၊ ကျောင်းသားများအတွက် အဆင်ပြေနိုင်စေရန် ကျောင်းဖွင့်ချိန်များကို ၂၀၁၃ခုနှစ်မှစ၍ ကျောင်းဖွင့်ချိန်(၃) ချိန် ဖွင့်လှစ်ပေးထားပါသည်။ ကျောင်းဖွင့်ချိန်များမှာ ဇန်နဝါရီလ၊ မေလနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ University of South Florida သို့ ကျောင်းလျှောက်ထားလိုသူများသည် University of South Florida ၏ မြန်မာနိုင်ငံ တစ်ဦးတည်း ကိုယ်စားလှယ်ဖြစ်သော Regent Consultancy Services မှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။ ကျောင်းလျှောက်ထားရာတွင် မိမိ၏ ပညာရေးဆိုင်ရာ စာရွက်စာတမ်းများ၊ အင်္ဂလိပ်စာအရည်အချင်းစစ်မှတ်တမ်းများနှင့်တကွ လျှောက်ထားရမည်ဖြစ်သည်။ ကျောင်းလျှောက်ထားခြင်းသာမကပဲ ပညာရေးအတွက် ဆွေးနွေးလိုသူများ Regent Consultancy Services, အမှတ်ဘီ(၁၃+၂၃)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊ နာနတ်တောလမ်း (ရွှေကောင်းဟော့ပေါ့အရှေ့)၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း(၀၁-၅၀၀၀၅၄၊ ၀၉-၅၀၁၃၉၈၇၀၊ ၀၉-၇၃၂၀၅၃၃၃) သို့ဆက်သွယ်၍ ဆွေးနွေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။



Image Credit: via blog.intohigher.com




# Engineering Diploma တက်ရောက်လိုသူများ STUDY ABROAD မှတစ်ဆင့် April (2013) Intake အမီ လျှောက်ထားနိုင်ပြီ

Singapore နိုင်ငံတွင် Engineering ဘာသာရပ်ကို တက်ရောက်လိုသူ ကျောင်းသူ၊ ကျောင်းသားများအနေနှင့် PSB Acdemy ၏ Diploma In Engineering ဘာသာရပ်ကို April (2013) ကျောင်းဖွင့်ချိန်အမီ February လ တတိယပတ် နောက်ဆုံးထားပြီး STUDY ABROAD မှတစ်ဆင့် ကျောင်းလျှောက်နိုင်ပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

PSB Academy ၏ Engineering ဘာသာရပ်တွင် Diploma In Electrical Engineering ဘာသာရပ်နှင့် Diploma In Mechanical Ebgineering ဘာသာရပ်(၂) မျိုးကို ရွေးချယ်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ကျောင်းလခအနေနှင့် SGD 16,253.30 ကုန်ကျမည် ဖြစ်ပါသည်။ Diploma တက်ရောက်ပြီးသူကျောင်းသူ၊ ကျောင်းသားများအနေနှင့်လည်း Bachelor of Engineering ဘာသာရပ်ကို တိုက်ရိုက် ဆက်လက်တက်ရောက်နိုင်မည် ဖြစ်ပါသည်။

ဝင်ခွင့်လိုအပ်ချက်များအနေနှင့် တက္ကသိုလ်ဝင်တန်းအောင် (သို့) GCE O Level (5) ဘာသာဖြေဆိုအောင်မြင်ပြီးသူများအနေနှင့် လျှောက်ထားနိုင်မည် ဖြစ်ပါသည်။ အင်္ဂလိပ်စာလိုအပ်ချက်အနေနှင့် IELTS (5.5) (သို့) TOEFL (550) ရှိရန်လိုအပ်ပါသည်။

April Intake အမီ ကျောင်းလျှောက်ထားမည့် ကျောင်းသူ၊ ကျောင်းသား များအနေနှင့်လည်း STUDY ABROAD ၏ မေတ္တာလက်ဆောင် Welcome Pack ဖြစ်သော SIM Card, Ezlink Card, Free Medical Check Up တို့ကို ရရှိနိုင်မည့်အပြင် Free Accomodation Arrangement နှင့် Free Translation Service တို့ကိုပါ စီစဉ်ဆောင်ရွက်ပေးသွား မည် ဖြစ်ပါသည်။

အထက်ပါအကြောင်းအရာများနှင့် ပတ်သက်ပြီး အသေးစိတ် စုံစမ်းသိရှိလိုသည်များရှိပါက STUDY ABROAD Information Centre ဒိုင်းမွန်းကွန်ဒို၊ တိုက်(အေ)၊ (၁၁ လွှာ)၊ အခန်းအမှတ် (၁၁၀၃)၊ ပြည်လမ်း၊ (မေတ္တာဦးဆေးခန်းအနီး)၊ ကမာရွတ်မြို့နယ်။ ဖုန်း- ၀၉၅၁၅၁၀၀၈ နှင့် ၀၉၇၃၂၄၂၄၀၄ သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပြီ ဖြစ်ပါသည်။




# Utilities Folder ထဲမှာ ဖွက်ထားတဲ့ Voice Memos App

iGeek

iPhone အသုံးပြုသူ အများစု သတိမထားမိကြတဲ့ မည်သည့် နေရာမဆို အသံများကို သွင်းယူထားနိုင်တဲ့ Voice Memos App လေးပါ။ iOS မှာ Android OS တွေမှာလို Incoming Calls တွေရဲ့ စကားဝိုင်းကို ဖုန်းထဲမှာ အသံဖမ်းပြီး သွင်းယူလို့ မရပါဘူး။

သို့ပေမယ့် အစည်းအဝေး ခန်းမထဲမှာ မိန့်ခွန်းတွေကို အသံဖမ်းယူပြီး Reference အနေဖြင့် နောက်မှ ပြန်လည်နားထောင်ဖို့အတွက် သိမ်းဆည်းထားချင်သည်ဖြစ်စေ၊ Lectureတွေ၊ Tutorial တွေကို Record လုပ်ပြီး ထပ်ခါထပ်ခါ ပြောစရာမလိုတော့ဘဲ Recording Message ကိုပဲ ဖွင့်ပြချင်သည် ဖြစ်စေ၊ Interview စကားဝိုင်းကို အသံသွင်း ယူထားချင်သည် ဖြစ်စေ Voice Memos ဟာ လွန်စွာ အသုံးဝင်တဲ့ App လေး ဖြစ်ပါတယ်။

၎င်းရဲ့ အင်တာဖေ့စ်ကလည်း အလွန်အမင်း ရှင်းလင်းသည့်အတွက်ကြောင့် အသုံးပြုရ လွယ်ကူပါတယ်။ App လေးကို ဖွင့်လိုက်သည်နှင့် မိုက်ခရို ဖုန်းနှင့် ခလုတ်ကလေး နှစ်ခုကို တွေ့ရမှာပါ။ ဘယ်ဘက်က အနီရောင် အဝိုင်းကလေးကတော့ အသံဖမ်းဖို့ Universal Record Icon လေး ဖြစ်ပြီး နှိပ်လိုက်သည်နှင့် ပတ်ဝန်းကျင်မှာရှိသည့် အသံများအားလုံးကို ဖမ်းယူပေးပါလိမ့်မည်။ ညာဘက်မှ ခလုတ်ကလေးကတော့ Archive တွေဖြစ်တဲ့ သင့် iPhone ရဲ့ Storage နှင့် ဂန်ဆန့်သလောက် သွင်းထားသည့် Voice Memos များကို ပြန်လည် နားထောင်ဖို့ ဖြစ်ပါတယ်။

# iPhone နဲ့ပဲ အမှတ်တရ ဓာတ်ပုံတွေကို ရိုက်ပါတယ် ဆိုသူများအတွက် Epson Artisan 837

iGeek




အိုင်စီတီ ခေတ်ကြီးထဲမှာ အိုင် (c) ချစ်သူများကလည်း နေရာတိုင်းဆိုသလို အိုင်ဖုန်း(iPhone) တကားကားနဲ့ ဓာတ်ပုံရိုက်နေကြတာ သတိထားမိမှာပါ။ သို့ပေမယ့် ရိုက်ကူးထားတဲ့ အမှတ်တရ ဓာတ်ပုံများကို ကွန်ပျူတာ ထဲ အရင်ထည့် ပြောင်းရွှေ့၊ ဓာတ်ပုံကူးဆိုင် ပို့နဲ့ အလုပ် အရမ်းရှုပ်နေတယ် ဆိုရင်တော့ ဒီ Epson လေးကို ပြေးမြင်ကြည့်လိုက်ပါ။

Epson ဆိုတာလည်း Printer လောကမှာ ထိပ်ဆုံးမှာ ရပ်တည်နေတဲ့ ကုမ္ပဏီတစ်ခု ဖြစ်ပြီး ယခုတင်ဆက်ပေးတဲ့ Artisan စီးရီးက iPhone အတွက်တင် မဟုတ်ဘဲ ကြိုက်တဲ့ ကွန်ပျူတာနှင့် လည်း အသုံးပြုလို့ ရပါတယ်။ Ethernet ကြိုးချိတ်ပြီး Print ထုတ်လို့ရသည့်အပြင် Wireless ကြိုးမဲ့ လေပေါ်မှဂဲကာ ဓာတ်ပုံ ထုတ်လို့ရအောင် စီစဉ်ပေးထားသည့် အတွက်ကြောင့် Desktop PC အတွက်တင်မကဘဲ iPhone Camera ချစ်သူများအတွက်လည်း အလွန်အဆင်ပြေစေမှာပါ။ လက်ဖဝါးလောက် ကျယ်ပြန့်တဲ့ LCD Touch Screenကို ထည့်သွင်းပေးထားပြီး 4x6 ဓာတ်ပုံတွေကို Print ထုတ်ပေးတဲ့နှုန်းဟာ ကမ္ဘာပေါ်မှာ အမြန်ဆုံးလို့ ဆိုထားသည့် ဓာတ်ပုံအရည်အသွေးဟာ ဆိုင်မှာ ထုတ်သည်ထက် ကောင်းသည်ဟုလည်း သိရပါတယ်။

All-In-One ဖြစ်သည့်အတွက်ကြောင့် Printer အပြင် Fax၊ Scanner တို့ ပါဝင်သည့် အတွက်ကြောင့် အပြေးသာ ရွေးဝယ်လိုက်ပါတော့လို့ iDevice ချစ်သူများနှင့်အတူ ဈေးနှုန်းသက်သာစွာဖြင့် အဆင့်မြင့် Printer ရှာဖွေနေသော အိုင်စီတီ ချစ်သူများထံ မျှဝေပေးလိုက်ပါတယ်။

## ASUS Road Show 2013




Asus Tek Computer Inc. နှင့် Golden Power Technology Co., Ltd. တို့ ပူးပေါင်းကျင်းပသည့် Asus Road Show 2013 Q (1) ပွဲကို ၁၆.၁.၂၀၁၃ ရက်နေ့က Traders Hotel တွင် ကျင်းပခဲ့ပါသည်။ ၎င်း အခမ်းအနားသည် မြန်မာနိုင်ငံ တစ်ဝှမ်းလုံးမှ ရောင်းအား အကောင်းဆုံး ကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်ခြင်း နှင့် Asus Product များကို 3 Day Promotion စံနစ်ဖြင့် ၁၈.၁.၂၀၁၃ ရက်နေ့ အထိ ရောင်းချပေးခြင်း တို့ကို ရည်ရွယ်လျက် ပြုလုပ်ခြင်း ဖြစ်ပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ Golden Power Technology Co., Ltd. မှ Director ဦးသန့်စင်ထွေး မှ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး၊ Asus Tek Conputer Inc.မှ Country Manager များ ဖြစ်ကြသော Mr. Henery နှင့် Mr. Monthee တို့မှလည်း အရောင်းကိုယ်စားလှယ်ကြီးများအား ကျေးဇူးတင်နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ Asus Product များ အကြောင်းကို ဓါတ်ပုံဆလိုက်များဖြင့် ရှင်းလင်းပြသခြင်း တို့ကို ပြုလုပ်ခဲ့ပါသည်။ Asus မှ (၃)နှစ်အာမခံဖြင့် ရောင်းချမည်ဖြစ်သော Notebook များ ကိုလည်း Model များမှ ကိုင်ဆောင်ပြသခြင်း နှင့် Golden Dragon Dancer အဖွဲ့မှ ကပြဖျော်ဖြေသော အစီအစဉ်များလည်း ပါဝင်ခဲ့ပါသည်။ ထို့နောက် မြန်မာပြည် တစ်ပှမ်းမှ ရောင်းအားအကောင်းဆုံး ကိုယ်စားလှယ်ကြီးများအား ဆုချီးမြှင့်ခြင်း အစီအစဉ် အပါအဝင်၊ အခမ်းအနား တက်ရောက်သူများအတွက် ပျော်ရွှင်ဖွယ်ရာ Lucky Draw အစီအစဉ်များဖြင့် စည်ကား သိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရှိရပါသည်။

# Professional English Language Teacher တစ်ယောက်အဖြစ် အသက် (၇)နှစ်မှ (၁၂)နှစ် အရွယ် ကလေးငယ်များကို စာသင်ကြားရန် စိတ်ဝင်စားသူများအတွက် သင်တန်း

အဆိုပါ သင်တန်းတွင် MS.Hla Nu Tun, M.A. (TEFL) Yangon Institute of Education, Certificate in TESOL (TEFL International Thailand) မှ ကိုယ်တိုင် ဦးစီးသင်ကြားပေးမည်ဖြစ်ပြီး၊ American ဆရာမများဖြစ်သော Ms. Linda Doeden, Ph.D Candidate, Biola University, California USA, M.Ed. Lee University, Tennessee, USA B.S. (Biology Education), Southwest State University, Minnesota, USA နှင့် Ms.Barbara Kindschi, M.A. TESOL, Azusa Pacific University, California, USA B.S. K-12 Education, San Diego State University, California, USA တို့က ပါဝင်အားဖြည့် ကူညီပေးမှာ ဖြစ်ပါတယ်။ သင်တန်းစမည့်ရက်မှာ Young Learners Teachers Training Course Part I, 11th February 2013 to 10th April 2013, ဖြစ်ပြီး Young Learners Teachers Training Course Part II, 22nd April 2013 to 22nd June 2013 တို့ ဖြစ်ပါတယ်။ သင်တန်းအချိန်မှာ မနက်ပိုင်း ၉း၀၀ မှ ၁၂း၀၀ နာရီ (သို့) ညနေပိုင်း ၅း၀၀ နာရီမှ ၈း၀၀ နာရီအထိ ဖြစ်ပါတယ်။ သင်တန်း တက်ရောက်ရမည့် နေရာမှာ Business Institute Yangon (BIY), 236 (D), Dhammazedi Road, Bahan Township, Yangon. အ.ထ.က (၁) ဗဟန်းကျောင်းရှေ့၊ စက်ဘူသံရုံး နှင့် Market Place အနီးတွင် ဖြစ်ပါတယ်။ Phone No : 09-731-720-70/ 09-421-174-156, 09-862-887-8, 09-732-237-77, Email: hlanutun@businessinstituteygn.com သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

အိုင်စီတီ ဂျာနယ်
Volume 2, Issue 4
MYANMAR ICT JOURNAL

# ယာဉ်အန္တရာယ် ကင်းဝေးစေဖို့ မော်တော်ကားထဲမှာ iPhone အသုံးပြုပုံ နည်းလမ်းများ

iGeek

ပြည်တွင်းမှာ ကားအသစ်တွေ ဘယ်လောက်ပဲ များလာပါစေ၊ ကားမောင်းနေရင်း မိမိ မိုဘိုင်းလ် ဖုန်းထဲမှ သီချင်းတွေကို ကားထဲမှာ ပါလာတဲ့ စပီကာနှင့် ဘယ်လို နားထောင်ရမလဲ၊ ဖုန်းကိုင်စရာ မလိုပဲ ဘယ်လို စကားပြောရမလဲ ဆိုတာ များသောအားဖြင့် အခက်တွေ့နေကြတုန်းပါပဲ။

မော်တော်ကားဆိုတဲ့အတိုင်း မော်ဒယ်လ်တွေက အမျိုးမျိုး ရှိသလို ပါဝင်လာတဲ့ Entertainment Systemကလည်း မတူပါဘူး။ ကက်ဆက်တိတ်ပဲ ပါတဲ့ ကားများလည်း ပြည်တွင်းမှာ ရှိသေးသလို၊ CD/DVD တို့၊ AUX အပေါက်ခေါ် နားကျပ်ကြိုး ထိုးလို့ရတဲ့ အပေါက်ပါသည့် ကား အသစ်များစွာ ရှိလာကြပါတယ်။ ဆေးလိပ် မီးတို့သည့် ခွက်ကတော့ ဘယ် ကားမှာ မဆို ပါဝင်ပါတယ်။ ထို့ကြောင့် ဒီတစ်ပတ်မှာတော့ ဖော်ပြပါ ကားထဲမှာ ပါဝင်လာတဲ့ ပစ္စည်းများကို iPhone လည်းပိုင် ကားလည်းပို ဆိုသူများအတွက် လမ်းမပေါ်မှာ iPhone သုံးနေရင်း အန္တရာယ် မဖြစ်စေဖို့အတွက် မည်သို့ မည်ပုံ အကျိုးရှိစွာ အသုံးချနိုင်သည်ဆိုသည့် iPhone Car Accessoriesများကို တင်ပြပေးသွားပါမယ်။

## ကက်ဆက်တိတ် လက်မလွှတ် နိုင်သေးသူများ အတွက် Griffin DirectDeck HandsFree Cassette Adapter




ပြည်တွင်းမှာ ကားအသစ်တွေ ဘယ်လောက်ပဲ များလာပါစေ၊ ကားမောင်းနေရင်း မိမိ မိုဘိုင်းလ် ဖုန်းထဲမှ သီချင်းတွေကို ကားထဲမှာ ပါလာတဲ့ စပီကာနှင့် ဘယ်လို နားထောင်ရမလဲ၊ ဖုန်းကိုင် စရာ မလိုပဲ ဘယ်လို စကားပြောရမလဲ ဆိုတာ များသောအားဖြင့် အခက်တွေ့နေကြတုန်းပါပဲ။

မော်တော်ကားဆိုတဲ့အတိုင်း မော်ဒယ်လ်တွေက အမျိုးမျိုး ရှိသလို ပါဝင်လာတဲ့ Entertainment Systemကလည်း မတူပါဘူး။ ကက်ဆက်တိတ်ပဲ ပါတဲ့ ကားများလည်း ပြည်တွင်းမှာ ရှိသေးသလို၊ CD/DVD တို့၊ AUX အပေါက်ခေါ် နားကျပ်ကြိုး ထိုးလို့ရတဲ့ အပေါက်ပါသည့် ကား အသစ်များစွာ ရှိလာကြပါတယ်။ ဆေးလိပ် မီးတို့သည့် ခွက်ကတော့ ဘယ် ကားမှာ မဆို ပါဝင်ပါတယ်။ ထို့ကြောင့် ဒီတစ်ပတ်မှာတော့ ဖော်ပြပါ ကားထဲမှာ ပါဝင်လာတဲ့ ပစ္စည်းများကို iPhone လည်းပိုင် ကားလည်းပို ဆိုသူများအတွက် လမ်းမပေါ်မှာ iPhone သုံးနေရင်း အန္တရာယ် မဖြစ်စေဖို့အတွက် မည်သို့ မည်ပုံ အကျိုးရှိစွာ အသုံးချနိုင်သည်ဆိုသည့် iPhone Car Accessoriesများကို တင်ပြပေးသွားပါမယ်။




## နားကျပ်အပေါက်ကလေးပါတယ်ဆိုတဲ့ ကားများ အတွက် CarAudio Connect AUX

သင့်ရဲ့ ကား Entertainment စံနစ်မှာ ၃.၅ မီလီမီတာ Audio jackလို့ခေါ်တဲ့ နားကျပ်ထိုးလို့ ရတဲ့ အပေါက်ကလေးပါတယ် ဆိုရင်တော့ ဒီ Car Audio Connect AUXက သင့်အတွက် ဖြစ်မှာပါ။ အော်ဒီယို ကြိုးနှင့် တိုက်ရိုက် ချိတ်ဆက်ပြီး ကက်ဆက်တိတ်ကနေ တစ်ဆင့်ခံပြီး အသံထုတ်လွှင့်သည် မဟုတ်သည့် အတွက်ကြောင့် အသံပိုင်းဆိုင်ရာကတော့ ပြောစရာ လိုမယ် မထင်ပါဘူး။ ဒီ ပစ္စည်းလေးနှင့် iPhoneမှ ထွက်နိုင်တဲ့ အသံမျိုးစုံကို နားထောင်လို့ ရသည့်အပြင် တယ်လီဖုန်း ခေါ်ဆိုမှုလည်း ပြုလုပ်နိုင်ပါတယ်။ ထို့အပြင် ဆေးလိပ်မီးတို့တဲ့ အပေါက်မှာ မီးတို့သည့် အရာလေးကို ဖြုတ်ပြီး ဒီအပို ပစ္စည်းလေးနှင့် တပါတည်း ပါဝင်လာသည့် USBနှင့် အားဖြည့်နိုင်သည့် Chargerလေးကိုပါ တပ်ဆင် အသုံးပြုနိုင်သည့် အတွက်ကြောင့် ခရီးဝေးသွားရင်း၊ သီချင်းနားထောင်ရင်း သင့်ရဲ့ iPhone ဘတ္တရီ ကုန်မှာ ကြောက်စရာ မလိုတော့ပါဘူး။

Belkinမှ ထုတ်လုပ်တာဖြစ်ပြီး မြန်မာကျပ်ငွေ ၉၀,၀၀၀ ဝန်းကျင်လောက် ကျသင့်မှာပါ။

## စပီကာလည်း မရှိဘူးလို့ ပြောလာသူများအတွက် Jabra Tour




တစ်ချို့ကားတွေမှာက စပီကာကြိုးလွတ်နေတာတို့၊ ပြင်ရမှာ ဈေးကြီးလို့ အချိန်မရသေးလို့ မပြင်ဖြစ်သေးတာတို့ အမျိုးမျိုးသော အကြောင်းကြောင်းတွေကြောင့် သင့်ကားထဲမှာ iPhoneကို အသုံးမချနိုင်ဘူးလို့တော့ မထင်လိုက်ပါနဲ့။ ဒီ Jabra Tourလေးဟာ ၄၀ မီလီမီတာ ရှိတဲ့ HD အရည်အသွေး ထုတ်လွှတ်နိုင်တဲ့ စပီကာ အသေးစားလေးပါလာပြီး၊ ဘေးပတ်ဝန်းကျင်မှ ဆူညံမှုအသံများကိုပါ ဖယ်ထုတ်ပေးနိုင်တဲ့ HD Voice မိုက်ခရိုဖုန်းလေး ပါရှိသည့်အတွက်ကြောင့် သီချင်းနားထောင်မလား၊ ခေါ်ဆိုမှုတွေ ပြုလုပ်မလား အဆင်ပြေစေမှာပါ။ သေးငယ်ပေါ့ပါးတဲ့ပြီး ကလစ်ပါလာသည့် အတွက်ကြောင့် ကားစတီယိုင်ပေါ်က နေကာမှာ ချိတ်ထားရင်လည်း အဆင်ပြေစေသည့်အပြင် USB ကြိုးနဲ့ အားဖြည့်သွင်းနိုင်ပါသေးတယ်။ ထို့အပြင် သင် GPSနဲ့ မြေပုံကြည့် ခရီးသွားလို့ ရတဲ့နိုင်ငံမျိုး ရောက်ရှိနေသည် ဆိုရင်လည်း ကားပိုင်ရှင် ဖြစ်စရာ မလိုပဲ မြေပုံမှ လမ်းညွှန်မှုများကို ဒီ အပိုပစ္စည်းလေးမှ တစ်ဆင့် လမ်းလျှောက်ရင်း အိတ်ကပ်ထဲမှာ ချိတ်ထားကာ ကြားနိုင်သည့်အပြင် iPhoneမှာ ပါလာတဲ့ Siri လိုမျိုး အသံနှင့် စေခိုင်းနိုင်တဲ့ App ကိုလည်း ၎င်းရဲ့ မိုက်ခရိုဖုန်းမှ တစ်ဆင့် အသုံးပြုနိုင်ပါသေးတယ်။ မြန်မာကျပ်ငွေ တစ်သိန်း ဝန်းကျင်ခန့် ရှိပါတယ်။


## မြန်ဆန်တဲ့ အင်တာနက်




http://www.speeditupfree.com

